
www.burmeseclassic.com

# သွေးနက္ခတ်ရှင်

## ဒူကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၈၇၀၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၂၂၀၃၁၀ |
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင်<br>(အိပ်မက်အသစ်စာပေ)<br>၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊<br>တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မြင့်ဝင်း<br>(ကာလာစုန်ပုံနှိပ်တိုက်)<br>၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)<br>ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - | Dattha Giri |
| ပုံနှိပ်ခြင်း | - | ပဌမအကြိမ်<br>ဧပြီ၊ ၂၀၁၀ ခုနှစ်၊ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

၈၉၅.၈၃
ဒဂုန်ကျော်စွာ
သွေးနက္ခတ်ရှင် / ဒဂုန်ကျော်စွာ ။ - ရန်ကုန်
အိပ်မက်အသစ်စာပေ ၊ ၂၀၁၀။
၁၇၈ - စာ၊ ၁၂ x ၁၈.၅ စင်တီမီတာ။
(၁) သွေးနက္ခတ်ရှင်


BURMESE CLASSIC

အိပ်မက်အသစ် မှ ထွက်ရှိပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | ပြာဖြစ်သွားသော ပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ | သစ္စာနီ |
| ၂။ | အဆောင်သူအတွက်... | ဝေမှုးသွင် |
| ၃။ | ဝလိုဘယ်ဝိုက်စေရှင်း ချွေးတောင်းလှသို့နဲ့... | မောင်စူးစမ်း |
| ၄။ | ဂလက်စီမီးရှူးနှင့် သမုဒ္ဒီစီးလှေ | တာရာလင်းနွယ် |
| ၅။ | မိုးရာသီဝတ်မှုံ | တာရာခင်းဆေ၊ ဝေမှုးသွင် |
| ၆။ | ထမ်းဆေးလောင်းအိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၇။ | သူ့ရဲ့ဆောင်းကြာနှင့်ရှေ့ဖျားနေသောရဲတိုက် | တာရာလင်းနွယ် |
| ၈။ | မှုကြိုတစ်ဦး၏ အလှုပါအရသာ | ဝေမှုးသွင် |
| ၉။ | ကြက်ခြေခတ်နှစ်ခု | တာရာမင်းဝေ၊ ဝေမှုးသွင် |
| ၁၀။ | မင်းလူ...ဝေမှုးသွင်...L မင်းပြည့်မွန် | မင်းလူ၊ ဝေမှုးသွင်၊ L မင်းပြည့်မွန် |
| ၁၁။ | ခြတောင်းဝေါ်ထဲကလွတ်ထွက်သွားတဲ့အိပ်မက် | L မင်းပြည့်မွန် |
| ၁၂။ | အိပ်မက်တစ်ဝက်စာ | ရွှေထိုက် |
| ၁၃။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L မင်းပြည့်မွန် |
| ၁၄။ | အနေသွားတွဲ့ပျံ့လင့် | ဝေမှုးသွင် |
| ၁၅။ | ထိုး... ရွေးရွေးတုန်းက | ရွှေထိုက် |
| ၁၆။ | ငှက်ဆိုးတွန်မြို့ | သတိုးဝေ |
| ၁၇။ | စောင့်နေသူ | သတိုးဝေ |
| ၁၈။ | ညှို့မှုတ်သမန်းဆေါင်ရွေးတစ်ကောင် | သတိုးဝေ |
| ၁၉။ | ဖျစ်ဝဇ်သင်စနီးစာ | လင်းညို့သွေး |
| ၂၀။ | မီးရှူးရှတ်ရည် | ဆဝလက်ကြာ |
| ၂၁။ | နွံလစ်ခြင်းမရှိသည် | သတိုးဝေ |
| ၂၂။ | ဓားသာတစောဖွဲ | လင်းညို့သွေး |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှုးသွင် |
| ၂၄။ | ချစ်သူရွာ | ယုံအေး |
| ၂၅။ | အရောင်ကြောက်သူ | သတိုးဝေ၊ ဆဝလက်ကြာ |
| ၂၆။ | ညည်းတွားနိုက်တဲ့ဂုံသံ | သတိုးဝေ |
| ၂၇။ | ဦးရှင်ကြီး | ဒီဂ္ဂကျော်စွာ |
| ၂၈။ | ဖိန်းဝင်တား | ဝေမှုးသွင် |
| ၂၉။ | ဆေးရည် | လူနေ |
| ၃၀။ | ထဝလထားထွေး Essay | မင်းခိုက်စိုးစန် |
| ၃၁။ | ထီးမှရာပြည်သို့ အလည်ရောက်သူ | ဒီဂ္ဂကျော်စွာ |
| ၃၂။ | ဘာဆိုလားပဲ | လူနေ |
| ၃၃။ | ဓေါင်းညိုတ်ဖြေးတဲ့ အဆိုဝါကလေး | ဝေမှုးသွင် |
| ၃၄။ | လိပ်ပြာခွဲတဲ့ည | ဒဿကျော်စွာ |
| ၃၅။ | စေ့ညှိုရာကြာမှာဆိုး | သတိုးဝေ |
| ၃၆။ | 25 | လူနေ |
| ၃၇။ | နှင်းဆီးရောင်မှုန်ဝိုင်း | ဝေမှုးသွင် |
| ၃၈။ | အလင်းအမှောင်တခြား | ဝေမှုးသွင် |
| ၃၉။ | မိုနိုမိုလီ | လူနေ |
| ၄၀။ | ဆင်ဝင်ဘားတဲ့လူ | ဒဂုန်ကျော်စွာ |
| ၄၁။ | လမိုက်ညဓေါ်သံ | ဒဿကျော်စွာ |
| ၄၂။ | သွေးနက္ခတ်ရှင် | ဒဂုန်ကျော်စွာ |

ဆက်လက်ထွက်ရှိမည့်စာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

# ဒတ္တကျော်ထွ

## သွေးနက္ခတ်ရှင်

Eainmakathit
38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.
095112428, 551403

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ကောင်းကင်ပြင်သည် တိမ်ညိုတိမ်မည်းတို့ ကင်းစင်ကာ ကြည်လင်သန့်ရှင်းနေ၏။ ဘော်ငွေရောင်ဖြာသည့် လမင်းကြီးသည် ရွှန်းရွှန်း ပပသာလျက် လောကတခွင်ကို အလှဆင်လျက်ရှိ၏။ တလင်းလင်း တလက်လက် တောက်ပနေသော ကြယ်ကလေးများသည် လမင်းကြီး၏ နံဘေးတွင် စုရုံးညီညာစွာ ဝန်းရံခစားလို့နေ၏။

သာယာရှုမငြီးသော ညချမ်းပင်တည်း။ ကျွန်ုပ်သည် ကောင်းကင်ပြင်ကို လက်နောက်ပစ်လျက် ရပ်ငေးကြည့်နေသော ဆရာ့အမူအရာကို တိတ်တဆိတ် စောင့်ကြည့်နေမိသည်။ ဆရာထံက ထွက်လာမည့် စကားတို့ကို စောင့်စားနားစွင့်နေခြင်းဖြစ်၏။

ဆရာသည် အကြောင်းအရာတစ်ခုကို လေးလေးနက်နက် တွေးတောနေဟန်ဖြင့် ငြိမ်သက်စွာ ငေးမောနေ၏။ အတန်ကြာမှ ကျွန်ုပ်ထံသို့ မျက်လုံးရွေ့ကြည့်လာကာ

www.burmeseclassic.com

www.burmeseclassic.com



"ငါ့တပည့်၊ မင်းဟာ နက္ခတ်ဗေဒ ပညာရပ်ကို သင်ယူခဲ့တာ ဒီနေ့ဆို သုံးနှစ်တင်းတင်း ပြည့်ခဲ့ပြီနော်"

ကျွန်ုပ်က ဆရာ့စကားကို ခေါင်းညိတ်ကာ ထောက်ခံမိသည်။ ဟုတ်သားပဲ ဒီနေ့ဆို ဆရာ့ဆီမှာ ကျွန်ုပ် ပညာသင်ယူခဲ့တာ သုံးနှစ်တာကာလ ပြည့်မြောက်ခဲ့ပြီပဲ။ အချိန်တွေ အကုန်မြန်လှပါဘိ။

"အဲဒီပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လိမ့်မယ်လို့လည်း ငါယူဆတယ်"

ဆရာက ကျွန်ုပ်ကို အကဲခတ်သလိုကြည့်၏။ ကျွန်ုပ်က ဆရာ့စကားမှန်ကြောင်း ခေါင်းညိတ်ကာ အဖြေပေးလိုက်သည်။

"အခုဆို မင်းမှာ ပညာစုံပြီ၊ ပညာသင်ချိန်သုံးနှစ်တာ ကာလသည် ပြည့်မြောက်ပြီဖြစ်လို့ မင်းရဲ့နေရပ်ကို မင်းပြန်တော့မယ်၊ မပြန်ခင် ဒီပညာနဲ့ပတ်သတ်ပြီး၊ မရှင်းလင်းတာတွေ သိချင်တာတွေရှိသေးရင် ဆရာ့ကို မေးနိုင်ပါတယ်၊ မင်းဘာ မေးချင်သေးလဲ"

ကျွန်ုပ်သည် ဆရာ စကားစလာမှ ကျွန်ုပ်ရင်ထဲ၌ အကျိတ်အခဲတစ်ခုအဖြစ် မကျေမလည် ဖြစ်နေသော ကိစ္စတစ်ခုကို ပြောင်ဗင် ဖွင့်မေးချလိုက်မိ၏။

"အရေးကြီးဆုံး ပညာတစ်ခုကို တပည့်ကို မသင်ပေးရသေးဘူးထင်တယ် ဆရာ"



ဆရာက မျက်မှောင်ကြုတ်ကာ အံ့သြဟန်ဖြင့် ကြည့်၏။

"ငါမင်းကို ပညာကုန်သင်ပေးပြီးပြီလေ၊ ဘာများကျန်သေးလို့လဲ၊ ကောင်းကင်ပေါ်က နက္ခတ်တွေအကြောင်း မင်းကို အစုံအစေ့သင်ပေးပြီးပြီပဲ"

ဟု စိတ်ရှုပ်ထွေးဟန်ဖြင့် နားမလည်နိုင်စွာမေး၏။

"အဲဒါ ကောင်းကင်ပေါ်က မျက်စိနဲ့မြင်နိုင်တဲ့ နက္ခတ်တွေ၊ ကျုပ်ပြောတာ မနောဝိညာဉ်နဲ့မြင်ရတဲ့ နက္ခတ်ကိုပြောတာ"

ကျွန်ုပ်က သိချင်နေသည့် အကြောင်းအရာကို ကြာကြာမမျိုသိပ်နိုင်စွာ ဖွင့်မေးမိသည်။ ဆရာသည် ကျွန်တော့်အမေးကို မနှစ်မြို့ဟန်ဖြင့် မျက်မှောင်ကြုတ်ကာ အဝေးသို့ ငေးရီနေ၏။

"လူတစ်ယောက် မွေးဖွားလာပြီဆိုတာနဲ့ ကောင်းကင်က နက္ခတ်တစ်ခုနဲ့ သူ့ရဲ့ကံကြမ္မာကို သွားပြီးဆက်သွယ်မိတယ်၊ တကယ်တော့၊ နက္ခတ်ဆိုတာ ကောင်းကင်တစ်ခုလုံး အပြည့် သန်းထောင်ပေါင်းများစွာရှိတယ်၊ ကျုပ်တို့မျက်စိနဲ့ မြင်နိုင်တဲ့ နက္ခတ်တွေဟာ နည်းနည်းလေးပဲရှိတာ၊ မနောဝိညာဉ်နဲ့မြင်ရတဲ့ နက္ခတ်တွေကမှ လူတစ်ယောက်ချင်းရဲ့ ကံကြမ္မာကို အတိအကျဖော်ပြနိုင်တာ၊ အဲဒီနက္ခတ်ကြည့်တဲ့ ပညာကို တတ်ချင်ပါတယ် ဆရာ"

ကျွန်ုပ်စကားတွေကို ကြားရတော့ ဆရာ မျက်နှာအမူအရာ

www.burmeseclassic.com

www.burmeseclassic.com



သည် သိသိသာသာပင် ပျက်ယွင်းပြောင်းလဲသွား၏။ မျက်ခုံးမွေး ဖွေးဖွေးအောက်ရှိ စူးရှသော မျက်လုံးများက ကျွန်ုပ်ကို စိတ်ရှုပ်ဟန် အံ့အားသင့်ဟန်မျိုးဖြင့် ကြည့်နေသည်။

သူ နှုတ်မှဖွင့်မပြောသော်လည်း ကျွန်ုပ်၏ အားထုတ်မှုကို လေးစားသိမှတ်တာ ကျွန်ုပ်သိသည်။ ကျွန်ုပ်က ဒီပညာရပ်ကို ကျားကုတ် ကျားခဲ ကြိုးစားသင်ယူချင်သည်ဆိုတာ သူသိနေသည် ဲ။

လောလောဆယ် ကျွန်ုပ်၏ တောင်းဆိုမှုကို ဆရာက မလိုက်လျောနိုင်ဟန်ဖြင့် ခေါင်းကို တဖြည်းဖြည်း ခါယမ်း၏ သူက နဂိုကတည်းက နှုတ်ဆိတ်သူဖြစ်သည်။ အတော်ကြီးကြာတော့မှ သူ စကားပြောသည်။ ပြောတော့လည်း သူ့စကားက ပယောဂ ဆန်ဆန်။

"အဲဒီပညာကို မသင်ချင်ပါနဲ့ကွာ၊ မင်းအတွက် အကျိုးမရှိ ပါဘူး"

ဆက်မေးချင်သေးသော်လည်း ဆရာက မပြောလိုတော့ဟန် ဖြင့် စကားစကို အတင်းဖြတ်လေ၏။

"ညဉ့်လဲ အတော်နက်လှပြီ သွားအိပ်ချေတော့ ငါ့ဇ ပည့် သွားကွယ်"

ကျွန်ုပ်သည် ဆရာ့ အနီးမှ အသာတကြည့် ထွက်ခွာလာခဲ့



တော့၏။ ကျွန်ုပ်စိတ်ထဲ၌ မတင်မကျဖြစ်နေသော စိတ်အခိုင်အခဲ ကြီးသည် တစ်တစ်ဆို့ဆို့ကြီးဖြစ်၍နေ၏။

ဆရာ ဘာကြောင့် ဒီပညာရပ်ကို မသင်ပေးချင်ရတာလဲ ဆိုသော အတွေးဖြင့် တနုံ့နုံ့ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ကတော့ ဒီပညာ ကို မရရတဲ့နည်း ဖြင့် တတ်မြောက်အောင် လုပ်ရမှာပဲဟု စိတ်ကိုဒုံးဒုံးချလိုက်မိလေတော့ ၏။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ကျွန်ုပ်အနေဖြင့် ဆရာ မသင်ပေးချင်သော ပညာရပ်ကို မရရသည့်နည်းဖြင့် သင်ယူလေ့လာမည်ဟူသော ဆုံးဖြတ်ချက်ကို ချမိရခြင်းမှာ အကြောင်းရှိနေသည်။ မနောဝိညာဉ်ဖြင့်သာ မြင်ရသော နက္ခတ်ပညာဆိုင်ရာကျမ်း ပုရပိုဒ်ထားရှိရာ နေရာသို့ ကျွန်ုပ်က သိရှိ နေသောကြောင့် ဖြစ်ပေ၏။

ထိုနေရာသို့သွားပြီး ပုရပိုဒ်ကို ခိုးယူရန် ကျွန်ုပ်ဆုံးဖြတ်လိုက် သည်။ ဒါဟာ မကောင်းမှု ဒုစရိုက်တစ်ခုကို လုပ်ခြင်းဖြစ်သည်ဟု သိသော်လည်း ထိုပညာရပ်ကို လေ့လာတတ်မြောက်ချင်သော ကျွန်ုပ် ၏စိတ်ဆန္ဒမှာ အလွန်အမင်း ထက်သန်ပြင်းပြလျက် ရှိနေသဖြင့် မကောင်းမှုဟူသော အရာကို ဂရုမပြု လျစ်လျူရှုမိလျက်သား ဖြစ်နေ လေတော့၏။

ကျွန်ုပ်သည် လူခြေတိတ်ချိန်သို့ ရောက်သည်နှင့် ပုရပိုဒ်



ရာ ဂူအတွင်းသို့ ခိုးဝင်လာခဲ့သည်။ ဂူအတွင်း၌ အတော်မှောင်မိုက် လျက်ရှိနေသဖြင့် မီးတုတ်အလင်းရောင်ကို အသုံးပြု၍ လျှောက်လာ ခဲ့ရသည်။

ဂူနံရံသည် အဝင်ဝ၌ လူတစ်ကိုယ်စာဝင်သာရုံသာ ကျဉ်း မြောင်းလှသော်လည်း အတော်ကလေး လှမ်းလာပြီးသောအခါ၌ တဖြည်းဖြည်း ကျယ်ဝန်းလာသည်။

အဆုံးပိုင်းသို့ ရောက်ခါနီးလောက်တွင် အလွန်ကျယ်ဝန်းလှ သော အခန်းကျယ်ကြီးတစ်ခုကို တွေ့ရလေတော့၏။ ထိုအခန်းကျယ် ကြီးထဲ၌ ကျောက်ခေါင်းတလားများ အစီအရီ စီတန်းထားသည်။

ဒါဟာ ကျွန်ုပ်ကြားထားဖူးသည့် လောကီပညာရှင်ဆရာ အစဉ်အဆက်ကို မြှုပ်နှံထားရာ ဂူသင်္ချိုင်းကြီးပဲဟု ချက်ချင်းသိလိုက် သည်။

မြင်မြင်လေရာ အခန်းပတ်ပတ်လည်တွင် ကျောက်ခေါင်း တလားများမှာ အပြည့်အသိပ်ရှိနေ၏။ ခေါင်းတလားတစ်ခုနှင့် တစ်ခု ကြားတွင် လူတစ်ယောက် လမ်းလျှောက်သာရုံ လမ်းကလေးသာ ခြားထားသည်။ အချို့ခေါင်းတလားများမှာ ပင့်ကူမျှင်များနှင့် ဖုံးအလိမ်းလိမ်း ကပ်ညှိတွယ်တက်နေ၍ နှစ်ပေါင်းများစွာ ကြာမြင့်နေ ပြီမှန်း သိသာပေါ်လွင်လှသည်။

ကျွန်ုပ်သည် ဂူပတ်ပတ်လည်လည်ကို ဝေ့ကြည့်မိရင်း စိတ်

www.burmeseclassic.com



မောနေမိသည်။ ကျွန်ုပ်ရှာနေသည့် ပုရပိုဒ်ကို ဒီလောက်များပြားလှသည့် ကျောက်ခေါင်းတလားတွေကြားမှာ မည်သို့ရှာဖွေရမည်နည်းဟု တွေးရင်း စိတ်အပျက်ကြီး ပျက်သွားမိ၏။

ဘာပဲဖြစ်ဖြစ် ပုရပိုဒ်ကို ရအောင်ရှာမည်ဟု ကိုယ့်စိတ်ကိုယ် အားပေးရင်း ကျွန်ုပ်သည် ကျောက်ခေါင်းတလားတွေပေါ်သို့ စူးစိုက်ရှာဖွေတော့သည်။

ခေါင်းတလားတစ်ခုချင်းစီပေါ်၌ သေဆုံးသူ၏ နာမည်နှင့် သေဆုံးသည့် ရက်စွဲကိုရေးထိုးထားသည်။ အသက်ဝိညာဉ်ကင်းမဲ့လျက် ရှိနေသော လူသေများ၏အလယ်၌ သက်ရှိဟူ၍ ကျွန်ုပ်တစ်ယောက်တည်းရှိနေသဖြင့် ကျွန်ုပ်စိတ်သည် ဘာရယ်မဟုတ်ပဲ ချောက်ချားလာမိသည်။ ခုနေ တစ်စုံတစ်ရာသည် ကျွန်ုပ်၏ ရှေ့တည့်တည့်(သို့) ကျွန်ုပ်အနီးသို့ ဘွားကနဲ ရောက်လာခဲ့သည်ရှိသော် တောင်စဉ်ရေမရ အတွေးနှင့် မရေရာသော သောကသည် ကျွန်ုပ်အား ဖိဆီးနေသည်။ လက်တစ်ဖက်က မီးတုတ်ကိုကိုင်၍ ကျန်လက်တစ်ဖက်က ကပ်ငြိတွဲကျနေသော ပင့်ကူမျှင်များကို ရှင်းရင်း ကျွန်ုပ်သည် ကျောက်ခေါင်းတလားများကို စေ့စေ့စပ်စပ် ရှာကြည့်မိသည်။

ပုရပိုဒ်သည် ခေါင်းတလားတစ်ခုခုထဲ၌ ရှိနေရမည်ဟု ကျွန်ုပ် ယူဆမိသည်။ ထို့ကြောင့် မသက်သော ခေါင်းတလားကို တွေ့လျှင် ရိုက်ဖွင့်ထုတ်မည်ဟု ကျွန်ုပ် စိတ်ကူးမိလေ၏။ ခေါင်းတလားများပေါ်၌ မသက်ဘွယ် ထူးထူးခြားခြား တစ်စုံတစ်ရာလေးများ တွေ့ရ လေမလားဟု စေ့စေ့စပ်စပ် ရှာဖွေကြည့်နေရင်း ကျွန်ုပ်သည် အလွန်အမင်း စိတ်ရှုပ် မောပန်းလျက်ရှိနေ၏။

ခေါင်းတလား တော်တော်များများ ရှာကြည့်ပြီးသွားသည်အထိ ထူးခြားမှု တစ်စုံတစ်ရာလေးကိုမျှ မတွေ့မမြင်ရသဖြင့် ကျွန်ုပ်မှာ စိတ်ဓါတ်အကြီးအကျယ် ကျနေမိတော့သည်။

ကျွန်ုပ် အတွေးတွေမှားနေပြီလားမသိ။

ပုရပိုဒ်သည် ခေါင်းတလားတွေမှာမရှိလျှင် ဘယ်နေရာမှာ ရှိနေမှာလဲ။ ဝူသည် တစ်ဖက်ပိတ်ဂူဖြစ်၏။ ဂူ၏ အဆုံးပိုင်းရှိ ခန်းကျယ်ကြီးထဲ၌ ကျောက်ခေါင်းတလားတွေသာ ရှိနေပြီး ဆက်သွားစရာ လမ်းမရှိတော့ပေ။

လက်က မီးတုတ်ကို ခပ်မြင့်မြင့် မြှောက်ကိုင်လိုက်ကာ မီးတုတ်အလင်းရောင်ဖြင့် ဂူပတ်ပတ်လည်သို့ ဝေ့ကြည့်မိလိုက်သည်။ ထိုစဉ်မှာပင် ထူးခြားမှုတစ်ခုကို ကျွန်ုပ်သတိပြုမိသွားရသည်။

ဂူနံရံ၏ ထောင့်တစ်နေရာတွင် အချိုင့်ကလေးလိုဖြစ်နေပြီး ထိုနေရာ၌ ပစ္စည်းတစ်ခုခုရှိနေသည်ကို မီးရောင်အောက်တွင် လက်ခနဲ မြင်လိုက်ရလေ၏။ ကျွန်ုပ်စိတ်ထဲ ဒိန်းခနဲဖြစ်သွားပြီး ထိုနေရာသို့ အပြေးကလေး လာကြည့်မိသည်။

ကျောက်ကလပ်တစ်ခုပင် ဖြစ်သည်။ ထိုကျောက်ကလပ်

www.burmeseclassic.com



ပေါ်၌ မည်သည့်ပစ္စည်းမှ ရှိမနေပါ။

ကျွန်ုပ်စိတ်သည် ခဲတစ်လုံးကို ဆွဲထားရသလို လေးလံသွား၏။ စိတ်ပျက်လက်ပျက်ဖြင့်ပင် သက်ပြင်းမောကိုရှိုက်ထုတ်မိသည်။ ပုရပိုဒ်ကို မတွေ့တွေ့အောင် ရှာမည်ဆိုသော စိတ်ဆန္ဒကိုကား မဖျက်နိုင်သေးပေ။ ကျွန်ုပ်၏ မျက်လုံးများသည် ဟိုဟိုဒီဒီ ဝေ့ကြည့်မိပြန်၏။

ကျောက်ကလပ်နှင့် မနီးမဝေးတွင်ရှိနေသော ကျောက်သေတ္တာကြီးတစ်လုံးကို တွေ့လိုက်ရသည်။

ဒီသေတ္တာကြီးထဲမှာများ ပုရပိုဒ်ရှိနေမလား။ အထင်နှင့် အမြင် မှန်မမှန် ကျွန်ုပ်သည် သေတ္တာကြီးကို ဖွင့်ကြည့်ရန် ကြိုးစားမိသည်။ ကျောက်သတ္တာကြီးဖြစ်နေ၍ အတော်လေးလံလျက်ရှိ၏။ ကျွန်ုပ်မှာ မီးတုတ်ကို နံဘေးရှိ နံရံတွင် ခဏထောင်ထားလိုက်ပြီး လက်နှစ်ဖက်ဖြင့် သေတ္တာအဖုံးကို အားစိုက်၍မရသည်။

ဖုံးပိတ်ထားသည်မှာ နှစ်ကာလများစွာ ကြာမြင့်ပြီဖြစ်နေ၍ ဖုံအသိမ်းလိမ်း စွဲကပ်နေသော ကျောက်သတ္တာအဖုံးမှာ တကျွီကျွီမြည်ရင်း တဖြည်းဖြည်း မြောက်တက်လာ၏။

အဖုံးဖွင့်ဟသွားတော့မှ မီးတုတ်ကိုယူ၍ စိတ်လှုပ်ရှားစွာဖြင့် ကြည့်မိသည်။ မြင်ရသည့်မြင်ကွင်းကြောင့် လန့်မအော်မိစေရန် ကိုယ့်ကိုကိုယ် ထိန်းလိုက်ရသည်။

ကောက်သေတ္တာထဲတွင် အလွန်ကြီးမားသော မြွေကြီးတစ်



ကောင် ခွေ၍အိပ်နေသည်။ စူးရှသော မီးအလင်းရောင်ကြောင့် မြွေကြီး၏မျက်လုံးများ တလှုပ်လှုပ်နှင့် ဖြစ်လာသည်။

ကျွန်ုပ်မှာ ကြောက်ကြောက်လန့်လန့်ဖြင့် သေတ္တာအဖုံးကို ဝုန်းခနဲ ဆောင့်ပိတ်ချလိုက်မိသည်။ အားရှိန်ပြင်းသွားသဖြင့် မြွေကြီးပင် အနည်းငယ်တုန်ခါ၍သွား၏။

ကြောက်စိတ်နှင့် စိတ်လှုပ်ရှားခြင်းတို့ ရောပြွင်းကာ လှုကကတုန်ကရင်ကြီး ဖြစ်လာ၏။ ရင်အစုံသည် ချုပ်ထိန်း၍မရနိုင်စွာ တဒိန်းဒိန်းနှင့် အခုန်မြန်လျက်ရှိနေ၏။

အတန်ကြာ၍ စိတ်အနည်းငယ် သက်သာရာရသွားတော့မှ ဂူပတ်လည်ကို ထပ်မံစူးစမ်းရှာဖွေမိသည်။ ဂူအတွင်း၌ ကျောက်ခေါင်းတလားတွေမှလွဲ၍ ထူးထူးခြားခြား ဘာတစ်ခုမှ ရှိမနေပါ။ နောက်ဆုံးတွင် ကျွန်ုပ်သည် ခေါင်းတလားတစ်ခုချင်းစီကိုဖွင့်၍ ရှာဖွေကြည့်တော့ရန် ဆုံးဖြတ်မိသည်။

ပထမဆုံး ဖွင့်ကြည့်ရန် ရည်ရွယ်မိသည့် ကျောက်ခေါင်းတလားသည် မကြာသေးမီကမှ လုပ်ထားပုံရသော ခေါင်းတလားအသစ်စက်စက်ကြီး ဖြစ်နေသည်ကို ကျွန်ုပ်သတိပြုမိသည်။ ခေါင်းတလားပေါ်တွင် ရေးထိုးထားသည့် အမည်ကို မြင်ရသောအခါ ကျွန်ုပ်၏မျက်လုံးများ အဆမတန် ပြူးကျယ်သွားရလေတော့၏။

ဝေပုလ္လတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါ... ကျွန်ုပ်ဆရာ၏ နာမည်ပဲ။ ကျွန်ုပ်၏ဆရာသည် သက်ရှိထင်ရှားပင် ရှိနေပါသေးသည်။ သူ့အတွက် ခေါင်းတလားက တော့ အသင့်ကြို၍ လုပ်ထားပြီးပေပြီ။

တဆက်တည်းမှာပင် ကျွန်ုပ်၏ အံ့သြမှုကို ဆက်လက်ကြီး ထွားစေမည့် အရာတစ်ခုကို ထပ်မံတွေ့ရှိလိုက်ရပြန်၏။ ဆရာ့အတွက် အသင့်လုပ်ထားသော ကျောက်ခေါင်းတလားဘေးတွင် နောက်ထပ် အသစ်စက်စက် ခေါင်းတလားတစ်ခု။ ခေါင်းတလားပေါ်တွင် ကျွန်ုပ်၏ နာမည် သိပ်ပ်နစ္စဟု ရေးထိုးထားသည်။

ကြွက်သီးမွေးညှင်းများ ထောင်တက်လာသည်အထိ ကျွန်ုပ် အံ့သြမိရသည်။ အမျိုးအမည် မသိရသော ခံစားချက်တစ်မျိုး ကျွန်ုပ် ရင်ထဲ ဖြတ်သန်းစီးဆင်းလာ၏။

ကိုယ့်အတွက် အသင့်လုပ်ထားသည့် ခေါင်းတလားကို ကိုယ်ကြိုမြင်ရသည့် ကျွန်ုပ်အဖြစ်မှာ အတော်ကလေး ထိတ်လန့်တုန် လှုပ်ဖွယ် ကောင်းလှသလို ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်ဖြစ်နေမိ သည်။

ထိုအခိုက်မှာပင် လူတစ်ယောက်၏ အသံတစ်သံကို ကျွန်ုပ် နားမှ ကြားလိုက်မိသလို ရှိ၏။ သေသေချာချာ နားစိုက်ထောင်ကြည့် မှ ဂူအတွင်းသို့ လှမ်းဝင်လာသော ခြေသံများနှင့်အတူ စကားပြော သံများကိုပါ ကြားလိုက်ရလေတော့၏။



ကျွန်ုပ်လည်း ဘာမှစဉ်းစားမနေအားတော့ပဲ ကပျာကယာ ပင် ဆရာ့နာမည်ရေးထိုးထားသော ကျောက်ခေါင်းတလားအဖုံးကို တွန်းဖွင့်၍ ငုပ်နှံးရန်ပြင်မိသည်။

ထိုသို့ပြုလုပ်မိခဲ့ခြင်းက ကျွန်ုပ်အတွက် ကံကောင်းမှုတစ်ရပ် ဖြစ်သွားစေခဲ့ပါ၏။

ခေါင်းတလားထဲ၌ အန္တရာယ်တစ်စုံတစ်ရာရှိမရှိ ကြည့်မိစဉ် ကျွန်ုပ်၏ မျက်စိများသည် အရာတစ်ခုကို အမှတ်မထင်သွားမြင်မိလေ ၏။

မီးတုတ်အလင်းရောင်အောက်၌ ဘွားခနဲ မြင်လိုက်ရ သည်မှာ ကျွန်ုပ်ရှာဖွေနေသည့် ပုရပိုဒ်ကလေးဖြစ်နေသည်။

အံ့သြဝမ်းသာစိတ်သည် ရင်တွင်း၌ ဒိန်းခနဲ ဆောင့်၍ခုန်သွား ၏။ ဖတ်ဖတ်မောအောင် ရှာနေတုန်းကတော့ မတွေ့ဘဲ၊ တွေ့ချင်တော့ လည်း တိုက်တိုက်ဆိုင်ဆိုင် တွေ့မှတွေ့တတ်ပါသေစ။ ကံကောင်းချစ် ပုံများ ကြံဖန်ကံကောင်းနေသေးတော့တာ။

ဝမ်းသာခြင်းကို ကြာရှည်စွာ ခံစားမနေအားသေး။ လူတစ်စု စကားပြောသံများကို တဖြည်းဖြည်း နီးကပ်စွာ ကြားလာရသည်။ ဂူအတွင်းသို့ ဝင်လာသော ခြေသံများလည်း တစ်စတစ်စနီးကပ်လာနေ ၏။

ကျွန်ုပ်သည် မီးတုတ်ကို ခြေဖြင့်နင်းခြေ၍ ငြိမ်းသတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျောက်ခေါင်းတလားထဲသို့ အမြန်ဝင်ပုန်းနေလိုက်၏။

ယခုအချိန်မှာ ကျွန်ုပ်အတွက် လုံခြုံမှုကိုရရှိထားမှ ဖြစ်ပေမည်။ မဝင်ရဟု တားမြစ်ကန့်သတ်ထားသော ဒီနေရာကို ကျွန်ုပ်ဝင်လာမိခြင်းမှာ ကြီးလေးလှသော ပြစ်မှုကြီးကို ကျူးလွန်မိခဲ့ခြင်း ဖြစ်သည်။

"ဆရာကြီးကလည်း ဒီနေရာကို ဘယ်သူတွေ ဝင်လာကြည့်မှာမို့လို့ ဒီလောက် စောင့်ကြပ်ကြည့်ရှုနိုင်းရတာလဲ မသိဘူး"

စကားသံတွေ ပီပီသသ ကြားနေရသည်။ ခေါင်းတလားအဖုံးကို အနည်းငယ် ဖွင့်ဟထားသဖြင့် ထိုအပေါက်လေးမှ မီးရောင်အချို့ ဖြာကျလာ၏။

"အေးလေ လူသေတွေမြှုပ်တဲ့ သချိုင်းကိုများ ဘယ်သူက ခိုးဝင်မှာမို့လို့လဲ"

"ဟိတ်ကောင်တွေ စကားများမနေကြနဲ့တော့ မင်းတို့နဲ့မဆိုင်တာ လျှောက်မပြောနဲ့၊ ငါတို့တာဝန်က ဒီဂူထဲမှာ ခြေရာလက်ရာ ပျက်မပျက် စစ်ဆေးဖို့၊ ကိုယ့်အလုပ်ကိုယ်လုပ်ကြပေါ့ မဆိုင်တာတွေ လျှောက်ပြောနေမဲ့အစား အလုပ်မြန်မြန်ပြီးအောင်လုပ်"

တစ်ယောက်က ခပ်ငေါက်ငေါက်ပြောလိုက်တော့ နောက်



ထပ် ဘာစကားသံမှ ထွက်မလာတော့ပဲ ဟိုဒီရွေ့လျားနေကြသော ခြေသံများကိုသာ ကြားရ၏။ မီးရောင်သည် ကျွန်ုပ်ရှိရာ ခေါင်းတလားပေါ်သို့ ဝဲဝဲကျလာသော်လည်း ကျွန်ုပ်အနီးသို့ မရောက်ရှိလာကြပေ။ ကျွန်ုပ်မှာ အသက်ကိုပင် ရဲရဲမရှူမိ။

တစ်အောင့်ကြာတော့ စ[illegible]ပ် ပြန်ကြားလာရ၏။

"ဘာမှ ခြေရာလက်ရာ မပျ[illegible]း၊ ကဲ လာကြ ပြန်ထွက်ရအောင်"

ဂူပြင်သို့ ပြန်လည်ထွက်ခွာသွားသော ခြေသံတွေ ဝေး၍ဝေး၍ သွားပြီးမီးရောင်သည်လည်း တဖြည်းဖြည်း မှိန်ကာ ပျောက်ကွယ်၍သွားသည်။

အသံတွေတိတ် အမှောင်ကျသွားတော့မှ ကျွန်ုပ်သည် ခေါင်းတလားတွင်းမှ ထွက်လာခဲ့ရတော့သည်။

ကျွန်ုပ်လက်ထဲ၌ အလွန်အမင်း လိုချင်တောင့်တလျက်ရှိသော ပုရပိုဒ်ကလေး လက်ဝယ်ပိုင်ပိုင် ရရှိခဲ့လေပြီ။

ကျွန်ုပ် ဆန္ဒတို့ ပြည့်ဝအောင်မြင်ခဲ့လေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ကျွန်ုပ်သည် ဆရာ့ဆီမှ ထွက်လာခဲ့သည်မှာ ခြောက်လတင်းတင်းပင် ပြည့်မြောက်ခဲ့လေပြီ။ ခြောက်လတာကာလသည် ခဏလေးလိုပင် အကုန်မြန်လွန်းလှချေ၏။

ထိုအတောအတွင်း၌ သင်္ချိုင်းဂူထဲမှ နိုးယူလာခဲ့သော ပုရပိုဒ်ပါ ကျင့်စဉ်များကို လေ့ကျင့်ယူသော်လည်း တတ်မြောက်အောင်မြင်ခြင်း မရှိသဖြင့် ကျွန်ုပ်မှာ စိတ်ဓါတ်အကြီးအကျယ် ကျလျက်ရှိနေတော့သည်။

ခွဲနည်းကြီးစွာပင် ကျားကုတ်ကျားခဲ ကြိုးစားလေ့ကျင့် ဆည်းပူးသော်လည်း တတ်မြောက်အောင်မြင်ခြင်း မရှိသည်ကို ကျွန်ုပ်မှာ များစွာ အံ့သြနားမလည် ဖြစ်ရသည်။ ဘာတွေ လိုအပ်ချက်များ ရှိနေမလဲဟု စဉ်းစားတွေးတော၍ မရနိုင်ပဲ ဖြစ်နေမိသည်။

ထိုသို့ ဖြစ်နေမိစဉ်မှာပင် တစ်ခုသော မနက်ခင်း၌ ကျွန်ုပ်ထံ



သို့ စာပို့ ဒိုတစ်ကောင် ရောက်ရှိ၍လာခဲ့၏။ ကျွန်ုပ်ဆရာထံမှ အခေါ်လွှတ်သော အကြောင်းကြားစာပင် ဖြစ်သည်။

ကျွန်ုပ်သည် ဆရာအခေါ်လွှတ်သည်ဆို၍ မလွန်ဆန်ဝံ့ပဲ ဆရာထံသို့ ထွက်လာခဲ့ရတော့သည်။ ကျွန်ုပ်ပြုခဲ့မိသည့် အပြစ်အတွက် မလုံမလဲဖြစ်မိရသလို စိတ်မှာလည်း အပူကြီးပူနေမိတော့သည်။ ဆရာ့ ကိုကျွန်ုပ် ဘယ်လို မျက်နှာချင်းဆိုင်ရမှာပါလိမ့်။ ကျွန်ုပ်သည် ကိုယ်ပြုသည့်အမှုအတွက် လိပ်ပြာမလုံသလို ခံစားနေရကာ တထိတ်ထိတ် တလန့်လန့် ဖြစ်နေမိသည်။

ဆရာ့ဆီသို့ ရောက်သောအခါ ကျွန်ုပ်သည် ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံနိုင်ဖြစ်မိရသည်။ ကျွန်ုပ်ထွက်သွားသည့် ခြောက်လအတောအတွင်းမှာပင် ဆရာသည် ယခင်ကနှင့် များစွာကွာခြားနေလေပြီ။ ပြည့်ပြည့်ဖြိုးဖြိုး တောင့်တောင့်တင်းတင်း ရှိခဲ့ဖူးသော ခန္ဓာကိုယ်သည် ညှိုးချုံးကျလျက် အရိုးပေါ်အရေတင်ပဲ ရှိတော့သည်။ မျက်လုံးများမှာ အတွင်းသို့ ချိုင့်ခွက်နိမ့်ဝင်နေပြီး နားထင်ရိုးများနှင့် ပါးရိုးများ အပြင်သို့ ငေါ်ထွက်နေသည်။ အသားရေမှာလည်း စိုပြည်လန်းဆန်းခြင်းမရှိတော့ပဲ မွဲပြာခြောက်သွေ့နေလေ၏။

ဆရာသည် ကျွန်ုပ်ကိုမြင်တော့ အိပ်ရာထက်တွင် လဲလျောင်းနေရာမှ ထလာသည်။ ကြည့်ရသည်မှာ အရိုးစုကြီး ထလာသလိုပင်။

www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုဖြစ်တာလဲ ဆရာရယ်”

ကျွန်ုပ်က မချိတင်ကဲ အသံဖြင့် မေးမိသည်။ ဆရာသည် ကျွန်ုပ်အမေးကြောင့် ခပ်ယဲ့ယဲ့ကလေးပြုံးကာ ပြန်ဖြေ၏။

“ဇရာသဘောကို လောကီပညာရှင်ဖြစ်ပါစေ၊ တန်ခိုးရှင် ဖြစ်ပါစေ၊ ဘယ်သူမှ လွန်ဆန်လို့မရဘူး၊ ငါဟာ မီးစာကုန် ဆီခန်းတဲ့ချိန်ရောက်နေပြီဆိုတာ ငါသိပါတယ်”

ဆရာ့စကားကြားရတော့ ကျွန်ုပ်ရင်ထဲ လုံးဝမကောင်းနိုင်တော့။ ဝမ်းနည်းစိတ်ဖြင့် ထိခိုက်စူးရှလာ၏။

ခဏတဖြုတ်တော့ ကျွန်ုပ်တို့နှစ်ယောက်စလုံး တိတ်ဆိတ်သွားမိကြသည်။ လွန်ဆန်၍မရသည့် လောကဓမ္မတာအကြောင်း ဆင်ခြင်တွေးတောနေမိကြခြင်း ဖြစ်သည်။

တိတ်ဆိတ်မှုကြီးကို ဆရာ၏ချောင်းဆိုးလိုက်သံက ချေဖျက်ပစ်လိုက်သည်။ ဆရာသည် ချောင်းတဟွတ်ဟွတ် ဆိုးနေရာမှ တချီးချီးဖြင့် သလိပ်ကပ်လာသဖြင့် ကျွန်ုပ်က ကုတင်အောက်ရှိ ထွေးခံကို ယူ၍ပေးလိုက်ရသည်။ ဆရာသည် ထွေးခံထဲ သလိပ်များကိုထွေး ထုတ်ပြီးနောက် မောပန်းဟန်ဖြင့် ငြိမ်သက်စွာ လဲလျောင်းနေလေ၏။

ကျွန်ုပ်က ဆရာ့အခြေအနေကိုကြည့်၍ မဝံ့မရဲ စကားစလိုက်သည်။

“ဆရာ ဘာများပြောစရာရှိလို့ ခေါ်ရတာလဲဟင်”



ဆရာ၏ စူးရှသောအကြည့်များ ကျွန်ုပ်ထံသို့ ကျရောက်လာ၏။ ပိန်လှီသေးကွေးလှသော လက်တစ်ဖက်ဖြင့် သူ့အင်္ကျီရင်ဘတ်အတွင်းသို့ ထိုးနှိုက်လိုက်၏။ လက်ထဲတွင် ပုရပိုဒ်လေးတစ်ခုပါလာသည်။

“မင်း မနောဝိဉာဉ် နက္ခတ်ပညာ ပုရပိုဒ်ကို ခိုးသွားတာ ငါသိပါတယ်”

ဆရာက ကျွန်ုပ်မျက်လုံးများကို တည့်တည့်ကြည့်၍ ပြောလိုက်၏။ ကျွန်ုပ်သည် ဖြန်းကနဲ ဖြတ်အရိုက်ခံလိုက်ရသလို မျက်နှာတစ်ခုလုံး ပူထူ၍သွားသည်။ ဘာပြော၍ ပြောရမှန်းမသိစွာ အိုးတိုးအမ်းတမ်း ဖြစ်နေမိသည်။ မျက်နှာပူ အနေရခက်လှစွာဖြင့် မျက်လွှာအသာချမိ၏။

“ငါ မင်းကို ဒီပညာမသင်ပေးချင်တာ အကြောင်းရှိတယ်၊ ဘာအကြောင်းလဲဆိုတာ မင်း အဲဒီပညာကို တတ်သွားတဲ့ အခါ သိလာလိမ့်မယ်”

ကျွန်ုပ်က တစ်စုံတစ်ခု ပြောရန်ပြင်မိသည်။ သို့သော် ဆရာက စကားဆက်လိုက်သဖြင့် ကျွန်ုပ်လည်း အသာငြိမ်၍ နားထောင်နေမိ၏။

“မင်းခိုးသွားတဲ့ ပုရပိုဒ်က ပုရပိုဒ်အဖိုပဲ၊ ငါ့စကားကို မင်း နားရှုပ်သွားလား၊ အဲဒီပုရပိုဒ်မှာ အဖိုအမရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့လက်ထဲက ပုရပိုဒ်အမနဲ့ ပေါင်းစပ်ပြီးတော့မှ ပုရပိုဒ်ပါ ကျင့်စဉ်တွေကို လေ့လာကျင့်ယူလို့ရမယ်၊ ရော့ ယောဒီ ပုရပိုဒ်ကိုယူပြီး မင်းကိုယ်တိုင် လေ့လာကြည့်ပေါ့ကွာ”

ဆရာက ကျွန်ုပ်ကို လက်ထဲမှ ပုရပိုဒ်ကို ကမ်းပေးနေသည်။ ရုတ်တရက် ကျွန်ုပ်မှာ စကားမဆိုနိုင်။ အံ့အားတသင့်ဖြင့် ဆရာ့ကို ကြောင်ငေးကြည့်နေမိသည်။

ဆရာသည် ကျွန်ုပ်ကို နားလည်ခွင့်လွှတ်သည့် မျက်ဝန်းများဖြင့် ပြုံး၍ကြည့်နေ၏။

ထိုမျက်ဝန်းနှင့် အပြုံးတို့ကြောင့် ကျွန်ုပ်ပြုခဲ့မိသော အမှုသည် အဆမတန် ကြီးကျယ်သွားသလို ခံစားလိုက်ရ၏။ ကျွန်ုပ်မှားခဲ့ပြီ။ ဆရာ့အပေါ် စော်ကားမိသလို ဖြစ်ခဲ့ရချေပြီ။

ကျွန်ုပ်ပြုခဲ့မိသော အမှားအတွက် နောင်တတရားသည် ဖိစီးနှိပ်စက်လာ၏။ ဝမ်းနည်းကြေကွဲစိတ်တွေ ပြင်းပြင်းထန်ထန် ရှူးရှူးဝါးဝါး ခံစားလာရသည်။

ထို့နောက် ကျွန်ုပ်၏ မျက်လုံးအိမ်တွင်းမှ ပူနွေးသော မျက်ရည်စီးကြောင်းနှစ်ခု ပါးပြင်နှစ်ဖက်ပေါ်သို့ စီးဆင်းကျလာ၏။

ကြေကွဲဝမ်းနည်းစိတ်၊ ရှက်ရွံ့တုန်လှုပ်စိတ်တို့ဖြင့် ကျွန်ုပ်သည် ဆရာ့ကို တောင်းပန်ကန်တော့မိသည်။

“တပည့်မှားခဲ့မိပါတယ်၊ ခွင့်လွှတ်ပါ ဆရာရယ်”



ဆရာသည် ကျွန်ုပ် ကန်တော့တာကို တည်တည်ငြိမ်ငြိမ်ဖြင့် ခံယူပြီးနောက် နားလည်ခွင့်လွှတ်ဟန်ဖြင့် သိုသိပ်နူးညံ့စွာပြုံးသည်။

“လူဆိုတာ တစ်ကြိမ်တစ်ခါလောက်ဖြစ်ဖြစ် မှားတတ်ကြတာချည်းပါပဲ၊ အမှားနဲ့ကင်းတဲ့လူဆိုလို့ မရှိပါဘူးကွာ၊ အဓိက အမှားကိုသိရင် နောက်ထပ်မမှားအောင် ပြုပြင်ထိန်းချုပ်နိုင်တဲ့ စိတ်ရှိဖို့ပဲလိုတယ်ကွ ဆရာ မင်းကိုခွင့်လွှတ်ပါတယ်ကွာ၊ ပညာရပ်တစ်ခုကို အကုန်အစင် တတ်မြောက်ချင်တဲ့စိတ်ကြောင့် အမှားကျူးလွန်ခဲ့မိတာပဲ၊ ဆရာဟာ ဘာကြောင့် ဒီပညာကို မသင်ပေးချင်ရတာလဲဆိုတာ နောက်တော့ မင်းသိလာမှာပါကွာ”

ဆရာ့စကားက ပဟေဠိဆန်လှသည်။ ကျွန်ုပ်၏ ကြီးလေးလှသော အပြစ်ကို သဘောထားကြီးကြီးနှင့် ခွင့်လွှတ်နားလည်ပေးသော ဆရာကို ကြည်ညိုလေးစားစိတ်ဖြင့် အခါခါ ဝန်ချတောင်းပန်နေမိရင်း ပဟေဠိဆန်လှသော ဆရာ့စကားတို့ကို အတွေးနယ်ချဲ့နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ကောင်းကင်ပြင်တွင် ကြယ်ရောင်စုံလင်းလက်တောက်ပနေ ပြီး လေးကိုင်းသဏ္ဌာန် ခပ်ကွေးကွေး လခြမ်းကလေး ငိုးမှုံးမှိုင်းမှုနေသော လှပသော ညချမ်းကလေး။

လေပြည်လေညှင်းကလေးကလည်း ဖွဖွညင်သာ တိုက်ခတ်လျက်ရှိနေ၏။

ခပ်မှိုမှို တောင်ထိပ်ကလေးတစ်ခုပေါ်တွင် ခြေစုံရပ်ကာ ကောင်းကင်ပြင်ကို ကျွန်ုပ်ငေးကြည့်နေမိသည်။ ဒီညက ကျွန်ုပ်လေ့လာတတ်မြောက်ထားသည့် ပညာရပ်ကို အသုံးချရမည့်ည။ တစ်နည်းအားဖြင့် မနောဝိညာဉ် နက္ခတ်ပညာဖြင့် ကျွန်ုပ်၏ စွမ်းရည်ကို ဖော်ထုတ်ရမည့် ညပင်။

မနောဝိညာဉ် နက္ခတ်ပညာကို လေ့လာပြီးစီးသွား၍ ထိုပညာရပ်ဖြင့် ကောင်းကင်ပြင်ရှိ နက္ခတ်တွေကို စမ်းသပ်ကြည့်ရှု



ရမည့် ကျွန်ုပ်၏ ပထမဆုံးညမို့ စိတ်အစုံသည် လှုပ်ရှားလွန်း၍နေ၏။

ပရမ်းပတာ လှုပ်ရှားလွန်းနေသော စိတ်ကို စုစည်းသည့် အနေဖြင့် မျက်လုံးကိုစုံမှိတ်ကာ အသက်ခပ်ပြင်းပြင်း ဝဝရှူရှိုက်မိလိုက်သည်။ သုံးလေးငါးကြိမ် ရှူရှိုက်ပြီးကာမှ စိတ်အာရုံကို စုစည်းပြီး မှိတ်ထားသော မျက်ဝန်းများကို အသာဖွင့်ကြည့်လိုက်၏။

တည်ငြိမ် ငြိမ်သက်နေသောစိတ်ကို ဘာကိုမှမတွေးမိစေပဲ အရှင်းဆုံးဖြစ်အောင် ထားရသည်။

ပထမဆုံး ကောင်းကင်ပြင်ပေါ်တွင် အလင်းလက်ဆုံး ကြယ်ဖြစ်သည့် မြောက်အရပ်တူရူဆီမှ ဓူဝံကြယ်ကို ဦးတည်၍ကြည့်မိသည်။ ဓူဝံကြယ်ကို မျက်တောင်မခတ်စတမ်း စိတ်မပျံ့လွင့်စေပဲ မှာန်ဝင်စား၍ စူးစိုက်ကြည့်နေရင်းက ပြုန်းကနဲဆို ဓူဝံကြယ်ဘေးနားရှိ ကြယ်စု ကြယ်ပေးကလေးများမှာ မီးလုံးတွေပွင့်သလို တဖျပ်ဖျပ်နှင့် ပွင့်၍လာ၏။ ခဏတွင်းချင်းမှာပင် ကောင်းကင်ပြင်တစ်ခုလုံး ကြယ်တွေနဲ့ အပြည့်ဖြစ်သွားကာ လင်းလက်တောက် နေလေ သော့၏။

ဒါဟာ ကျွန်ုပ်ရဲ့ မနောဖြင့်မြင်နေရတဲ့ ကြယ်တွေပဲ။ ကျွန်ုပ်၏ မနောဝိညာဉ် အစွမ်းအစရှင်သန်ထမြောက်မှု နိဒါန်းပဲ။ အံ့သြဝမ်းသာစိတ်က လှိုက်၍တက်လာ၏။

ကြည့်စမ်း သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ ကြယ်တွေ ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကင်ပြင်ပေါ်မှာ သိန်းသန်းချီရှိနေပါပေါ့လား။ လူတစ်ဦးချင်းစီနဲ့ သက်ဆိုင်တဲ့ နက္ခတ်တွေ ကောင်းကင်တခွင်မှာ လှုပ်ရှားသက်ဝင်နေကြပြီ။

နေဦး။ ကျွန်ုပ်ရဲ့ ကံကြမ္မာနက္ခတ် ဘယ်မှာပါလိမ့်။ ကျွန်ုပ် မွေးဖွားရာ ခုနှစ်၊ လ၊ နာရီနှင့် တိုက်ဆိုင်သည့် ကောင်းကင်ပြင်ပေါ်ရှိ ကြယ်တစ်ခုနှင့်တစ်ခု အကွာအဝေးကို စိတ်မှန်းဖြင့် တိုင်းတွာတွက်ချက်ကြည့်လိုက်၏။

ဟော... ကျွန်ုပ်၏ ကံကြမ္မာကို ကိုယ်စားပြုသည့်-ကြယ် နက္ခတ်ကလေး မြင်လိုက်ရပါပြီ။

"အလို... ငါ့ရဲ့ ကြယ်နက္ခတ်က လင်းအားတဝက်ပဲ ရှိပါလား"

ထိတ်လန့်တကြား ကျွန်ုပ်ရေရွတ်မိသည်။ ကောင်းကင်ပြင်ပေါ်တွင် အခြားကြယ်တွေထက် ကျွန်ုပ်၏ကြယ်နက္ခတ်မှာ လင်းအားပို၍ မှိန်ဖျော့နေသည်ဟု ထင်မိသည်။

"ဒါဟာ ငါ သက်တမ်းပြည့်မနေရဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ၊ အနည်းဆုံး အသက် (၅၀)ဝန်းကျင်မှာ သေရမယ်ဆိုတဲ့ သဘောပဲ"

ကျွန်ုပ် သိမှတ်ထားသည့် ပညာရပ်ဆိုင်ရာ အဖြေများ ကျွန်ုပ် နှုတ်မှ တတွတ်တွတ် ပြန်ရွတ်နေမိသည်။



"ငါ့ရဲ့ ကြယ်နက္ခတ်ကလည်း တခြမ်းပဲ့ဖြစ်နေတယ်၊ ငါဟာ တစ်ကိုယ်တည်း ကြင်ဖော်မစုံတဲ့ ဘဝနဲ့ အရိုးထုတ်ရမယ့် ကံကြမ္မာပါလာတာပဲ"

စိတ်ရှုပ်ထွေး ဝမ်းနည်းစွာ သက်ပြင်းမောကို ဟင်းကနဲချလိုက်မိသည်။

ကျွန်ုပ်နှင့် အခိက နက်နက်ရှိုင်းရှိုင်း ပတ်သတ်လာမည့် နက္ခတ်တွေကို ရှာဖွေကြည့်မိရာ ကျွန်ုပ်ကို ကိုယ်စားပြုသည့် နက္ခတ်ကြယ်နှင့် အနီးဆုံးနေရာတွင် နက္ခတ် (၃)ခုကို တွေ့လိုက်ရလေ၏။

"အနီးဆုံး နက္ခတ်မှာ ကိုယ်စားပြုတဲ့ နိမိတ်ပုံက အပျိုစင်နတ်သမီးပဲ၊ သူဟာ ငါ့ချစ်သူဖြစ်လာလိမ့်၊ ဒါပေမယ့် ငါတို့ ဘယ်တော့မှ ပေါင်းရမှာမဟုတ်ဘူး"

ကျွန်ုပ်၏ ချစ်သူဖြစ်လာမည့် အပျိုစင်နတ်သမီး နက္ခတ်ပုံဆောင်သည့် ကြယ်သား၌ စိုးမိုးမင်းမူနေသော နောက်ထပ်ကြယ်လုံးကြီးတစ်ခုကို မြင်တွေ့လိုက်ရ၏။

"ငါ့ရဲ့ ချစ်သူ မိန်းကလေးက တစ်ခြားလူတစ်ယောက်ရဲ့ သိမ်းပိုက်ခြင်းကို ခံရလိမ့်မယ်၊ သူ့ကိုသိမ်းပိုက်မဲ့ သူ့ရဲ့ နက္ခတ်ကိုယ်စားပြုတဲ့ နိမိတ်ပုံက ခြသေ့်၊ သူဟာ ငါ့ရဲ့ မိတ်ဆွေ ဖြစ်လာလိမ့်မယ်၊ ငါ့ချစ်သူကို အဓမ္မသိမ်းပိုက်မယ်၊ ပြီးတော့ ငါ့ကိုလည်း သက်တမ်းတစ်ဝက်ဖြစ်တဲ့

www.burmeseclassic.com



အသက် (၅၀)မှာ သေဒဏ်ပေးလိမ့်မယ်''

ခြသေ့်ပုံနက္ခတ်ဆောင်သည့် ကြယ်လုံးမှာ အလင်းရောင်အား ကောင်းလှသည်။ သိပ်ကို ထွန်းလင်းတောက်ပနေလေ၏။

''နက္ခတ်ဟာ အလင်းရောင်အားကောင်းနေပေမဲ့ သွေးနီရောင်တွေ လွှမ်းမိုးနေတယ်၊ ဒါဟာ ဒီနယ်မြေတဝှမ်းမှာ ပိုင်စိုးသူ ဧကရာဇ်ဖြစ်လာမယ်ဆိုတဲ့ နိမိတ်ပဲ၊ သူပိုင်ဆိုင်ဖို့အတွက် ဒီဒေသတဝှမ်းမှာ အကြီးအကျယ် သတ်ဖြတ်ပွဲတွေ ဖြစ်လာလိမ့်မယ်ဆိုတဲ့ သဘောပဲ''

ကျွန်ုပ်တို့၏ နက္ခတ်ကြယ်များတွင် သိုးငယ်နိမိတ်ပုံဆောင် ယူထားသည့် နောက်ထပ် နက္ခတ်လေးတစ်ခု မှိတ်တုတ် မှိတ်တုတ် ဖြစ်နေ၏။

''အင်း… သိုးငယ်နိမိတ်ပုံဆောင်တဲ့ နက္ခတ်ရှင်ဟာ ငါတို့နဲ့ မိတ်ဆွေဖြစ်လာလိမ့်မယ်၊ ဒါပေမယ့် အသက်အရွယ် ငယ်ငယ်လေးမှာပဲ လုပ်ကြံခံရပြီး သေဆုံးလိမ့်မယ်''

သက်ပြင်းကို ထပ်ချမိသည်။ ကျွန်ုပ်၏ ကံကြမ္မာသည် ကျွန်ုပ်မျှော်မှန်းထားသလို ဖြစ်မလာ။ ဆိုးရွားရှုပ်ထွေးနေသော အခြေအနေမို့ ကြိုသိထားရသည်မှာ စိတ်မချမ်းမသာစရာ ကောင်းလှလေတော့သည်။

ဒါကြောင့်မို့ ဆရာက ဒီပညာမသင်ပေးချင်တာ ဖြစ်ရမည်။



ဆရာစေတနာနှင့် အမျှော်မြင်ကြီးမှုကို ကျွန်ုပ် နားလည်လာမိရတော့ ဆရာ့အပေါ် စော်ကားသလိုဖြစ်ခဲ့မိသည့် ကျွန်ုပ်အပြစ်မတွက် ယူကြုံးမရ ဖြစ်မိရသည်။

ကိုယ့်ကိုကိုယ်လည်း ရှုတ်ချ အပြစ်တင်လို့ မဆုံးနိုင်တော့။ နားထဲတွင် ဆရာ့စကားသံတို့ ပြန်လည်ကြားယောင်လာမိသည်။

''ငါမင်းကို ဒီပညာမသင်ပေးချင်တာ အကြောင်းရှိတယ်၊ ဘာအကြောင်းလဲဆိုတာ မင်း အဲဒီပညာကို တက်သွားတဲ့အခါ သိလာလိမ့်မယ်''

ကျွန်ုပ်သည် စိတ်တွင်းမှ ပြန်လည်၍ တီးတိုးပြောလိုက်မိသည်။

''သိပါပြီ ဆရာရယ်'' ဟူ၍။

www.burmeseclassic.com



## အခန်း (၅)

ဘူမိဗေဒပြီး။

သည်မြို့လေး၌ ကျွန်ုပ်၏ဘဝသစ်ကို စတင်ခဲ့သည်။ ကျွန်ုပ် တက်မြောက်ထားသည့် လောကီပညာဖြင့် လူတွေကို ကူညီရန် အတွက် လောကီပညာခန်းလေးဖွင့်၍ နက္ခတ်ဗေဒ ပညာရှင်ဟူသော ဘဝသစ်ကို ခံယူခဲ့လေ၏။

တကယ်တမ်းကျတော့ လူတွေကို ကူညီရသော အလုပ် သည် ထင်သလောက် မလွယ်ကူးမှန်း ကျွန်ုပ်သိလာရသည်။

ဆိုကြပါစို့ ကျွန်ုပ်ထံလာမေးသော လူတစ်ယောက် မကြာ ခင် သေတော့မည်ကို သိနေပါရက်နှင့် သူ့ကိုဖွင့်ပြောရကောင်းနိုး နိုး၊ မပြောရကောင်းနိုးနိုး ဖြစ်နေမိတတ်သည်။

ကံကြမ္မာဆိုတာ ရှောင်တိမ်း၍ ရသည့်အရာမဟုတ်။ တားဆီးပိတ်ပင်၍လည်း မရနိုင်စကောင်း။ ကျွန်ုပ်က ပြောလိုက်



လို့ရော ဘာထူးဦးမှာတဲ့လဲ။ မသေခင် သောကတွေခံစားပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတာပဲ ရှိတော့မှာပေါ့။ ထို့အတွက် ကျွန်ုပ် စိတ်ပျက်မိသည်။ ကံကြမ္မာကို ကြိုသိရခြင်းသည် ပျော်စရာကောင်း သော အရာမဟုတ်မှန်း ကျွန်ုပ် သိလာရပြီး။

ကျွန်ုပ်သည် ကျွန်ုပ်၏ အလုပ်ခန်းလေးမှ အနားရချိန်ကလေး စိတ်ပြေလက်ပျောက်ဖြစ်ရန် တောစပ်သို့ လမ်းလျှောက်ထွက်လာခဲ့ မိသည်။ ဟိုတွေး ဒီတွေးဖြင့် လျှောက်လာရင်း တောစပ်၏ တစ်နေ ရာအရောက် မြွန်းဆို ချုံကြိုချုံကြားထဲမှ လူတစ်ယောက် တိုးထွက် လာသည်ကို မြင်လိုက်ရ၍ ရုတ်တရက်မို့ လန့်ဖြတ်သွားမိလေ၏။

ကျွန်ုပ်နှင့် သက်တူရွယ်တူလောက်ပဲရှိမည့် လူတစ်ယောက်။ အသားကဖြူဖြူ။ လူက ပိန်ပိန်ပါးပါး။ ဥပမိရုပ်က ခန့်ညားချောမော သည်ဟု ဆိုရမည့် လူတစ်ယောက်။ သူ့လက်ထဲတွင် နီနီရဲရဲ မျက်ဖန်း ရှူးဖြင့် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသော ယုန်လေးတစ်ကောင် ကို ပိုက်ထားသည်။

ကျွန်ုပ်ကိုမြင်တော့ လူရွယ်က ရင်းနှီးလိုဟန်ဖြင့် ပြုံးပြ၏။ ကျွန်ုပ်လည်း အလိုက်သင့် ပြန်ပြုံးပြလိုက်မိသည်။

"တောင်းပန်ပါတယ် လန့်သွားလားဟင်၊ ကျုပ်က ဒီယုန် လေးကို ကယ်ပြီးထွက်လာမိတာ"

လူရွယ်က လက်ထဲမှ ယုန်ကို ကျွန်ုပ်မြင်သာအောင် မြှောက်

www.burmeseclassic.com

www.burmeseclassic.com



ပြရင်း

"ဟောဒီမှာလေ သူ့ခြေထောက်လေး ကျိုးနေတယ်၊ မုဆိုးရဲ့ ညွှတ်ကွင်းမိသွားတာလေ၊ တော်သေးတာပေါ့ မုဆိုးတွေ မဦးခင် ကျုပ်တွေ့လို့၊ ဒီယုန်းလေးကို ဆေးကုဖို့ ခေါ်သွားရမယ်"

ကြင်နာသနားတတ်ပုံရသော လူရွယ်က ယုန်လေးကို တယုတယ ပွတ်သပ်ပေးနေ၏။

ရုတ်တရက် တောအုပ်အတွင်းမှ ခွေးဟောင်သံကြားရသည်။ ခွေးဟောင်းသံသည် သားကောင်ကိုမြင်၍ အပြေးအလွှားလိုက်သည့်အသံ။ ယုန်သည် နားရွက်များကိုထောင်ကာ နီးရဲသော မျက်လုံးလေးများကိုပြူးလျက် တဆတ်ဆတ်တုန်ကာ, ကြောက်ရွံ့ ထိတ်လန့်နေ၏။

ခွေးဟောင်းသံသည် ကျွန်ုပ်တို့ရှိရာနှင့် တဖြည်းဖြည်း နီးကပ်လာ၏။ ကျွန်ုပ်တို့နှစ်ယောက်စလုံး တောအုပ်ဆီသို့ အံ့အားတသင့် ကြောင်ငေးကြည့်နေဆဲမှာပင် ချုံဖုတ်အတွင်းမှ အစွယ်တဖွားဖွားနှင့် ခွေးကြီးနှစ်ကောင် ပြေးထွက်လာသည်ကို တွေ့လိုက်ရ၏။

လူရွယ်လက်ထဲမှ ယုန်ကို မြင်သောအခါ ခွေးကြီးနှစ်ကောင်မှာ အာသာငမ်းငမ်းထိုး၍ ဟောင်လေတော့၏။

အစွယ်တဖွေးဖွေး၊ သွားရည်တမြားမြားနှင့် ခေါသတကြီး



ထိုးဟောင်နေသော ခွေးများကိုကြည့်ကာ ယုန်လေးမှာ ကြောက်လွန်းသဖြင့် တဆတ်ဆတ်တုန်ရင်နေလေတော့၏။

တစ်ကြိမ်တွင် လူရွယ်၏ လက်ထဲမှ ယုန်ကိုခုန်ဟပ်၍ သုယူ ဖို့ကြိုးစား၏။ ကျွန်ုပ်တို့နှစ်ဦးမှာ အမဲလိုက်ခွေးနှစ်ကောင်ကို ခြောက်လန့်မောင်ထုတ်သော်လည်း ထွက်မသွားသေးပဲ ကျွန်ုပ်တို့ကိုပင် လှည့်၍ ရန်မူပါလေတော့၏။

အခြေအနေမှာ ဒီအတိုင်း ဆက်ရပ်နေလျှင် ခွေးနှစ်ကောင်၏ ရန်ပြုခြင်းကို မုချခံရတော့မည်ဖြစ်သဖြင့် ကျွန်ုပ်က ကြောင်၍ငေးကြည့်နေသော လူရွယ်ကို လှမ်း၍သတိပေးလိုက်၏။

"ဟေ့လူ ပြေး၊ ပြေးတော့"

ကျွန်ုပ်ပြောမှ သတိဝင်သွားဟန်ဖြင့် လူရွယ်က ယုန်ကို တင်းတင်းပိုက်၍ တစ်ချိုးတည်း လစ်ပြေးလေတော့သည်။

သူပြေးတာက မြို့ဘက်ဆီသို့ ပြန်လှည့်မပြေးဘဲ တောအုပ် အတွင်းသို့ ဦးတည်ပြေးဝင်သွားသဖြင့် ကျွန်ုပ်လည်း သူ့ကို စိတ်မချ ခြင်းကြီးစွာဖြင့် သူ့နောက်မှ ပြေးလိုက်လာခဲ့ရတော့သည်။

အမဲလိုက်ခွေးနှစ်ကောင်မှာ ကျွန်ုပ်တို့ပြေးသည်နှင့် နောက်မှ ထပ်ကြပ်ခွာ ပြေးလိုက်လာကြသည်။

ကျွန်ုပ်တို့နှစ်ဦးမှာ ချုံနွယ်ပိတ်ပေါင်းများကို တရကြမ်းတိုး ဖြတ်သန်းလာခဲ့သည်။ သစ်ကိုင်းများ၊ ဆူးခြုံများနှင့် ကျောက်ချက်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ချက်မျှ တိုက်မိခဲ့သေးသည်။ ဂမူးရှူးထိုး ပြေးလာရသဖြင့် ထိမိခိုက်မိသည့် ဒဏ်ရာဒဏ်များကို ဂရုမစိုက်အားပဲ ဦးတည့်ရာကို စွပ်၍ ပြေးနေမိကြလေ၏။

ကျွန်ုပ်တို့နောက်မှာလည်း အစွယ်ဖွေးဖွေးနှင့် ခွေးနှစ်ကောင်မှာ လေအလျင်ကို အဟုန်မျိုးဖြင့် ခုန်ကာခုန်ကာ ပြေး၍လိုက်နေ၏။ သစ်တောသည် တဖြည်းဖြည်းနှင့် ကျိုးတိုးကျဲတဲဖြစ်လာသည်။

မကြာမီပင် ကျွန်ုပ်တို့သည် တောအုပ်အပြင်သို့ ရောက်လာသည်။ ကျွန်ုပ်တို့ ရှေ့တည့်တည့်တွင် ချောက်ကမ္ဘားကြီးတစ်ခု။ ချောက်ကမ္ဘား၏ တစ်ဘက်တွင် အလွန်မတ်စောက်နက်ရှိုင်းလှသော ရေအလျင် တသွင်သွင် စီးဆင်းလျက်ရှိနေသော ရေတံခွန်တစ်ခု။

ဘုရား။ ဘုရား။ ကျွန်ုပ်တို့ ပြေးလမ်းမရှိတော့။ ရှေ့တွင် သေမင်း၏ နှုတ်ခမ်းဝ၊ နောက်တွင် သေမင်း၏ တမန်တော်ခွေးနှစ်ကောင်။

ကျွန်ုပ်တို့သည် ချောက်ကမ္ဘားထိပ်တွင် ခြေစုံရပ်နေမိကြ၏။ သေမင်းတမန်တော် ခွေးနှစ်ကောင်မှာ ကျွန်ုပ်တို့ကို ကိုက်ခဲချေမွရန် အားသွန်ခွန်စိုက် ပြေးလာနေကြချေပြီ။

ကျွန်ုပ်ဘေးရှိ လူရွယ်ကို အားကိုးတကြီး လှည့်ကြည့်မိသည်။ လူရွယ်မှာ မျက်လုံးကို စုံမှိတ်လျက် ကြောက်ဒူးတုန်လျက်ရှိ၏။ ကျွန်ုပ်မှာ စိတ်အပျက်ကြီးပျက်မိရသလို စိတ်ဓါတ်အကြီး



အကျယ် ကျသွားမိသည်။

လာမည့်ဘေးကို နှစ်ယောက်သား ပူပေါင်း၍ ရဲရဲဝံ့ဝံ့ ရင်ဆိုင်မည်ဟု အားခဲထားသမျှ လေနှင်ရာပြေးရသည့်တိမ်စိုင်လို လွင့်ပါး ပျောက်ကွယ်သွားရလေ၏။

ဒေါသတကြီး ပြေးလာနေသော ခွေးနှစ်ကောင်မှာ ကျွန်ုပ်တို့နှင့် တစ်စ တစ်စ နီးကပ်လာချေပြီ။ ကျွန်ုပ်သည် လာမည့်ဘေးကို ပြန်လည်ရင်ဆိုင်ရန် အသင့်ပြင်ထားမိသည်။

ဒီအတိုင်း အလွယ်တကူတော့ အရှုံးမပေးချင်။ သေခါမှ သေရောဟု စိတ်ပိုင်းဖြတ်ထားမိသည်။

ကျွန်ုပ်၏ ကံကြမ္မာကို နည်းနည်းတော့ သံသယဖြစ်လာ၏။ ကျွန်ုပ်၏ ကံသည်၊ သည်အရွယ်မှာ သည်လိုအခြေအနေမျိုးနှင့် သေရ မည့်ကံမဟုတ်။ သို့သော် ယခုကြုံခဲ့နေရသည်က မလွဲမသွေ သေရတော့မည့် အသက်ဘေး။ ဘုရား။ ဘုရား။ ကျွန်ုပ်ဘဝ အဆုံးသတ်ရ ချေတော့မည်။ ကံကြမ္မာသည် ရက်စက်နိုင်လွန်လေစွ။

ထိုအခိုက်မှာပင် ကောင်းကင်ပေါ်မှ အလင်းတန်းတစ်ခုကျသလို ကျွန်ုပ်တို့အနီးသို့ တရိပ်တရိပ် ရောက်ရှိလာ၏။ သေချာကြည့်မိတော့ ကျွန်ုပ်တို့ရှေ့တွင် ရောက်ရှိနေသူမှာ လူတစ်ယောက်ဖြစ်နေလေ၏။

သူသည် ကျွန်ုပ်တို့ကို ကျောပေးကာ ရပ်နေသည်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ကနေကြည့်ရုံဖြင့် သူ့ခန္ဓာကိုယ်မှာ ထွားကျိုင်းသန်မာလှသည်ကို မြင်သာလေ၏။ ခန္ဓာကိုယ်အပေါ်ပိုင်းမှာ အဝတ်ဗလာ ဖြစ်သဖြင့် ပုထစ်ကြွရှသော လက်မောင်းကြွက်သားများကို အတိုင်းသား မြင်တွေ့နေရသည်။

ခါးအောက်ပိုင်းတွင် တောကောင်တစ်ကောင်၏ သားရေဖြင့်လုပ်ထားသော နံငယ်ပိုင်းကို ဝတ်ဆင်လေ၏။ သူ၏ဆံပင်များမှာ ရွှေဝါရောင်သမ်းလျက်ရှိနေပြီ။ ကျောလယ်ထိရောက်အောင် ရှည်လျားလေ၏။ ခွေခွေကောက်ကောက် ဆံပင်ရှည်များကို သည်အတိုင်းဖားလျားဖြန့်ချထားသည်။

သူ၏ပုံစံမှာ အရိုင်းစိုင်းဆန်လှ၏။ သူက နောက်ကိုတချက် လှည့်ကာ ကျွန်ုပ်အား ပြုံးပြသည်။ သူ၏ သွားများမှာ ညီညာလှပလျက် ဆင်စွယ်ကဲ့သို့ ဖြူဖွေးနေလေ၏။ အသားရောင်မှာ နီညိုရောင်ဖြစ်၍ မျက်နှာဝိုင်း၍ အသားပြည့်၏။ နဖူးမှာ အတော်ပင်ကျယ်၍ မျက်လုံးများမှာ အထူးတောက်ပြောင်စူးရှ၏။

လျှပ်တစ်ပြက်မျှလေး၌ပင် ကျွန်ုပ်...ကဲခတ်လိုက်နိုင်သည်။

သူက ကျွန်ုပ်ကို လှည့်ပြုံးပြပြီးနောက် တဟုန်ထိုးပြေးလာသော ခွေးများရှိရာဘက်သို့လှည့်ကာ ခြေထောက်နှစ်ချောင်းကိုကား၍ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ မားမားမတ်မတ် ရင်ဆိုင်လေ၏။



သူ့ပုံစံမှာ လည်ဆံမွေးဖားဖားနှင့် တောဘုရင်ခြင်္သေ့လို ရဲရဲဝံ့ဝံ့ ရှိလှလေ၏။

ဒေါမာန်တကြီး ပြေးလာနေသော ခွေးနှစ်ကေ ာင်... တစ်ကောင်ပြီးတစ်ကောင် ဆင့်ကာ ဆင့်ကာ ခုန်ဝင်လ...သည်။ ကိုခြင်္သေ့သည် ခုန်ဝင်လာသော ခွေးနှစ်ကောင်ကို အားပါ၍ ပြင်ထန်လှသော လက်သီးချက်များဖြင့် တစ်ချက်စီ ထိုးချလိုက်လေ၏။

ထိုးချက်မှာ အရှိန်ပြင်းလွန်း၍ ခွေးနှစ်ကောင်မှာ မြေပြင်ပေါ်သို့ ဖုတ်ခနဲ ဖုတ်ခနဲ ပြုကျလာသည်။ ချက်ကောင်းမိသွားပုံရသည်။ ခွေးနှစ်ကောင်မှာ နာကျင်လွန်းစွာ တကိန်ကိန်အော်မြည်၍ တောအတွင်းသို့ ကြောက်လန့်တကြား ဝင်ပြေးလေတော့၏။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှချေ၏။ ကျွန်ုပ်မှာ အံ့သြခြင်းကြီးစွာ ပါးစပ်အဟောင်းသားဖြင့် ကြောင်ငေးကြည့်နေမိသည်။ ကိုခြင်္သေ့က ကျွန်ုပ်ကို လှည့်ပြုံးပြတော့မှ ကျွန်ုပ် သတိဝင်လာရ၏။ ထစ်ထစ် အအဖြင့် သူ့အား ကျေးဇူးတင်စကားပြောမိသည်။

“ကျေးဇူးတင်ပါတယ် ဗျာ”

ကျွန်ုပ်ဘေးမှ လူရွယ်၏အသံကို မကြားရ၍ လှည့်ကြည့်မိတော့ သကောင့်သားက အကြောက်လွန်ကာ မြေပေါ်တွင် ပုံလျက်သား ခွေခွေလေး သတိလစ်လျက်ရှိနေသည်။ သူ့လက်ထဲမှ ယုန်လည်းမရှိတော့ ဘယ်နားမှာ ကျခဲ့ပြီလဲမသိ။

www.burmeseclassic.com



"ခင်ဗျား အဖော်က တော်တော်ကြောက်တတ်တာပဲ"

ကိုခြသေ့က ရယ်သွေးသွေး၍ ပြောဏ်။

"ဟုတ်… တယ် သူအကြောက်လွန်ပြီး သတိလစ်သွားတာ"

"ကဲ… ဒီပုံဆို… ခင်ဗျားလူ တော်တော်နဲ့ သတိရမှာ မဟုတ်ဘူး လာဗျာ ကျုပ်တဲကိုလိုက်ခဲ့ကြ၊ ဟိုရောက်မှ သူသတိရအောင် ကျုပ်ဆေးမြစ်တွေ တိုက်မယ်"

"ဟုတ်ကဲ့… ဟုတ်ကဲ့"

ကျွန်ုပ်မှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ ထစ်တီးထစ်အ လျက်ရှိနေဆဲ။ ကိုခြသေ့က ပြောပြောဆိုဆိုဖြင့် သတိမေ့နေသော လူကို ပုခုံးထက်တွင် ထမ်းလိုက်သည်။

ပြီးနောက် ရှေ့မှ ဦးဆောင်ကာ ထွက်သွားလေ၏။ ကျွန်ုပ်သည် သူ့နံဘေးမှ အမှီလိုက်ရင်း သူ့ကို မကြာခဏ အကဲခတ်ကြည့်နေမိသည်။

သူသည် လူချောတစ်ယောက်ဖြစ်၍ ကိုယ်အင်္ဂါပြေပြစ်သည်။ ခြေတန်လက်တန်များမှာ တောင့်တင်းသန်မာ၏။ အရပ်ရှည်သော်လည်း အချိုးအစားကျနေ၍ အသက်အရွယ်အားဖြင့် ကျွန်ုပ်နှင့် မတိမ်း မယိမ်းသာရှိသည်။ ၃၀ ကျော်တော့ ဟုတ်ပုံမရပေ။

မျက်နှာပေါ်မှာ ကြမ်းတမ်းခက်ထန် သုန်မှုန်ခြင်းမရှိဘဲ



ယောက်ျားပီသ၏။ အသားအရောင်မှာ ကြေးနီရောင်သန်းလျက် ရှိနေ၏။

သူ့မျက်နှာတွင် အထူးခြားဆုံးမှာ တောက်ပြောင်၍ ...သော မျက်လုံးများပင် ဖြစ်သည်။

သူသည် တိတ်တဆိတ်ပင် ဦးဆောင်ကာ သွားနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

မကြာခင်မှာပင် ကျွန်ုပ်တို့သည် တောအုပ်အပြင်ဘက်သို့ ရောက်ရှိလာ၏။ ကျွန်ုပ်တို့၏ ရှေ့တည့်တည့် သစ်ပင်အုပ်အုပ်များ ကြားတွင်မူ တဲတစ်လုံး။

"ဒီတဲဟာ ကိုခြသေ့ရဲ့ တဲပဲဖြစ်မယ်"

ဟု ကျွန်ုပ် တွေးမိသည်။

"ဟိုရှေ့ကတဲက ကျုပ်တဲပဲဗျ"

ကိုခြသေ့ကတဲကို လက်ညှိုးထိုးပြီးပြော၏။ ကျွန်ုပ် အထင်မှန်သွား၏။ သို့သော်လည်း ထိုတဲဆီသို့ သွားရသည်မှာ မလွယ်လှပါ။ အမြင်နီးသော်လည်း အသွားဝေးလှသည်။

ရှေ့တွင် တောင်ပူစာလေးတစ်ခု ဆီးခံနေသည်။ တောင်ပူစာလေးပေါ်မှ လှမ်းကြည့်လျှင် တဲကို ကောင်းစွာမြင်နေရ၏။ တဲမှာ ဖို့မြေပေါ်၌ ဆောက်ထားခြင်းဖြစ်၍ မြေပြင်၏ အထက်အပေါ်ဘက်သို့



များစွာမြင့်တက်နေသည်။

အတော်ကလေး လျှောက်လာပြီးတော့မှ တဲဆီသို့ရောက်လာ၏။ ကိုခြသေ့က တဲရှေ့ရှိ ကွပ်ပျစ်တစ်ခုပေါ်တွင် သတိမေ့နေသော ကျွန်ုပ်၏အဖော်ကို အသာချလိုက်၏။ ကျွန်ုပ်ကိုလည်း လှည့်ပြီး ညွှန်ခံသေးသည်။

"ထိုင်ဦးဗျ၊ ဒီမှာ အမောဖြေလိုက်ဦး၊ သူ့အတွက် ကျုပ် ဆေးသွားယူလိုက်ဦးမယ်"

ပြောပြောဆိုဆို ကိုခြသေ့က တဲထဲဝင်သွား၏။ ကျွန်ုပ်လည်း မောပန်းလွန်းလှသဖြင့် ကွပ်ပျစ်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချမိလိုက်သည်။ ဝါးကြမ်းခင်းထားသော ကွပ်ပျစ်မှာ ကျွန်ုပ်ထိုင်လိုက်သည့် အရှိန်ကြောင့် ကျွီခနဲပင် မြည်သွား၏။ ကျွန်ုပ်မှာ လန့်ဖြတ်ပြီး အောက်ကို ငုံ့ကြည့်ရသည်။

အတန်ကြာသည်အထိ ဘာမှမဖြစ်တော့မှ ကျွန်ုပ်မှာ စိတ်ချလက်ချ အမောဖြေရဲတော့သည်။

တအောင့်လောက်ကြာမှ ကိုခြသေ့တဲတွင်းမှ ထွက်လာ၏။ လက်ထဲတွင် ခွက်တစ်ခွက်ကိုကိုင်ထားသည်။

"ဒီမှာ ဆေးရည်ရှိပြီ ခင်ဗျားလူကို တိုက်ရအောင်"

ဟု သူက ဆို၏။ ကျွန်ုပ်လည်း သတိမေ့နေသော လူကို ခေါင်းကနေ မေးကိုင်၍ ဆေးတိုက်လို့ရရန် အသင့်ပြင်မိသည်။

www.burmeseclassic.com



ကိုခြသေ့က ခွက်တွင်းမှ ဆေးရည်များကို နေ့နေသော လူ၏ နှုတ်ခမ်းတွင် တေ့ပြီးအသာလောင်းချသည်။ ခွက်တွင်းမှ ဆေးရည်များ အကုန်အစင် ဝင်သွားတော့မှ ကိုခြသေ့က

"မကြာခင် သူ သတိရလာမှာပါ၊ သူ့ကို ဒီအတိုင်းလှဲထား လိုက်တော့"

ကျွန်ုပ်သည် သူပြောသည့်အတိုင်း ကျွန်ုပ်အဖော်ကို ကွပ်ပျစ်ခေါ် အသာအယာ လှဲစေလိုက်သည်။ ပြီးမှ ကိုခြသေ့ကို ကျေးဇူး တင်လွန်းစွာကြည့်၍ ပြောမိသည်။

"ကျုပ်တို့ ကယ်တဲ့အတွက်ရော၊ ခုလိုကူညီတဲ့အတွက်ပါ ခင်ဗျားကို အရမ်းကို ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ်၊ ဒီလောက်ကလေး ကူညီရတာ ကျုပ်အတွက် အပန်းမကြီးလှပါဘူး"

ဟု သူက ပြုံး၍ပြောလေ၏။

"ဒီလိုလဲ အယ်ဟုတ်ပါ့မလဲဗျာ၊ ကျုပ်တို့ကို အသက်ဆေး ကနေလွတ်အောင် ကယ်လာတာပဲ၊ ခင်ဗျားဟာ ကျုပ်တို့ရဲ့ ကျေးဇူးရှင်ပါ"

"ရော်... ခက်ချေပြီ၊ ဒီလောက်တောင် ကျေးဇူးတင်ချင် လည်း တင်ပေါ့ဗျာ တင်... တင်"

သူက ရယ်ရွှန်းပက်ရွှန်းဖြင့် ပြောသည်။ ထို့နောက် တစ်ခုခု



ကို သတိရသွားဟန်ဖြင့် ကျွန်ုပ်ကို လှမ်းကြည့်သည်။

"ခင်ဗျား ပြေးလွှားထားတာ အတော်ပင်ပန်းနေပြီထင်တယ်၊ အိပ်ချင်အိပ်ပါလား၊ ဪ... နေဦး ခင်ဗျားကို ရေတိုက် ရမယ်"

ဟု ပြောဆိုရင်း တဲအတွင်းသို့ ပြေးဝင်သွားသည်။ ပြန်ထွက် လာတော့ လက်ထဲတွင် ရေတစ်ခွက်ပါလာ၏။

"ကဲ... အမောပြေသွားအောင် ရေသောက်လိုက်ဦး"

သူကမ်းပေးသော ရေခွက်ကိုယူ၍ ကျွန်ုပ် အငမ်းမရ သောက်မိသည်။ ပြေးရလွှားရ၊ သွားလာရထားတာ ကျွန်ုပ်တစ်ကိုယ် လုံး မောယန်းနုံးချိနေပြီ။ ရေသောက်လိုက်မှ အားအင်များ ပြည့်ဖြိုး သန်ဆန်းသွားသလို ခံစားလိုက်ရသည်။

"ဟာ... ခုမှ အမောပြေသွားတော့တယ်၊ ခင်ဗျားကို ဘယ် လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး"

ကျွန်ုပ်က လှိုက်လှိုက်လှဲလှဲ ပြောမိသည်။ သူက ပြုံး၍ ကျွန်ုပ်ကိုငေးနေလေ၏။

ထိုစဉ်မှာပင် တအင်းအင်း ညီးညူသံကြားလိုက်ရပြီး သတိမေ့နေသော ကျွန်ုပ်၏မဖော်မှာ လူးလွန့်၍ လာလေ၏။

"ဟော... သူသတိရလာပြီ"

ကျွန်ုပ်က ဝမ်းသာအားရ ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သတိမေ့နေသော လူရှယ်မှာ တအီးအီးနှင့် ညည်းညူလျက် ရှိနေရာမှ သူ့မျက်လုံးများ တဖြည်းဖြည်း ပွင့်လာ၏။ ကျွန်ုပ်တို့ကိုမြင်တော့ သူက အံ့အားတသင့် ဖြစ်သွားဟန်ဖြင့် လှဲနေရာမှ ကုန်းရုန်းထလိုက်၏။

"ကျုပ် ကျုပ် ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေတာလဲ၊ ခင်ဗျား... ခင်ဗျား"

သူက ကျွန်ုပ်ကိုကြည့်ပြီး အံ့အားတသင့် ရေရွတ်နေသည်။

"ကျုပ်တို့ကို ခွေးတွေရန်ကလွတ်အောင် ဒီကနောင်ကြီးက ကယ်လိုက်တာ"

ဟု ကျွန်ုပ်က ရှင်းပြလိုက်၏။

"ဗျာ"

သူက အံ့သြဝမ်းသာဟန်ဖြင့် ရေရွတ်ကာ ကိုခြသေ့ကိုလှမ်းကြည့်သည်။

"နောင်ကြီးက ကျုပ်တို့အသက်ကို ကယ်လိုက်တာဟုတ်လား ကျေးဇူးတင်ပါတယ် ကျေးဇူးတင်လိုက်တာဗျာ"

သူက ကိုခြသေ့၏လက်ကိုဆွဲ၍ လှုပ်လှုပ်လှဲလှဲ ပြောနေ၏။ ကိုခြသေ့က အပြုံးဖြင့်သာ တုန့်ပြန်ပါ၏။

ထို့နောက်မှာတော့ ကျွန်ုပ်တို့သည် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် မိတ်ဆက်ကြ၏။



"ကျုပ်နာမည်က ဗျူဟ၊ တစ်ကိုတော်မုဆိုးပေါ့"

"ဗျာ"

တစ်ကိုတော်မုဆိုးဆိုသည့် စကားကို ထူဆန်းသွားကာ ကျွန်ုပ်တို့နှစ်ယောက်စလုံး တပြိုင်တည်းလိုလိုပင် အံ့အားတသင့် ရေရွတ်မိကြသည်။ ဒါကို နားလည်ပုံရသော မုဆိုးကြီး ဗျူဟက သူ့စကားကို ရှင်းအောင်ထပ်ပြော၏။

"ကျုပ်က တောလိုက်ခွေးတွေနဲ့ အမဲမလိုက်ဘူးဗျ၊ ဒါကြောင့် တစ်ကိုယ်တော်မုဆိုးလို့ပြောတာ၊ ခွေးတွေရှာပေးမှ စားရမဲ့ကောင်မဟုတ်ဘူး၊ ကျုပ်အစွမ်းအစနဲ့ သတ္တဝါတွေရဲ့ ခြေရာကိုခံနိုင်တယ်၊ ဘာလက်နက်မှ မပါဘဲ သတ္တဝါတွေကို တိုက်ခိုက်သတ်ပုတ်နိုင်တဲ့ မုဆိုးပေါ့"

မုဆိုးကြီး ဗျူဟက ဂုဏ်ယူဝံ့ကြွားဟန်ဖြင့် ပြော၏။ ပြီးနောက် သူ့စကားကို သဘောကျစွာ တဟားဟားရယ်လေ၏။ ကျွန်ုပ်တို့ နှစ်ဦးလည်း ရောယောင် ပေါ်ယောင်ဖြင့် လိုက်ရယ်မိသည်။

"ကဲ ဆိုစမ်းပါဦး မိတ်ဆွေကြီးတို့ရဲ့ အမည်တွေက ဘာတဲ့တုန်း"

ကိုဗျူဟက ရယ်ရှိန်ကိုသတ်၍ ကျွန်ုပ်တို့နှစ်ဦးကို လှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည်က သိပ်နှစ္စ၊ ဘုမ္မထီမြို့ထဲမှာ လောကီပညာ ဆိုင်းလေးဖွင့်ထားပါတယ်၊ ကျုပ်က နက္ခတ်ပညာရှင်တစ်ယောက်ပါ"

ကျွန်ုပ်က ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်သည်။

"အလို ခင်ဗျားက နက္ခတ်ပညာရှင်ကိုး ကျုပ်က ဗေဒင်ဆရာမှတ်နေတာ"

ကိုဗျူဂုက အရွှန်းဖောက်လေ၏။ ကျွန်ုပ်တို့မှာ ရယ်ရသေးတော့သည်။ ထိုခဏလေးအတွင်းမှာပင် ကျွန်ုပ်တို့ တစ်ယောက်ကိုတစ်ယောက် တော်တော်လေး ရင်းနှီးမိသွားကြသည်။

"ကျုပ်က ဩရပါ၊ ပါနသန်ပြည်မှာ နေပါတယ်"

ကျန်သောတစ်ယောက်က ပြောလိုက်သည်။ ကျွန်ုပ်တို့သည် အချင်းချင်း မိတ်ဆက်ပြီးကြသောအခါ မုဆိုး ဗျူဂုက

"ကဲ… ခင်ဗျားတို့ အတော်ဆာနေရောပေါ့၊ ကျုပ်ကိုယ်တိုင် အမဲလိုက်ထားတဲ့ အမဲတွေ ကင်ကျွေးပါ့မယ်"

ဟု ပြောကာ ဧည့်ဝတ်ပြုလေ၏။

ထိုနေ့က စားကြသောက်ကြ၊ အလွှာ၊ သလွှာပစကားဆိုကြ ရင်းမြင့် နေ့အတော်စောင်းမှ ကိုယ့်အိမ်သို့ပြန်မိကြရတော့သည်။

မထင်မှတ်ပါပဲ တွေ့ဆုံမှုတစ်ခု အစပျိုးလာခဲ့၏။ ဤသည်မှာ ကြေကွဲဖွယ်ရာ အဖြစ်အပျက်များ ဆောင်ကျဉ်းလာမည့် တွေ့ဆုံ



မှုဖြစ်သည်ကိုမူ ကျွန်ုပ်တို့ ထိုစဉ်က မည်သို့မျှ ထင်မှတ်မထားမိခဲ့ပါချေ။

ဖဖဖ

www.burmeseclassic.com



## အခန်း (၇)

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်ုပ်သည် အိမ်ရှေ့ရှိ ခြံဝန်းလေးထဲ၌ အပင်များ လှည်းကျင်းနေစဉ် ကျွန်ုပ်ထံသို့ မြင်းစီးလာသော လူတစ်ယောက် ရောက်ရှိလာ၏။

မြင်းကို ကျွန်ုပ်ခြံရှေ့၌ တုန့်ခနဲ ရပ်လိုက်ပြီး မြင်းပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာ၏။ အနီးရောက်မှကြည့်မိသော် ရဲမက် တစ်ဦးဖြစ်နေသည်ကို တွေ့ရ၏။

"နက္ခတ်ပညာရှင် သိပ်ာနစွလား"

ဟု ရဲမက်က ကျွန်ုပ်ကိုမေးသည်။

"ဟုတ်ပါတယ် ကျုပ်ပဲ၊ ဘာကိစ္စများပါလိမ့်"

ကျွန်ုပ်က အံ့ဩတကြီး ပြန်မေးလိုက်၏။ ရဲမက်က အကျႌ ရင်ဘက်ထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်ယူ၏။

"ဖိတ်ကြားလွှာပါ"



ဟု ဆိုကာ ရဲမက်က ကျွန်ုပ်ကို တရိုတသေ ကမ်းပေး၏။ ရဲမက်လက်ထဲမှ ဖိတ်ကြားလွှာကိုယူ၍ ဖြန့်ကြည့်မိသည်။

"မနက်ဖြန် နံနက် ပါနသန်နန်းတော်မှာ ကျင်းပမယ့် ဥယျာဉ်တော်ပွဲသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည် အခွေတော်၊ အိမ်ရှေ့စံ သို့ပါလား"

ဖိတ်ကြားလွှာပေါ်မှ စာသားများကို ကျွန်ုပ်က အသံထွက် ရွတ်ဖတ်ပြီးနောက် အံ့ဩတကြီး ဖြစ်သွား၏။

နန်းတွင်းနှင့် အစပ်အဆက်လည်းမရှိပါပဲနှင့် ပါနသန်ပြည်၏ အိမ်ရှေ့စံက ဥယျာဉ်တော်ပွဲကိုလာဖို့ ဖိတ်ကြားသတဲ့။

ဘုရား။ ဘုရား။ ကျွန်ုပ် အိပ်မက်များ မက်နေသလား။

"ရဲမင်ကြီး၊ ဒါ တကယ်လား"

ဟု ကျွန်ုပ်က ကြောင်တိကြောင်တောင်နိုင်လှစွာ မေးမိသည်။

"မှန်ပါတယ်၊ အိမ်ရှေ့စံကိုယ်တော်ကြီးကိုယ်တိုင် ဖိတ်ကြားခိုင်းလိုက်တာပါ"

"ကျွန်ုပ်ကို ဖိတ်တာမှ ဟုတ်ရဲ့လား"

ကျွန်ုပ်မှတ်မှ မယုံနိုင်လွန်းစွာ ကပေါက်တိပေါက်ချာ ထပ်မေးမိသည်။

"ဟုတ်ပါတယ်၊ ဘုမ္မထီမြို့က နက္ခတ်ပညာရှင် သိပ်ာနစွ

ကို ပေးလိုက်ပါလို့ အမှာတော်ပါးလိုက်တာပါ၊ ဒါနဲ့ နောင်ကြီးက ဆရာသိပ်နှစ္စ ဟုတ်ပါလေစ”

ရဲမက်က ကျွန်ုပ်အမှုအရာကြောင့် မယုံနိုင်သလိုဖြစ်ကာ မေးလေ၏။

“ဟုတ်ပါတယ်၊ ကျုပ်ပါပဲ၊ နက္ခတ်ဝညာရှင် သိပ်နှစ္စဆိုတာ ကျုပ်ပဲလေ”

ကျွန်ုပ်က ဟျာဟျာသလဲ ပြောလိုက်တော့မှ ရဲမက်က ယုံကြည် သွားဟန်ဖြင့် မျက်နှာထားပြောင်းသွားသည်။

“ကောင်းပါပြီ၊ ဒါဆို ကျွန်ုပ်ကို ခွင့်ပြုပါဦး”

ဟု သူကဆို၏။

ကျွန်ုပ်က ကဟျာကယောင် ခေါင်းညိတ်ပြလိုက်သည်။ ရဲမက်သည် ကျွန်ုပ်ရှေ့မှ လှမ်းထွက်သွားကာ မြင်းပေါ်သို့ ခုန်တက်လိုက်လေ၏။ ထို့နောက် မြင်းဇက်ကြိုးကို ဆောင့်ခနဲဆွဲကာ အသော့နှင်သွားလေတော့သည်။

မြင်းပြေးရာလမ်းတစ်လျှောက် ဖုန်တထောင်းထောင်းထလျက် ရှိနေသည်ကို ရပ်ငေးကြည့်ရင်း ကျွန်ုပ်သည် အတွေးတို့ဖြင့် ရှုပ်ထွေးလျက် တုန့်ရစ်ခဲ့ရလေတော့သည်။

ဘာကြောင့်။ ဘာကြောင့်လဲ။

**ကျွန်ုပ်ကို အိမ်ရှေ့စံ ကိုယ်တော်ကြီးက ဥယျာဉ်တော်ပွဲတို**



လာဖို့ ဖိတ်ကြားသတဲ့။

ရွှေနန်းတော်ထိ ပေါက်ကြားလောက်အောင် ကျွန်ုပ်က ကျော် ကြားလှသည်လည်း မဟုတ်။

သို့မို့ ဘာကြောင့်လဲ။

ကျွန်ုပ် မတွေးတတ်အေး ပါပဲလေ။

www.burmeseclassic.com



## အခန်း (၀)

အိမ်ရှေ့စံမင်းသား၏ ဖိတ်ကြားချက်အရ ပါနသန်ပြည်၏ ဥယျာဉ်တော်ပွဲသို့ ကျွန်ုပ် ရောက်ရှိလာခဲ့ရလေပြီ။

ဥယျာဉ်တော်အတွင်းတွင် ပန်းပေါင်းစုံ အရောင်အသွေးစုံဖြင့် ဝေဆာပွင့်လင်းလျက်ရှိ၏။ အမွှမ်း အပြောက်တို့ဖြင့် စီရင်ခြယ်သထားပြီး ကြာဖြူ၊ ကြာနီ၊ ကြာဝါတို့ဖြင့် ပန့်ရ တင့်တယ်လှပသော ရေကန်သာ။

နံဘေးတစ်ဖက်တစ်ချက်စီတွင် အရောင်သွေးစုံ ပန်းတို့ဖြင့် စီတန်းညီညာစွာ စိုက်ထားသော ကတ္တီပါကော်ဇောနှယ် မြေနီလမ်းကလေး။

စိမ်းညို့ညို့ သစ်ပင်များထက်တွင်တော့ ငှက်ကလေးများက ကျီကျီကျာကျာ တီတီတာတာ အသံများဖြင့် သံစဉ်လှိုင်းလေးများကို ခွန်းသီကြူးရင့်နေကြလေ၏။



ကိုကို ရွှေပိတုန်းတို့ မောင်မောင်လိပ်ပြာတို့သည်လည်း ရဲရဲတောက် အလှသွေးကြွယ်နေကြသော ပန်းရောင်စုံလေးများကြား၌ လူးလားခေါက်တုံ့ ဝဲပျံကာ သည်ကနေဟို၊ ဟိုကနေသည် ကူးချည် သန်းချည်ဖြင့် မြူးထူးပျော်ပါးနေကြလေ၏။

သင်းရနံ့ထုံထုံ၊ အဆင်းအလှစုံစုံဖြင့် ပန်းကမ္ဘာလေးအလယ်၌ ရောက်နေမိသည့် ကျွန်ုပ်အဖြစ်ကို မယုံနိုင်လွန်းစွာ အံ့သြကြည်နူး မိရတော့သည်။

အတီးအမှုတ်၊ အကအလှစုံလင်စွာဖြင့် ခမ်းနားထည်ဝါ မြိုင်ဆိုင်လှသော ဥယျာဉ်တော်ပွဲကလေး။

ရောက်ရှိလာသော လူများ၏မျက်နှာပြင်တွင် ရွှင်မြူးပြုံးပျော်နေသော အရိပ်သင်္ကေတများ ကိုယ်စီထင်ဟပ်လျက်။ ဥယျာဉ်တော်ပွဲလေးမှာ စည်းကားသိုက်မြိုက်လှလေတော့၏။

စူးရှသော အော်သံတစ်သံ ကြားလိုက်ရ၏။ ဆူညံပွက်လောရိုက်နေသော အသံများလည်း ထိတ်ကနဲ ငြိမ်ကျတိတ်ဆိတ်သွားသည်။ အားလုံးလိုလို၏ ဦးခေါင်းများ အသံလာရာဆီသို့ တပြိုင်တည်းလိုလို လှည့်မိလျက်သား။

ဥယျာဉ်တော်၏ အဝင်ဝဆီတွင် မြင်းနက်သုံးကောင်ဖြင့် တကြိုးဆင်ထားသော မြင်းရထားတစ်စီးပေါ်မှ ရွှေအိုရောင်ဝတ်ရုံစ တဖားဖားဖြင့် လွှားကနဲ ခုန်ဆင်းလာသော လူတစ်ယောက်။

www.burmeseclassic.com



လျှောက်လာပုံက ဟန်ချီးပန်ချီမရှိလှ။ သာမာန်လူလိုပင် အေးအေးဆေးဆေး နိုင်လှသည်။ ဝင်းဝါသော သွေးအသားရေပေါ်၌ ရွှေအိုရောင်အဝတ်အစားတို့ကို ဝတ်ဆင်ထားသဖြင့် တစ်ကိုယ်လုံး ရွှေအိုရောင်သန်းနေသော ရွှေလူသား။ သူက အိမ်ရှေ့စံတဲ့။ ကျွန်ုပ်ကို ဥယျာဉ်တော်ပွဲလာဖို့ ဖိတ်ကြားခဲ့တဲ့ အိမ်ရှေ့စံမင်းသားဆိုပါလား။

ကျွန်ုပ်နှင့် အတော်ဝေးလွန်းလှသေးသဖြင့် မျက်နှာကို သဲသဲကွဲကွဲ မမြင်ရသေးပေ။ အားလုံးလိုလိုက အိမ်ရှေ့စံကိုယ်တော်ကို ခေါင်းငုံ့ခါးညွတ်၍ အရိုအသေပေးနေကြသဖြင့် ကျွန်ုပ်လည်း သူတို့လို လိုက်လုပ်ရတော့သည်။

ခေါင်းငုံ့ ခါးညွတ်ကာ အရိုအသေပေးနေရင်းက ကျွန်ုပ်မှာ အိမ်ရှေ့စံ၏ မျက်နှာကို ကြည့်ချင်စိတ် တဖွားဖွား ပေါ်နေမိသည်။ ကျွန်ုပ်ရှေ့တွင် ရွှေဝါရောင် ဖိနပ်စီးထားသော ဖြူဖွေးသော ခြေဖမိုး တစ်စုံ ရပ်တန့်လာ၏။

မျက်နှာကို ကြည့်ချင်မြင်ချင်စိတ်က ထိန်းမရသိမ်းရဖြစ်လာ၏။ စိတ်ကိုမချုပ်တည်းနိုင်သည့်အဆုံး မျက်လွှာပင့်၍ မော်ကြည့်မိသည်။

ကျွန်ုပ်ကို ပြုံးရယ်လျက် ကြည့်နေသော မျက်ဝန်းနှင့် အကြည့်ချင်းဆုံသွားသည်။ ရွှေလူသား၊ အဲ... အိမ်ရှေ့စံ ကိုယ်တော်လေး။



ဘုရားရေ... ငါ ဒီလူကို တရင်းတနှီး မြင်ဖူးနေပါတယ်။ ဘယ်မှာပါလိမ့်။ သူကလည်း ငါ့ကို သိနေသလိုပဲ။

အသေချာ စူးစိုက်ကြည့်မိသည်။ ဒီအပြုံး၊ ဒီမျ... ဒီမျက်နှာ။ အို ဒါဟာ ကျွန်ုပ်ရဲ့ မိတ်ဆွေ ဩရ မဟုတ်ပေလား။

"မှတ်မိပါစ အဆွေတော်"

အိမ်ရှေ့မင်းဩရက ရယ်ပြုံးကာ နှုတ်ဆက်လေ၏။

"မှတ်မိပါတယ်၊ မှတ်မိပါတယ် အရှင့်သား"

ယောင်တိ ယောင်ချာဖြင့် ကျွန်ုပ် တပြန်ပြောမိလိုက်သည်။ ...တ်ဆုပ်ချီရှုံးနိုး၊ ဦးညွတ်ရနိုးနိုးဖြင့် ကျွန်ုပ်မှာ အနေရအထိုင်ရခက်... မဝံ့မရဲ ဖြစ်နေမိသည်။

"ကဲ... အဆွေတော် ကျုပ်တို့ရဲ့ ဥယျာဉ်တော်ပွဲလေးမှာ စားဖွယ်သောက်ဖွယ်တွေလည်း ပြင်ဆင်ထားပါသေးတယ်၊ လာ... သွားကြစို့"

အိမ်ရှေ့စံ ဩရက ကျွန်ုပ်၏ ပုခုံးကိုဖက်ကာ တရင်းတနှီး ...သည်။ ကျွန်ုပ်သည် အများမိုလ်ပါအလယ်၌ အိမ်ရှေ့စံက တရင်း...နှီးဆက်ဆံနေသဖြင့် အနေရအထိုင်ရခက်လှသည်မှာတော့ အမှန်... ငယ်ပေါင်းကြီးဖော် သူငယ်ချင်း အရင်းကြီးတွေလို တရင်း...နှီးလဲ မဆက်ဆံရဲ၊ ရိုသေဝပ်တွား ခယနေပုံမျိုးလည်း မလုပ်ပဲ ...တိုး အမ်းတမ်းဖြစ်နေမိသည်။

www.burmeseclassic.com



အိမ်ရှေ့စံညြရက ကျွန်ုပ်အဖြစ်ကို ရိပ်မိပုံရသွား လိုက်လိုက် လဲ့လဲ့ ရင်းနှီးဖော်ရွေစွာ ဆက်ဆံ၍ အားပေးစကားပြောၧ၏။

"ကျုပ်ကို ဆက်ဆံရတာ မဝံ့မရဲဖြစ်နေပုံရတယ်၊ ဟိုအရင် လို ပုံမှန်အတိုင်းသာ ဆက်ဆံစမ်းပါဗျာ၊ ဝုဏ်ရှိန်ဝါတွေနဲ့ ပညတ်ချက်တွေ ကျုပ်တို့ကြားမှာ မလိုပါဘူး၊ ကျုပ်တို့က မိတ်ဆွေရင်းတွေပဲဟာ"

အိမ်ရှေ့မင်းက ထိုသို့ပြောလေ ကျွန်ုပ်မှာ အားတုံ့အားနာ ပိုဖြစ်ရလေပါပဲ။

"အရှင့်သားပြောတာ မှန်ပါတယ် ဘုရား၊ ဒါပေမဲ့ လူဗုံအလယ်မှာ ဖြစ်နေတာမို့၊ မိတ်ဆွေရောင်းရင်းတွေ တရင်းတနှီး ဆက်ဆံရန် မသင့်တော်လှပါဘူး ဘုရား ထိုသို့ ဆက်ဆံရမှာကိုလည်း ကျွန်တော်မျိုး မဝံ့မရဲ ဖြစ် မိပါတယ် ဘုရား"

"အလိုလေးကွယ်၊ ဆင်ခြေဆင်လက်တွေလည်း များ ကဲ… ရှိစေတော့ ရှိစေတော့၊ နေသာသလိုသာ နေပါ ကွယ်"

အိမ်ရှေ့မင်းသားက တရင်းတနှီး ကြည်စယ်ဟန်ဖြင့် ပြော လိုက်၏။ ထိုခါကျမှ ကျွန်ုပ်မှာ သက်ပြင်းကို ကြိတ်ချရလေ၏

—"ဟိုတစ်ယောက်ကိုလည်း ဖိတ်ထားသေးတယ်၊ သူ



မလာသေးဘူး"

အိမ်ရှေ့စံညြရက ကျွန်ုပ်နားတိုးတိုးကပ်၍ ပြောလိုက်၏။

"ဘယ်သူကိုလဲ အရှင့်သား"

သူက ကျွန်ုပ်မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်လာ၏။ မသိရ ကောင်းလားဟု အပြစ်တင်ချင်သော မျက်နှာထားမျိုးဖြင့်။

"ခြသေ့ကြီးလေ"

"ဗျာ"

အထူးအဆန်းဖြစ်သွားသော ကျွန်ုပ်ကိုကြည့်ကာ အိမ်ရှေ့စံ ၏ မျက်နှာမှာ ပြုံးဖြဲဖြဲဖြစ်လာ၏။

"ကျုပ်တို့ရဲ့ ခြသေ့ကြီး ကိုဗျူဂလေ"

"သြော်… သူ့ကိုလဲ ဖိတ်ထားတယ်လား"

ကျွန်ုပ်က တအံ့တသြသံဖြင့် ရေရွတ်မိသည်။ ထိုအခိုက်မှာ ပင် ကျွန်ုပ်စိတ်ထဲ အလင်းပွင့်သွားသလိုမျိုး တစ်စုံတစ်ရာကို ပြန်အ မှတ်ရလာ၏။

ကျွန်ုပ်၏ ကံကြမ္မာနက္ခတ်။ ပတ်သတ်လာမည့် လူသုံး ယောက် ခြသေ့ပုံဆောင်ယူထားတဲ့ နက္ခတ်ရှင်၊ သိုးငယ်နှိမိတ်ပုံဆောင် ယူထားတဲ့ နက္ခတ်ရှင်၊ အပျိုစင်နတ်သမီး နက္ခတ်ရှင်။

ရင်အစုံသည် တဒိတ်ဒိတ်ဖြင့် အခုန်မြန်လာ၏။ ဒါတွေဟာ ကျွန်ုပ်ကံကြမ္မာ အစပျိုးမှု။

www.burmeseclassic.com

www.burmeseclassic.com



"ယော ပြောရင်း ဆိုရင်း ဟိုမှာ လာပါပြီ"

ဝမ်းသာအားရ ရေရွတ်လိုက်သော အိမ်ရှေ့စံ၏ အသံကို ကြားလိုက်ရပြီး ကျွန်ုပ်၏မျက်ဝန်းများက အိမ်ရှေ့စံ ညွှန်ပြရာဆီ ရွေ့ခန်း။

ကေသရာဇာခြင်္သေ့မင်းနှယ် ဝံ့ကြွားရဲရင့်သော ခြေလှမ်းများဖြင့် ကျွန်ုပ်တို့ရှိရာဆီ လျှောက်လှမ်းလာသော ခြေအစုံ။

ခြင်္သေ့၏ လည်ဆံမွေးဖွားဖွားကြီးများကို ရွှေဝါရောင်တောက်ပနေသော ဆံပင်ဖားလျားကြီးများမှာ ခြေလှမ်းလိုက်တိုင်း တလွင့်လွင့်။

အကာအကွယ်မဲ့ ပြည့်ဖြိုးမို့မောက်၍ ဖုထစ်ကြွရွသော ရင်အစုံကိုကော့ချီကာ အားမာန်အပြည့်ပါသော လက်များဖြင့် ဟန်ချက်ညီညီလွှဲကာ ရမ်းကာ လျှောက်လှမ်းလာသည့်ဟန်။

တောက်ပစူးရှသော မျက်ဝန်းအစုံ ဓဟိတာထိ အပြုံးရိုး ဆင်ယင်ထားသော နှုတ်ခမ်း။

လှုပ်အလယ်မှာ တင်းခဲ့၊ လင်းခဲ့ ခြင်သာလှသော မြင်းစားသည့်အရုပ်၊ ထွားကျိုင်းသည့် ခန္ဓာ ပိုင်ဆိုင်ထားသည့် ခြင်္သေ့ကြီး ဇုမ္ဗူ တောဘီဝဲယာငဲ့ မကြည့်ပဲ ကျွန်ုပ်တို့ရှိရာဆီသို့ တန်းတန်းမတ်မတ် လျှောက်လှမ်းလာနေချေပြီ။

"လာမှ လာပါမလားလို့ စိတ်ပူလိုက်ရတာ ကိုဇုမ္ဗူ ရယ်



ဘာလို့ နောက်ကျနေရတာတုန်း"

အိမ်ရှေ့စံက ဆီး၍ ပြောလိုက်၏။

"ကျုပ်က ဒီကို မလာခင် တောလိုက်ရသေးတယ်လေ၊ ဝမ်းစာကို ရှာရသေးတာ"

"အံမယ်၊ ဘာလို့ ဒီလောက် အပူကြီးနေရတာလဲ၊ တစ်ကိုယ်တည်းသမားပဲဟာ တစ်နေ့တစ်လေ တောမလိုက်လို့ မငတ်သွားပါဘူးဗျာ"

"ဒါတော့ ဒါပေါ့၊ ကျုပ်က တောမလိုက်ရရင် စားဝင်အိပ်ပျော်တဲ့ကောင် မဟုတ်ဘူးလေ၊ ဒါကြောင့် ဒါကြောင့်"

"ကဲ... ကဲ အဲဒါတွေ ခဏမေ့ထားလိုက်၊ ဒီမှာ ကျုပ်တို့ရဲ့ စားသောက်ပွဲလေးကို ချီးမြှင့်လိုက်ပါဦး"

အိမ်ရှေ့စံ ဩရနှင့် ကိုဇုမ္ဗူတို့ အပြန်အလှန် ပြောဆိုနေကြသည်ကိုကြည့်၍ ကျွန်ုပ်မှာ များစွာအံ့ဩမိရလေ၏။

အိမ်ရှေ့စံကလည်း ဟိတ်ဟန်မရှိ ကျွန်ုပ်တို့ကို တန်းတူရည်တူ ဆက်ဆံသည်၊ ကိုဇုမ္ဗူကတော့ နည်းနည်းလေးမှ မဝံ့မရဲတာလည်းမရှိ။ ဟန်ပန်အမူအရာမှာ အေးအေးဆေးဆေး သက်တောင့်သက်သာ ကျွန်ုပ်မှာသာ ရှိုးတိုးရှန့်တန့်တွေဖြစ် အနေတွေခက်လို့။

စားရင်းသောက်ရင်းဖြင့် ကျွန်ုပ်တို့သုံးဦးသား စကားလက်ဆုံ ကြနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဆီကို နန်းတွင်းဖိတ်ကြားလွှာရောက်လာတော့ တော်တော်ကို အံ့သြနေမိတာ၊ အိမ်ရှေ့စံကိုယ်တော်က ဖိတ်တယ်ဆိုတော့ အစဉ်းစားရကြပ်နေတာပေါ့၊ ဒီရောက်မှ အိမ်ရှေ့စံဟာ ကျုပ်တို့ရဲ့ ကိုသြရဖြစ်နေတာကို သိရတော့တယ်၊ တကယ်လုံးဝ မထင်ထားဘူးဗျာ"

ကျွန်ုပ်က အံ့သြနေမိရသည့် ကိစ္စကို ဖွင့်ကာပြောမိသည်။ အိမ်ရှေ့စံသြရက ပြုံးနေ၏။ ကိုဗျူဟာကတော့ အံ့သြပုံမရသော မျက်နှာထားဖြင့် တည်ငြိမ်စွာရှိနေသည်။

"ကျုပ်ကတော့ ကိုရင်သြရကို နန်းတွင်းကမှန်း ရိပ်မိပါတယ်"

ကိုဗျူဟာက မပွင့်တပွင့် အသံဖြင့် ပြောလိုက်၏။

"ဘယ်လို ရိပ်မိတာလဲဗျ"

အိမ်ရှေ့စံသြရက စိတ်ဝင်စားဟန်ဖြင့် မေး၏။ ကိုဗျူဟာက သူ့ပုံစံအတိုင်း နှုတ်ခမ်းကို မထိတထိပြုံးလိုက်ပြီး

"ဟောဒီ နဖူးကိုကြည့်ရင် သိသာပါတယ်"

ဟု အိမ်ရှေ့စံသြရ၏ နဖူးကို လက်ညှိုးညွှန်၍ ပြကာ ပြော၏။

"ဒီနဖူးက မကိုဋ်အမြဲဆောင်းထားရလို့ ဖြူနေတာတွေလား၊ သာမာန်အရပ်သားတွေဆို မကိုဋ်ဘယ်ဆောင်းပါ့မယ်၊ နန်း



တွင်းက ရဲမက်တွေနဲ့ မင်းညီမင်းသားတွေပဲ ဆောင်းရတာလေ၊ မင်းပုံစံက ပျော့ပျော့ညံ့ညံ့နဲ့ဆိုတော့ ရဲမက်တော့ မဖြစ်နိုင်ဘူးလို့ ထင်လိုက်မိတာ"

"ခင်ဗျားထင်တာ မှန်ပါတယ်"

ဟု အိမ်ရှေ့စံသြရက ချီးကျူးဟန်ဖြင့် ပြောလိုက်သည်။ ကျွန်ုပ်သည် အိမ်ရှေ့စံနှင့် ကိုဗျူဟာတို့၏ ပြောဟန်ဆိုဟန်တို့ကိုကြည့်၍ ဘဝင်မကျဖြစ်မိရသည်။ အိမ်ရှေ့စံက ဘယ်လိုပဲ တန်းတူရည်တူ ဆက်ဆံပါစေ။ ကိုဗျူဟာအနေနှင့် ဘုရင့်သားတော်တစ်ပါးကို လေးလေးစားစားတော့ ဆက်ဆံသင့်သည်ဟု ထင်သည်။ ခုသူ့ပုံစံ မရှိမသေ မခန့်လေးစားနိုင်လွန်းလှသည်။ တောတွင်းသားမို့ ထီးသုံး နန်းသုံးစကားတွေ အလိုက်တသင့် ပြန်မပြောတတ်ဘူး ထင်ပါရဲ့လေဟု တဆက်တည်း ဖြေတွေးမိတော့ ခွင့်လွှတ်ချင်စိတ်က အလိုလို ဖြစ်သွားသည်။

"ဟော… ကျုပ်နှမတော် ရောက်လာပြီ"

အိမ်ရှေ့စံသည် ကိုဗျူဟာနှင့် စကားပြောနေရင်းမှ အကြည့်များက ဥယျာဉ်တော်ဝသို့ ရောက်သွားကာ ဝမ်းသာအားရ ပြောလိုက်လေ၏။

ကျွန်ုပ်တို့သည် တပြိုင်တည်းလိုလို လှည့်ကြည့်ကြသည်။ အဖြူရောင် ဝတ်စုံကိုထက်အောက် ဝတ်ဆင်ထားသော အရပ်မြင့်မြင့်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောလေးတစ်ယောက် ကြွရွှေရသော ခြေလှမ်းများဖြင့် ကျွန်ုပ်တို့ရှိရာသို့ လျှောက်လှမ်းလာနေ၏။

မြင်လိုက်ရုံနှင့် လှသည်ဟု ဆိုရမည့်အလှပိုင်ရှင်လေး။ အဖြူရောင်ဝတ်စုံသည် သူမ၏ ကျော့ရှင်းသော ခန္ဓာကိုယ်ပေါ်တွင် ချပ်ချပ်ရပ်ရပ် ရှိနေ၏။

နက်မှောင်ထူထဲသော မျက်ခုံးများသည် လေးကိုင်းသဖွယ် ကျနေသည်။ ပြူးကျယ်ဝိုင်းစက်၍ ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံတွင် ညှို့ယူဖမ်းစားနိုင်သော အစွမ်းသတ္တိတွေ ကိန်းဝပ်တည်နေ၏။ ချွန်မြလှပသော နှာတံ၊ နှင်းဆီဖူးလို နီရဲနုထွေး၍ လှပသေသပ်သည့် နှုတ်ခမ်းတွင် မြင်သူတမေ့တမော ငေးသွားစေမည့် အပြုံးမျိုး တပ်ဆင်ထားသည်။ ဖြူနုသော အသားရေသည် နေပြောက်ထိုး၍ ပန်းရောင်သန်းနေလေ၏။

နတ်မိမယ်တစ်ပါးလို လှရက်နိုင်သူလေးပါလား။ နတ်မိမယ်သည် မည်မျှလှသည်ကိုတော့ မမြင်ဖူး၍မသိ။ သူမ အလှကိုတော့ ကျွန်ုပ် မနှစ်မျောမဲ မနေနိုင်ပေ။

"နမတော် နည်းနည်းနောက်ကျသွားတယ် အစ်ကိုတော်"

ချစ်စဖွယ် ဟန်ပန်နှင့် ချိုမြသောအသံ သူမ၏ လှပ်ရှားမှုအစုံသည် ကျွန်ုပ်အတွက် အံ့အားသင့်စရာတွေချည်း။

"ငါ့ပုလဲဥလေးကတော့ အမြဲကို နောက်ကျနေတော့တာပဲ၊



ကဲ... ပြောစမ်းပါဦး ဘာတွေများ လုပ်နေရလို့ကုန်း"

အိမ်ရှေ့စံက ကြည်စယ်ဟန်ဖြင့် မေးလိုက်၏။

"နမတော် ဒီကိုမလာခင် ခမည်းတော်ဘုရားထံ အခစားဝင်နေရလို့ပါ အစ်ကိုတော်"

"ဪ... ခမည်းတော်က ဘာများမှာကြားလိုက်သေးလဲ နမတော်"

"ခမည်းတော်က ဥယျာဉ်တော်ပွဲကို ကိုယ်တော်တိုင် မလာရောက်နိုင်တဲ့အတွက် စိတ်မကောင်းကြောင်း အမှာတော်ပါးလိုက်ပါတယ် ဘုရား"

"အေးလေး ကျန်းမာရေးအကြောင့်ပေပဲကိုး အစ်ကိုတော် နားလည်ပါတယ်"

မောင်နှမနှစ်ပါး စကားလက်ဆုံကျနေ၍ ကျွန်ုပ်တို့လည်း နံဘေးမှ အသာမှားထောင်နေမိသည်။

"ကဲ... ကဲ နမတော်နဲ့ မိတ်ဆက်ပေးရဦးမယ် ဟောဒီမှာ အစ်ကိုတော်ရဲ့ မိတ်ဆွေတွေလေ"

အိမ်ရှေ့စံက ယခုမှ ကျွန်ုပ်တို့ကို သတိရသွားဟန်ဖြင့် ပြော လာ၏။

"သူက မုဆိုးကြီး ဖူရှတဲ့"

နက်မှောင်ရွှန်းလဲ့သော မျက်ဝန်းအစုံသည် ဖူရှကာနဲ့ တောက်

www.burmeseclassic.com

www.burmeseclassic.com



ပသွားသည်။

"အစ်ကိုတော်ရဲ့ အသက်သခင် ကျေးဇူးရှင်ဆိုတာလား"

ဟု သူမက အလန့်တကြားလေး ပြောသည်။

"ဟုတ်တယ်လေ အစ်ကိုတော်ကို ခွေးတွေရန်က ကယ်ခဲ့တဲ့သူပေါ့"

အိမ်ရှေ့စံက ဝင်ပြောလိုက်၏။

"အို… ကျေးဇူးတင်လိုက်တာရှင်၊ အစ်ကိုတော်ကို ကယ်ခဲ့တာ ကျေးဇူးတင်ပါတယ်ရှင်"

ဟု သူမက လှိုက်လှိုက်လှဲလှဲပြောလေ၏။ ကိုဖုဿကတော့ သူမှုပိုင် မထိတထိအပြုံးဖြင့်သာ တည်တည်ငြိမ်ငြိမ်ရှိနေသည်။

"ဒါက အစ်ကိုတော်ကို ခွေးတွေရန်က ကူညီကာကွယ်ပေးခဲ့တဲ့ နက္ခတ်ပညာရှင် သိပ်နှစ်တဲ့ မှတ်ထားနော် နှမတော်"

"အို… ခုလို အစ်ကိုတော်ကို ကူညီပေးကြတဲ့ မိတ်ဆွေတွေကို နှမတော်က ဥပက္ခာပြုရမတဲ့လား၊ မှတ်ထားမှာပေါ့ အစ်ကိုတော် ခင်မင်သလို နှမလေးကိုလည်း ခင်မင်ကြပါနော်"

သူမက ဟိတ်ဟန်မရှိဘဲ ရိုးသားပွင့်လင်းစွာ ဖော်ဖော်ရွေရွေ ပြောဆိုဆက်ဆံသည်။

"ဟုတ်ကဲ့ပါ ထိပ်ထားလေး"



ကျွန်ုပ်က လှုပ်ရှားလွန်းနေသော စိတ်ကို ငြိမ်သက်အောင် ထိန်း၍ ပြောလိုက်ရ၏။ သူမက ကျွန်ုပ်စကားကို သဘောကျသွားဟန်ဖြင့် ဟက်ကနဲတချက်ရယ်သည်။

"အစ်ကိုတော်ကလည်း နှမတော်နာမည်ကျတော့ မပြောပဲနဲ့ ဟိုမှာ အခေါ်ရခက် ..."

ဟု သူမက ရယ်သွင်းသွေး... မိရှေ့စံသြရကို လှမ်းပြောလိုက်၏။

"သြော်… ဟုတ်ပေသားပဲ၊ ကဲ… အခွေတော်တို့ နှစ်ယောက်လဲ အမည်တော်ကိုလည်း မှတ်ထားကြပါဦး မြကေသရီပါတဲ့ဗျာ"

အိမ်ရှေ့စံက ရယ်ရွှန်းပက်ရွှန်းဖြင့် ပြန်၍ပြောလိုက်လေ၏။

မြကေသရီတဲ့လားကွယ်။

မင်းလေးဟာ ကျွန်ုပ်ရဲ့ အဖျိုစင်နတ်သမီး နက္ခတ်ရှင်များလား။ ဒါဆိုရင်တော့ မဟုတ်ပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ။ အဆုံးသတ်ကံကြမ္မာကို ကျွန်ုပ်ရင်မဆိုင်ရဲလို့ပါ။ မဖျော်လင့်ရဲပါဘူး မိန်းကလေးရယ်။ ဒီကြမ္မာဆိုးတွေရဲ့ လှတ်ကင်းရာကို ရှောင်တိမ်းခွင့်ပြုပါတော့လေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

တကယ်တမ်းကျတော့ ကံကြမ္မာ၏စီမံမှုအောက်က လွတ်မြောက်အောင် ကျွန်ုပ် ဘယ်လိုမှ မရှောင်တိမ်းနိုင်ခဲ့ပေ။ ကျွန်ုပ်စိတ်ကို လွှမ်းမိုးချုပ်ကိုင်နေသည့် လျှို့ဝှက်နက်နဲသော တစ်စုံတစ်ရာသည်။ ကံကြမ္မာ၏ စေညွှန်မှုအတိုင်း ဖန်ကီးပေါက်ရောက်လာအောင် တွန်းပို့နေသကဲ့သို့ရှိသည်။

ကြေကွဲဝမ်းနည်းဖွယ်ကောင်းလှသည့် မကောင်းသော ကံကြမ္မာ အငွေ့အသက်တို့ ကျွန်ုပ်ထံသို့ တရွေ့ရွေ့ ချဉ်းကပ်လာချေပြီတည်း။ ဥယျာဉ်တော်ပွဲပေးပြီးကတည်းက ကျွန်ုပ်ထံသို့ ဟိုမောင်နှမနှစ်ပါး မကြာခဏ ပေါက်ချလာတတ်သည်။

ဘုရင့်သားတော် သမီးတော်များ ဆိုပေမဲ့လည်း ဟိတ်ကြီးဟန်ကြီး မရှိလှပေ။ ကျွန်ုပ်နှင့် ကိုဗျူဟာတို့အပေါ်၌ တရင်းတနှီးတန်းတူရည်တူ ဆက်ဆံကြသည်။



စိတ်သဘောထား ဖြူစင်မြင့်မြတ်၍ ရိုးသားဖွင့်လင်းကြသူများပါပေ။

ထိုအတောအတွင်း ကျွန်ုပ်ပတ်ဝန်းကျင်၌ 'နန်းတွင်းကသုံးတဲ့ လေအကြီးပညာရှင်ပဲ'ဟူ၍ ကျွန်ုပ်နာမည်သည် တဖြည်းဖြည်းချင်း ကျော်ကြားလာလေတော့သည်။ ကျွန်ုပ်အလုပ်ခန်းလေးသည် ဝင်လူထွက်လူ မပြတ်စေပဲ စည်ကားနေတော့သည်။

ကျွန်ုပ်ထံသို့ မြကေသရီရောက်လာသော[illegible]သည့် အချိန်များသည် ကျွန်ုပ်အတွက် ကြည်နူးမွေ့လျော်ဖွယ် အချိန်ကလေးများဖြစ်သည်။

သူမနှင့် စကားပြောစဉ်တိုင်း ကျွန်ုပ်စိတ်ထဲ ပျော်သလိုလိုခံစားရ၏။ တစ်ဘက်မှလည်း ယင်းခံစားမှုနှင့်အတူ ဝမ်းနည်းသလိုလို၊ ကြေကွဲသလိုလို၊ ပူဆွေးသလိုလို မရေရာသော ဝေဒနာတစ်မျိုးကိုပါ ခံစားနေရပါ၏။

သူမရောက်မလာသည့် အချိန်များဆို ကျွန်ုပ် မျှော်တတ်လာသည်။ ကျွန်ုပ်စိတ်ကို ချုပ်တည်းထားစီး၍ တောင့်ခံထားသည့်ကြားက သူမ၏ ရုပ်ပုံလွှာသည် ကျွန်ုပ်စိတ်အာရုံထဲမှ လုံးဝ ထွက်မသွားပေ။

တစ်ယောက်တည်း ရှိနေခိုက်တွင် ကျွန်ုပ်သည် အိပ်ရာပေါ်၌လှဲကာ မျက်လုံးများကို စုံမှိတ်ထားချင်သည်။ သို့မှသာ သူ့မျက်နှာ၊ သူ့အပြုံး၊ သူ့ခန္ဓာကိုယ် စသည်တို့ကို ပီပီပြင်ပြင် မြင်ရမည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။ ကြည်လင်သာယာပြီး တက်ကြွလန်းဆန်းသော သူ့အသံကို ကျွန်ုပ်ကြားယောင်မိ၏။ သူ့နှုတ်ဖျားမှ ထွက်သမျှစကားတိုင်းနှင့် သူ၏လှုပ်ရှားမှု မှန်သမျှသည် ကျွန်ုပ်စိတ်ထဲ၌ တစ်မျိုးထူးခြားနေသည်။

ထိုသို့ပင်ဖြစ်စေ ကျွန်ုပ်သည် မြကေသရီကို သတိမရပဲ မနေနိုင်သည်ကတော့ အမှန်ပင်။

သို့ပေမယ့် ဘုရင့်သမီးတော်ဟူသော ပညတ်ချက်နှင့် ကျရောက်လာမည့် ကံကြမ္မာဆိုးကို ရှောင်လွှဲဖယ်ရမည်ဟူသော အသိက ကျွန်ုပ်ကို အစဉ်အမြဲ သတိပေးနှိုးဆော်နေတတ်သည်။ မြကေသရီအပေါ် တစ်စုံတစ်ရာ မမျှော်လင့်မိအောင် ကျွန်ုပ်စိတ်ကို တင်းတင်းကျပ်ကျပ် ချုပ်တည်းထားရလေ၏။

ရာသီဥတု သာသာယာယာရှိသော တစ်နေ့၌ ထုံးစံအတိုင်း သူမရောက်လာခဲ့သည်။

အခြေအရံ အဖော်အပေါင်းများနှင့် ကြွရောက်လာသော သူမ ကိုမြင်တော့ ကျွန်ုပ် ရင်အစုံသည် ဒိန်းခနဲ မြည်အောင်ပင် သွားရ၏။ ထိတ်ကနဲ ပျော်သွားသည်။ ထိုအပျော်သည် ကြာရှည်မတည်တံ့ တစ်နေ့ကို စိုးရိမ်ထိတ်လန့်စိတ်က ကပ်ငြိလာသည်။ မရေရာသော သောကသည် ကျွန်ုပ်ကို ဖိဆီးလွှမ်းလှ၏။

"ထိပ်ထားလေ ရောက်လာတယ်"



ကျွန်ုပ်က ခရီးဦးကြိုပြုရင်းမှ အံ့သြသံဖြင့် ပြောလိုက်၏။ မြကေသရီသည် ဝေါယာဉ်ထက်မှ အသာအယာဆင်း၍ ကျွန်ုပ်ရှေ့၌ ရပ်တန့်လာ၏။

"ကဲ… ကြည့် ထိပ်ထားလေးလို့ မခေါ်ပါနဲ့ဆိုဟာ ခေါ်ပြန်ပြီလား၊ ခဏ ခဏပြောနေရတာပဲ၊ မြကေသရီလို့ ခေါ်ချင်ခေါ် ဒါမှမဟုတ် အစ်ကိုတော်ခေါ်သလို ပုလဲဥလို့ခေါ်ချင်ခေါ်ပါဆို ဘယ်တော့မှ မခေါ်ဘူး ဘာဖြစ်လို့လဲ၊ ကျွန်မကို ရင်းရင်းနှီးနှီး မခေါ်ချင်လို့လား"

မြကေသရီက နှုတ်ခမ်းဆူ၍ ရန်တွေ့ဟန်ဖြင့် ပြောလေ၏။

"မဟုတ်ရပါဘူး ထိပ်ထားလေး အဲ ဟို ကျွန်တော်မျိုးခေါ်ရမှာ မဝံ့မရဲဖြစ်"

"တော်ပါ၊ သူက ကျွန်မခင်သလို မခင်ပါဘူး"

"မဟုတ်ပါဘူး၊ ထိပ်ထား… အဲ ပုလဲ မဟုတ် မြကေသရီရယ် မြကေသရီထင်သလို မဟုတ်ပါဘူး"

"ကဲ ဒါဖြင့်ရင် နောက်ဆို ထိပ်ထားတို့ ကျွန်တော်မျိုးတို့ဆိုတဲ့ အသုံးအနှုန်းမျိုးတွေ မသုံးနဲ့တော့ ဟုတ်ပလား"

မြကေသရီက ပွင့်ပွင့်လင်းလင်း ရင်းနှီးခင်မင်ဟန်ဖြင့်ပြော၏။ ကျွန်ုပ်မှာသာ အိုးတိုးအမ်းတမ်းနှင့် ခေါင်းညိတ်ရမလို ခေါင်းခါရမလိုဖြစ်သွား၏။ ရင်ထဲတွင်လည်း ရှက်သလိုလို ဘာလိုလိုနှင့်

www.burmeseclassic.com



ရင်တဖိုဖိုဖြစ်ကာ ပြုံးချင် ရယ်ချင်နေသည်။

သို့သော် မပြုံးဖြစ်။ ခေါင်းကိုငုံ့ကာ မျက်လွှာချရင်း တိုးတိုး ပြောမိ၏။

"ဟုတ်ကဲ့ပါ"

ငုံ့ထားသောခေါင်းကို တော်တော်နှင့် ပြန်မမော့ဖြစ်သေး။ သူ့မျက်နှာကိုမကြည့်ရဲသောကြောင့် သူ့မျက်ဝန်းများဖြင့် ရင်မဆိုင်ရဲသောကြောင့်ပင်။

သူမ၏ မျက်ဝန်းအကြည့်တစ်ချက်။ အပြုံးတစ်ပွင့်ကပင် ကျွန်ုပ်ရင်ကို ပရမ်းပတာ ဖြစ်သွားအောင် လှုပ်ခတ်နိုင်စွမ်း ရှိသည်။ စိတ်ကို ချုပ်ထိန်းထားနိုင်မှု စွမ်းအားသည် လျော့ရဲရဲဖြစ်လာ၏။

မဖြစ်ချေ။ ဒီပုံဆို ကျွန်ုပ် ရှုံးရချည်သေးရဲ့။

"ဟာတော့ ခေါင်းကြီးငုံ့ထားတာ ပြန်မော့မလာတော့ဘူး ကဲ… နေစမ်းပါဦး ရှင် ဘာဖြစ်နေတာလဲ"

သူမ၏ အလိုမကျသံထဲတွင် လှောင်ပြောင်လိုရိပ်တွေ ပါနေ၏။

"ဘာမှ မဖြစ်ပါဘူး၊ ဘာပြောရင် ကောင်းမလဲလို့ စဉ်းစားနေတာ"

"ကဲ ဘာမှမပြောနဲ့တော့ ကျွန်မပဲပြောမယ် မနက်ဖြန်ကျရင် အစ်ကိုတော်နဲ့အတူတူ တောပစ်ထွက်ဖို့ရှိတယ်၊ အဲဒါရှင် လိုက်ခဲ့ရမယ်"

အမိန့်သံဆန်ဆန် စကား။ သူမနှင့်အတူ ရှိရဦးမည်မို့ ထိတ်ခနဲပျော်သွားမိသည်။ အပျော်ကို ချက်ချင်းရပ်တန့်ပစ်လိုက်ရသည်။ မပျော်နဲ့။ မပျော်ရဘူးဟု ကိုယ့်ကိုကိုယ် သတိပေးမိသွား၏။

"အင်းလေ လိုက်ဆိုလဲ လိုက်ရမှာပေါ့"

"ဟင် လေသံက မလိုက်ချင်သလိုလို ဘာလိုလိုနဲ့"

"အို… ကျုပ်ကို အထင်လွဲနေပြန်ပါပြီ၊ ကျုပ်က မလိုက်ချင်လို့ပြောတာမဟုတ်ရပါဘူးဗျာ၊ လိုက်ပါ့မယ်"

"ဒါဆိုလဲပြီးရော၊ နက်ဖြန် နံနက် စောစောကို မောင်ကြီး ဗျူဟာတို့တဲမှာ စောင့်နေ သူ့ကိုလဲ ပြောထားလိုက်ဦးနော်"

"ကောင်းပါပြီ၊ အမိန့်တော်အတိုင်းပါ"

"ကဲ… ကြည့်"

လှပသော မျက်စောင်းတစ်ခု ဝဲကျလာ၏။ ကျွန်ုပ်ရင်ကို ချိန်ရွယ်ပစ်လွှတ်လိုက်သော မြှားတစ်ချောင်းလို စူးခနဲ။

နှလုံးသားထဲထိတိုင်အောင် နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက် သွားလေတော့၏။

- ပြီးပါပြီ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

မြကေသရီတို့မောင်နှမနှင့် ကျွန်ုပ်တို့၏ ခင်မင်မှုသည် တစ်စ ဘစ်စ တိုး၍သာလာခဲ့ရတော့သည်။

အိမ်ရှေ့စံမင်းသား ဩရသည် တောအုပ်ဘက်သို့ထွက်၍ ခမဲလိုက်ချင်သည့် ဆန္ဒပြင်ပြနေသည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော်လည်း သူအမဲလိုက်ချင်သည်မှာ သားကောင်များ ကို ပစ်ခတ်သတ်ဖြတ်ရန်မဟုတ်ပဲ ယုန်လို သမင်လိုစသည့် သတ္တဝါ ယ်လေးများကို ကိုယ်တိုင်ကိုယ်ကျ ဖမ်းဆီး၍ မွေးမြူရန်အတွက်ဖြ ပည်။

ကျွန်ုပ်တို့နှင့်အတူ တောလိုက်ရာတွင် ဘယ်ခြေရုံသင်းဝင် ကောင့်အရောက်ကိုမှ မခေါ်ခဲ့ပေ။ သူတို့မောင်နှမရယ် ကျွန်ုပ်ရယ် ကိုဗျဂ္ဃရယ် လေးဦးတည်းသာ ကျင်းပသည့် တောလိုက်ပွဲကလေး

ကိုဗျဂ္ဃက ရှေ့မှဦးဆောင်ကာ သားကောင်၏ခြေရာ



ကောက်သည်။ ဘယ်နေရာမှာဖြင့် ဘာသတ္တဝါ ရှိမည်ဆိုတာကို သူအတိအကျ ပြောနိုင်သည်။ သားကောင်တွေ့လျှင် ကျွန်ုပ်တို့က ဝိုင်းဝန်းခြောက်လန့်၍ ကိုဗျဂ္ဃ၏ ညွှတ်ကွင်းထဲရောက်အောင် မောင်း ထုတ်ပေးရုံသာ ဖြစ်သည်။

မြကေသရီသည် ဤသို့ တောလိုက်ရတာကို အတော်ပျော် နေပုံရလေ၏။ ဘုရင့်သမီးတော် ထိပ်ထားလေးဆိုသည့် ဘဝကို မေ့လျော့ကာ ရာဇကုမ္ဘြေကိုဖယ်ခွာ၍ ကလေးငယ်တစ်ယောက်လို လွတ်လပ်စွာ ပျော်ရွှင်မြူးတူးလျက်ရှိနေ၏။ သားကောင်ကိုရလျှင် သူမက သဘောကျစွာ တခစ်ခစ်ရယ်တတ်သေးသည်။

ပကတိ ဖြူစင်ပွင့်လင်းသည့်ဟန်ပန်ဖြင့် ဟက်ဟက် ပက်ပက် ရယ်ခြင်းဖြစ်သည်။ ရယ်လိုက်သည့်အခါ သူ့မျက်နှာသည် တစ်မျိုးပြောင်းသွားသည်။ ချုပ်တည်းထားရသော စိတ်နှလုံးကို လွှပ်လပ်စွာ ပွင့်ဟလာ၏။ ကြည်လင်ချိုမြခြင်းကို ပြက်ပြက်ထင်ထင် မြင်ရသည်။ အလှတွင် အလှထပ်၍ဆင့်ပေးလိုက်သည့်နှယ် ရှိလှပါ သည်။

ကျွန်ုပ်တို့သည် နေ့မွန်းတည့်လောက်မှ တောလိုက်ခြင်းကို ခေတ္တဖြတ်ရပ်နားကြရတော့၏။ ယုန်သုံးကောင်၊ ပူးငါးကောင်နှင့် ကြက်တူရွေး ဆယ်ကောင်တို့ကို ဖမ်းမိထားပြီးပေပြီ။

ဒရယ်တစ်ကောင်မှာ အသေဖမ်းမိထားသဖြင့် ကိုဗျဂ္ဃက

www.burmeseclassic.com

www.burmeseclassic.com



ဒရယ်သေကို့ဖျက်ကာ မီးဖို၍ စီးကင်နေ၏။

ကျွန်ုပ်တို့သည် တောလိုက်ရသဖြင့် အလွန်အမင်း မောပန်းနေသည်ကတစ်ကြောင်း ဒရယ်ဖျက်နေရာ သွေးသံရဲရဲကို မကြည့်ချင်လှတာကတစ်ကြောင်းမို့ ခက်လှမ်းလှမ်းရှိ စမ်းချောင်းကလေးနံဘေးတွင် သွားရှုံထိုင်နေမိသည်။

တောအုပ်လေးအပေါ်ဘက်မှ ရေစီးကြောင်းလေးတစ်ခုသည် စမ်းချောင်းလေးအတွင်းသို့ တရဟောပြေးဆင်းလျက်ရှိနေ၏။ အမြုပ်များ ပလုံစီလျက်ရှိနေသော ရေတို့သည် တဟဲဟဲအော်မြည်ကာ ကျောက်တုံးကျောက်ခဲများကို တိုက်ခိုက်ဖြတ်သန်းသွားနေကြသည်။ အချို့နေရာများတွင် သစ်ရွက်ကြွေများနှင့် ရေမှော်များ ကပ်ညှိလျက် တစုတဝေးရှိနေကြ၏။

သလင်းလို ကြည်လင်လျက်ရှိနေသဖြင့် ရေအောက်တွင် ကူးခတ်နေကြသော ငါးကလေးများကိုပင် မြင်တွေ့နေရ၏။

တိမ်ဖြူဖြူများ အုပ်ဆိုင်းလျက်ရှိသော ကောင်းကင်ပြာပြာသည် ရေမျက်နှာပြင်မှ မှန်သားထက်တွင် အရိပ်ထင်လျက် ရှိကြပါသည်။

"ဟိတ် ဘာတွေတွေးပြီး ငေးနေရတာလဲ"

ချိုမြသော အသံနှင့်အတူ မြကေသရီ ကျွန်ုပ်များသို့ ရောက်ရှိလာ၏။ ချွေးစက်လေးများ သီခိုနေသော သူမမျက်နှာသည် နှင်းဆီပန်းတွင် ရေတင်နေသည့်နှယ်။ ကော့ရွန်းလှပသော မျက်တောင်များအောက်မှ မျက်ဝန်းနက်နက်ကလေးများက ပီဘိဖြူစင်ရိုးသားသည့် အရိပ်အငွေ့တွေ ထင်ဟပ်လျက်။ နီတွေးမွှေးအာသော နှုတ်ခမ်းများပေါ်တွင် ကြည်စယ်လိုဟန် ယှက်ထင်နေသော အပြုံးတစ်ခု ဆင်မြန်းထားလေ၏။



"ဘာရယ်မဟုတ်ပါဘူး ဟိုတွေး ဒီတွေး ဟိုငေး ဒီငေးပေါ့"

သူမထံမှ အကြည့်ကိုလွှဲ၍ ကျွန်ုပ်က ရယ်သံစွက်လျက် ဖြေမိသည်။ သူမက ဟင်းကနဲ တချက်ရယ်၍ ကျွန်ုပ်ဘေး ခပ်ကွာကွာတွင် ဝင်ထိုင်လိုက်သည်။

"ဟာ... ဒီနေရာလေးကို ရောက်မှ အမောပြေသွားတော့တယ်၊ အေးချမ်းလိုက်တာနော်"

ကျွန်ုပ်ထံမှ စကားကို တောင်းခံသလိုဖြင့် သူမက ပြောသည်။

"အင်း ဟုတ်တယ်"

သူမကို လှည့်မကြည့်ပဲ ပြောလိုက်မိသည်။

"မောင်ကြီးက စကားနည်းတယ်နော်"

သူမ၏ မှတ်ချက်ချစကား။

"အင်း ဟုတ်တယ် ကျုပ်က စကားသိပ်မပြောလိုဘူး၊

www.burmeseclassic.com



ပထဝီတတ်ကိုဆောင်ပြီးမွေးတော့ အနေအေးတယ်၊ စကား နည်းတယ်လေ၊ ဒါပေမယ့် မြကေသရီက အကြောင်းအရာ တစ်ခုခုကို သိချင်တယ်ဆိုရင်တော့ ကျုပ်ပြောပြမှာပေါ့၊ မြကေသရီ ဘာအကြောင်းသိချင်လဲ"

"တကယ်ပြောမှာနော်"

သူမက လက်ညှိုးလေးတစ်ချောင်းထောင်၍ မယုံသင်္ကာဟန် ပြင့်မေး၏။

"ပြောမှာပါ ဘာအကြောင်းသိချင်လို့လဲ"

"မောင်ကြီးရဲ့ အကြောင်းလေ"

"ဗျာ"

"ဟောဒီမောင်ကြီး သိပ်နစ္စရဲ့အကြောင်းလေ၊ ဘာလဲ မပြောပြချင်လို့လား"

"မဟုတ်ပါဘူး"

ကျွန်ုပ်က အကြောင်းမဲ့သက်သတ် ဟက်ခနဲတချက်ရယ် လိုက်၏။ စကားစရန် အားယူသည့်သဘောပင်။

"ကျုပ်အကြောင်းက ထွေထွေထူးထူး စိတ်ဝင်စားစရာ မရှိပါဘူး၊ ကျုပ်မှာ မိဘမရှိတော့ဘူး၊ ငယ်ငယ်ကတည်းက ဘုန်းတော်ကြီးက ကျုပ်ကို မွေးစားခဲ့တာ၊ အရွယ်ရောက်လာ တော့ ကျုပ်ကို လောကီပညာရှင်ကြီးတစ်ယောက်ဆီမှာ



ပညာသင်စေခဲ့တယ်၊ ပညာတွေစုံလာတော့ ကျုပ် ဟောဒီ မြို့လေးမှာ လာနေပြီး လောကီပညာရှင်အဖြစ် ခံယူတယ်၊ ကျုပ်ဘဝကဒါပဲ ဘာများစိတ်ဝင်စားစရာ ရှိလို့လဲ"

"လူတိုင်း လူတိုင်းမှာ သူ့ဟာနဲ့သူတော့ စိတ်ဝင်စားစရာ အကြောင်းအချက်တွေ ရှိနေတတ်တာပဲ၊ မောင်ကြီးမှာလည်း စိတ်ဝင်စားစရာ မရှိဘူးလို့ ပြောလို့ဘယ်ရမလဲ"

"ဘာတွေများ ရှိလို့လဲ ကေသရီရဲ့"

ကျွန်ုပ်နှုတ်မှ ကေသရီဟု ရင်းရင်းနှီးနှီး ခေါ်မိသွားသည်။ ကိုယ့်ဘာကိုယ် ရှက်ကိုးရှက်ကန်းဖြစ်ရသည်။ သူမကတော့ သတိ ထားမိပုံ မပေါ်ပေ။

"ဟာ ရှိတာပေါ့ မောင်ကြီးဟာ ငယ်ငယ်ကတည်းက မိဘတွေမရှိတော့ဘူး၊ ကိုယ့်ဘဝကို ပြုစုပျိုးထောင် လာရတာ၊ ဒီအခြေအနေထိရောက်အောင် ကိုယ့်အားကိုယ် ကိုးလာရတာပဲ မဟုတ်လား၊ ဒါ စိတ်ဝင်စားစရာ လေးစား အတုယူစရာတွေပေါ့ မောင်ကြီးရဲ့"

"ဒါဟာ ဘုန်းတော်ကြီးရဲ့ လမ်းညွှန်မှုကြောင့် ဖြစ်လာရ တာပါ"

"ဟုတ်ပါတယ်၊ လမ်းညွှန်တဲ့သူက ဟောဒီလမ်းကသွား ဆိုပြီး ညွှန်ရုံပဲ ညွှန်ပြလိုက်တာ သွားတဲ့သူက ရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



မသွားဘူးဆို ဒီလမ်းဆုံးကို မရောက်နိုင်ဘူးလေ၊ ဘုန်းတော်ကြီးက လမ်းညွှန်ပေးလိုက်ပေမဲ့ မောင်ကြီးက ကြိုးကြိုးစားစားနဲ့ ပညာသင်ယူခဲ့လို့ ဒီလိုအခြေအနေမျိုး ရောက်လာတာပေါ့၊ မဟုတ်ဘူးလားလို့"

"ကဲ… ကဲ ဟုတ်ပါပြီ မငြင်းတော့ပါဘူး"

စကားတတ်မလေးက ကျွန်ုပ်ကို အတင်းပဲ မြှောက်ပင့်ချီးကျူးနေတော့၏။

သူ့အလိုလိုက်၍ အလျှော့ပေးပြောလိုက်တော့ သူမက သဘောကျဟန်ဖြင့် တခစ်ခစ်ရယ်၏။

ရေစီးကြောင်းလေးအတိုင်း ပန်းတစ်ပွင့်မျောလာသည်။ သစ်ခွ ပန်းပွင့်ကြွေလေ။ ထိုအရာကိုမြင်တော့ သူမနှုတ်မှ 'ဟယ်'ဟု ရေရွတ်လိုက်ပြီး စမ်းချောင်းလေးထဲ မျောပါလာသော ပန်းပွင့်လေးကို လက် တစ်ဖက်ဖြင့် ဆီး၍ကောက်ယူလိုက်၏။

လက်ထဲတွင်ပါလာသော ပန်းလေးကို ကျေနပ်စွာ နမ်းရှိုက်ပြီးနောက် ခေါင်းတွင် အသာအယာထိုး၍ပန်လိုက်၏။

"မောင်ကြီး သိပ်နှစ်သက်တယ်ခင်ဗျ ကောင်းတယ်နော်၊ မောင်ကြီးဗျူ့ရှလို မဟုတ်ဘူး"

ရယ်ပြုံးကာဖြင့် သူမကဆိုသည်။

"ဗျာ… ကိုဗျူ့ရှက ဘာဖြစ်လို့လဲ"



"သြော်… သူက စကားလဲမပြောဘူး၊ ပြီးတော့ ကေသရီတို့ခင်သလို သူက ဟက်ဟက်ပက်ပက် မရှိလှဘူးလေ"

"သူက ဒီလိုပဲ နေတတ်လို့ပါ၊ စိတ်ရင်းတော့ ကောင်းရှာပါတယ်"

ကျွန်ုပ်က ဖေးဖေးမမ ပြောမိသည်။ ကေသရီက ကျွန်ုပ်မျက်နှာကို စေ့စေ့ကြည့်၍

"ကေသရီကတော့ မောင်ကြီးကိုပဲ ပိုခင်တယ်"

ဟု ရင်းနှီးဖော်ရွေသည့် အပြုံးဖြင့်ဆို၏။ ကျွန်ုပ်မှာ သက်ပြင်းကို ကျိတ်ချမိရသည်။

ကျွန်ုပ် စိုးရိမ်ထိတ်လန့်နေသည့် အဖြစ်အပျက်တို့ မွေးဖွားစေမည့် ကံကြမ္မာ အငွေ့အသက်တို့ တစ်စတစ်စ ချဉ်းနင်းဝင်ရောက်လာလေပြီဟု သိလိုက်သည်။

ဒီလို မဖြစ်စေရဘူး ငါရအောင်တားဆီးမယ်။ ကံကြမ္မာ၏ ရိုက်ခတ်မှုကို ရှောင်လွှဲနိုင်ရမယ်။

ကိုယ့်စိတ်ကိုယ် အားပေးနေမိသည်။

ကံကြမ္မာသည် တကယ်မမြင်နိုင်သော အရာတစ်ခုပေပဲ။ ကျွန်ုပ်ထံကို ဘယ်ထောင့် ဘယ်ချောင်က ဘယ်လိုမျိုး ထိုးနက်ဝင်ရိုက်ခိုက်ဦးမှာပါလိမ့်။

"ဟူး ကံကြမ္မာဆိုတာ မမြင်နိုင်ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှုတ်မှ ယောင်ယမ်း၍ ထွက်သွားမိသည်။ ကောသရီက ကျွန်ုပ်ကို ဖျတ်ခနဲ လှည့်ကြည့်လာ၏။ သူမမျက်နှာတွင် အံ့ဩမှု အရိပ်များ အပြည့်ဖြင့်။

“ဟုတ်သားပဲ မောင်ကြီးက လောကီပညာရှင်ဆိုတာ ကောသရီမေ့နေတယ်၊ မောင်ကြီး ဘာများ ကြိုမြင်ထားတာရှိလို့လဲ”

မျက်တောင်လေးများ ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကောသရီက တအံ့တဩလေးမေး၏။

ကျွန်ုပ်သည် ရုတ်တရက် အဖြေမပေးနိုင်။ တခဏမျှ ကျိုးတိုးကြောင်တောင် ဖြစ်သွားသည်။

“အို… မမြင်ပါဘူး၊ ဘာမှမဟုတ်ပါဘူး”

ကျွန်ုပ်က ဟျာဟျာသလဲလေးပြောလိုက်မိသည်။ ကောသရီသည် ကျွန်ုပ်ကို နားမလည်နိုင်သည့်ဟန်ဖြင့် ကြောင်ငေးငေးလေး စိုက်ကြည့်နေ၏။

ကျွန်ုပ်မှာ မလုံမလဲဖြစ်ကာ အနေတွေခက် မျက်နှာတွေပူလို့ ထိုအချိန် အိမ်ရှေ့စံ ဩရဏ် လှမ်းခေါ်သံကို ကြားလိုက်ရ၏။

“ဟော့ ဟိုနှစ်ယောက် ဘာလုပ်နေကြတာတုန်း ဒီမှာ ဒရယ်ကင်သား လာစားကြလှည့်ဦးလေ”

“ကဲ… လာ… ဒရယ်သား သွားစားရအောင်”



ကောသရီက ကျွန်ုပ်ဘက်လှည့်ပြော၏။ ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်၏။ သူသည် ပေါ့ပါးသွက်လက်စွာဖြင့် ကျွန်ုပ်အပါးမှ ပြေးထွက်သွားသည်။

ဒရယ်သားကင်နံ့က တသင်းသင်း မွှေးနေလေ၏။ ကျွန်ုပ်သည် ပင့်သက်ကိုတချက်ရှိုက်ပြီး ထိုင်ရာမှ ထလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

မရှည်ရှယ်ပါပဲနှင့် ကျွန်ုပ်သည် နန်းတွင်း၌ ကျင်းပသည့် စာမေးပွဲကို ဖြေဖြစ်ခဲ့သည်။ နန်းတွင်း ပညာရှိ မှူးမတ်အဖြစ် ခန့်အပ်ခြင်းခံရမည့် စာမေးပွဲ။

သည်စာမေးပွဲကို ဖြေဖြစ်ခဲ့ရသည်မှာလည်း ကျွန်ုပ်၏ မိတ်ဆွေရင်းချာလို ဖြစ်နေသော အိမ်ရှေ့စံ ဩရနှင့် ကောသရီတို့ တိုက်တွန်းမှုကြောင့်ဆိုလည်း မမှားပေ။

သူတို့က ကျွန်ုပ်ကို နန်းတွင်း၌ ပညာရှိမှူးမတ်အဖြစ် တာဝန်ထမ်းဆောင်စေချင်ကြသည်။ နန်းတွင်းပညာရှိ မှူးမတ်အဖြစ် သိပ်ကို မြင်ချင်ကြသည့်တဲ့လေ။ အတောင်းအကျပ် တိုက်တွန်းလွန်း၍သာ ကျွန်ုပ် ဒီစာမေးပွဲကို ဖြေဖြစ်ခဲ့ရတော့သည်ပေါ့။

စာမေးပွဲကို ကျွန်ုပ်ကောင်းကောင်း ဖြေဆိုနိုင်ခဲ့ပါ၏။ ကျွန်ုပ် ဆရာထံတွင် သင်ယူထားသည့် ပညာဗဟုသုတများက ဒီနေရာတွင်



သိပ်ကို အသုံးဝင်နေတော့သည်။

စာမေးပွဲဖြေပြီးသည့်နေ့၌ ကောသရီက ဖိုးရိုမ်စိတ်ကလေးဖြင့် အမောတကောလေး လာမေးရှာ၏။

"ဖြေနိုင်ရဲ့လားဟင် မောင်ကြီး"

"ကောင်းကောင်း ဖြေနိုင်ပါတယ် ကောသရီရဲ့"

"တော်သေးတာပေါ့ ကောသရီဖြင့် စိတ်ပူလိုက်ရတာ"

ကောသရီသည် ကျွန်ုပ်အပေါ်၌ သံ[illegible]ဥ်ရှိပုံရသည်။ ဤ သံယောဇဉ်မှာလည်း တခြားကြောင့် ဟုတ်ပ[illegible]။ သူနှင့်အတူ သွားအတူလာနေရခြင်း၊ သူ့ကို ကျွန်ုပ်က ရိုးသားစွာ ဆက်ဆံခြင်းတို့ကြောင့် ဖြစ်ပုံရသည်။

ကျွန်ုပ်မှာသာ သူ့အပေါ်၌ တစ်မျိုးတစ်မည် ခံစားမှုမျိုးဖြင့် တဖက်သတ်ခံစားနေမိသည်။ ကျွန်ုပ်စိတ်သည် ဦးနှောက်နှင့် နှလုံးသားကို ချိန်ခွင်ထဲ တစ်ဖက်စီထည့်ချိန်ထားရသလို မကြာခဏ ဟိုဘက်ယိမ်းလိုက် သည်ဘက်ယိုင်လိုက်ဖြစ်နေတော့၏။

တခါတရံ အစိုးမရသောစိတ်သည် ချုပ်ထိန်းထားသီးထားသည့်ကြားမှ ရုန်းကန်လွတ်ထွက်ချင်တတ်သေးသည်။

ရိုးသားပွင့်လင်း၍ ခင်မင်ကြင်နာဟန်ရှိသည့် သူမမျက်နှာကို ကြည့်မိသည့်အခါတိုင်း ကျွန်ုပ်၏ စိတ်သည် တားမနိုင်ဆီးမရ ပရမ်းပတာဖြစ်အောင် လှုပ်ရှားစေ၏။

www.burmeseclassic.com



သူမကို မချစ်မိပဲ မနေနိုင်ပါ။

ကျွန်ုပ် ဘာလုပ်ရမည်နည်း ဖြစ်ပေါ်လာမည့် ကံကြမ္မာဆိုးကို ကျွန်ုပ် ရဲရဲဝံ့ဝံ့ ခံယူလိုက်ရတော့မည်လား။

မဖြစ်နိုင်ပါ။ ကျွန်ုပ်၏ စိတ်ချမ်းမြေ့မှုတစ်ခုတည်းအတွက် ကြမ္မာဆိုး၏ အရိုက်အခတ်ကို မခံယူနိုင်။ ဤသို့ စဉ်းစားမိရသည်မှာလည်း ကျွန်ုပ်အတွက်သာမဟုတ် ကျွန်ုပ်ချစ်သော ကေသရီအတွက် ကြောင့်ရယ်သာ။

ကျွန်ုပ်တွေးမိသည်က ကေသရီနှင့် ကျွန်ုပ် ချစ်သူမဖြစ်ခဲ့ရင် ကြမ္မာဆိုး၏ စီမံမှုအားက လွတ်မြောက်နိုင်လိမ့်မယ်လို့ တိတ်တဆိတ်မျှော်လင့်မိသောကြောင့်ပါပေ။



## အခန်း (၁၂)

ဗျူဟသည် နီရဲတောက်ထန်သော မျက်ဝန်းအစုံဖြင့် ကေသရီကို စူးရှစွာ စိုက်ကြည့်နေ၏။

ထို့နောက် အားပါ၍ သန်မာသောလက်များဖြင့် ကေသရီ၏ သေးသွယ်လှပသော ခါးသိမ်သိမ်လေးကို ဖွေ့ကနဲနေအောင် ဆွဲယူ ဖွေ့ ဖက်လိုက်သည်။

ကေသရီသည် ဗျူဟကို ရွံရှာမုန်းတီးဟန်ဖြင့် ကြည့်ကာ တစ်ကိုယ်လုံး တွန့်လိမ်လျက် အော်ဟစ်ရုန်းကန်နေလေ၏။ ထွားကျိုင်း သန်မာလှသော ခြသေ့်ကြီးဗျူဟလက်ထဲမှ လွတ်မြောက်အောင် ကေသရီ ရုန်းမထွက်နိုင်ခဲ့။

တွန်းထိုးရိုက်နှက်ကုတ်ဖွဲ့သော်လည်း နည်းနည်းလေးမျှ ရှုမမူဟန်ဖြင့် သန်မာသောလက်များဖြင့် ကေသရီကိုယ်လေးကို တင်းတင်းပွေ့ဖက်ထားလေ၏။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဗျူဟသည် တစ်ဖက်မှ ကောသရီကို ပွေ့ပိုက်ထားသလို တစ်ဖက်မှလည်း အိမ်ရှေ့စံဩရကို ဓါးရှည်ဖြင့် လှမ်းထိုးကာ ရန်ပြုနေ၏။

အိမ်ရှေ့စံသည် ဗျူဟ၏ဓါးချက်များကို အသေအလဲ ရှောင်တိမ်းကာကွယ်နေရသည်။

တစ်ကြိမ်တွင် အိမ်ရှေ့စံလက်ထဲမှ ဓါးရှည်မှာ အောက်သို့ လွင့်စင်သွား၏။ ရလာသော အခွင့်အရေးကို လက်လွှတ်မခံပဲ ဗျူဟ က လက်ထဲမှ ဓါးရှည်ဖြင့် အားစိုက်ကာ အိမ်ရှေ့စံကို လှမ်း၍ထိုးလိုက်၏။ အိမ်ရှေ့စံမှာ လုံးဝရှောင်တိမ်းချိန်မရတော့။ မယုံနိုင်ဟန်ဖြင့် ဓါးသွားကို ဆုပ်ကိုင်ရင်း ပါးစပ်မှ သွေးများပွက်ခနဲ ကျလာသည်။

ထို့နောက် ဗျူဟရှေ့မှာ ဒူးထောက်လျက်သား။ ထိတ်လန့်ခြင်း မယုံနိုင်ခြင်းများ ယှက်သန်းနေသော မျက်ဝန်းအစုံဖြင့် ဗျူဟကို မော်၍ကြည့်လာသည်။ နောက် တအိအိလဲပြိုကျလာသော ခန္ဓာကိုယ်သည် ဗျူဟ၏ခြေရင်းတွင် ပုံလျက်သားလေး။

ကောသရီ၏ အထိတ်တလန့် ဟစ်အော်လိုက်သည့် စူးရှသော အသံ။ အောင်နိုင်သူတစ်ယောက်အောင်ပွဲခံ ရယ်မောသံကြီး နန်းရှင်ပြင်၌ ပဲ့တင်ထပ်လျက် ရှိနေတော့သည်။

✸



ထိတ်လန့်ခြောက်ခြားစိတ်ဖြင့် ကျွန်ုပ်လန့်နိုးလာသည်။ အိပ်မက်ပဲဟု သိရတော့မှ ထိတ်လန့်စိတ်သည် အနည်းငယ်ပြေလျော့သွားရ၏။

ကျွန်ုပ်ကို ကျွန်ုပ် သတိထားမိသည့်အချိန်၌ တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်လျက် ရှိနေသည်ကို သိလိုက်ရသည်။

ဘုရား။ ဘုရား။ အိပ်မက်ဆိုးကြီးပဲ။

စိတ်ခြွဲ၍ မက်တာလား။ ဒါမှမဟုတ် ရှေ့ပြေးနိမိတ် တစ်ခုလေလား။ ကျွန်ုပ် ဝေခွဲမရနိုင်တော့။

ကျွန်ုပ်ရင်တွေ တဆတ်ဆတ် ခုန်ကာ မောနေသည်။ ပိန်းပိတ်အောင်မှောင်နေသဖြင့် ဘာကိုမျှ မမြင်ရသော်လည်း ထိုအမှောင်ထုထဲကိုပင် စူးစိုက်ကြည့်နေမိ၏။ ကျွန်ုပ် သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

ပြန်အိပ်၍လည်း ရနိုင်တော့မည် မဟုတ်တော့သဖြင့် ကျွန်ုပ်

www.burmeseclassic.com



သည် အိပ်ရာမှ အသာလူးလဲထကာ အိမ်ပြင်သို့ ထွက်ခဲ့မိသည်။

အိမ်ပြင်တွင် လရောင်သည် ခြံဝင်းအတွင်းသို့ အစက်များ အပြောက်များထင်နေအောင် ဖန်တီးထားသည်။ အချို့နေရာတွင် လင်းလင်းထင်းထင်းရှိနေ၏။ အဖုအထစ်တွေများသည် ပင်စည်များ ကွေးညွတ်ကျနေသည့် သစ်ကိုင်းများနှင့် ကတ္တီပါသားကဲ့သို့ နူးညံ့လှ သည့် ရေညှိပြင်များအားလုံးသည် လရောင်အောက်တွင် ဖိဖိပြင်ပြင် ပေါ်နေသည်။ သစ်ရွက်စိမ်းစိမ်းများသည် ငွေရောင်ဖိတ်ပါးပါးနှင့် လွှမ်းခြုံထားခြင်း ခံနေရသည့်နှယ်ရှိသည်။ လရောင်မထိုးဖောက်နိုင် သည့် နေရာများတွင်မူ အမှောင်ရိပ်များသည် ကွက်တိကွက်ကြား။

ကောင်းကင်ပြင်တွင် ကြယ်ရောင်စုံ လင်းလက်တောက်ပနေ သည်။ ကျွန်ုပ်သည် မျက်လုံးကို စုံမှိတ်၍ အသက်ကိုပြင်းပြင်းရှူ၏။ စိတ်တည်ငြိမ်လာအောင် အာရုံကို စုစည်းထားသည်။

နဝခါင်းဝမှ လေအဝင်အထွက်ကို စိတ်အာရုံဖြင့် မြင်နေသ် နေ၏။ အတော်ကြာအောင် အသက်ခပ်ပြင်းပြင်း ရှူလိုက်ထုတ်လိုက် လုပ်ပြီးမှ မျက်လုံးများ ဖြည်းဖြည်းချင်ဖွင့်၍ ကောင်းကင်ပေါ်သို့ ကြည့်မိသည်။

ဖျိုးဖျိုးဖျတ်ဖျတ်ဖြင့် လင်းချင်းတောက်ပသွားသော ကြယ် နက္ခတ်များ မနောအာရုံဖြင့် မြင်နေရ၏။

ကျွန်ုပ်ကို ကိုယ်စားပြုသည့် နက္ခတ်ကို ရှာဖွေလိုက်သည်။



ဟော… တွေ့ပါပြီ။ လင်းအားသည် ပို၍တောက်ပနေသည်။

အရာရာသည် မပြောင်းလဲဘဲ အရင်အတိုင်းရှိနေဆဲ။ နောက် ထပ်မမှားနိုင်။ မလွဲနိုင်တော့။ သေချာမှုတစ်ခုကို ကျွန်ုပ်သိလိုက်ရ သည်။

ကံကြမ္မာ၏ စီမံမှုသေားက ကျွန်ုပ်ပြေးလို့လွတ်နိုင်ပါတော့ မလား။

လရောင်သည် ကျွန်ုပ်မျက်နှာပေါ်သို့ ဖြာကျနေသည်။ ကျ ရောက်အုံ့ဆဲဆဲဖြစ်သည့် မကောင်းသော ကံကြမ္မာ၏ အရိပ်အငွေ့ တစ်စ ထင်ဟပ်နေသည်ဟု ထင်လိုက်မိ၏။

ကျွန်ုပ် နှလုံးသားသည် အေးခနဲ ဖြစ်သွားပါသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ညက ဟိုတွေးသည်တွေး တလူးလူး တလွန့်လွန့်နှင့် အိပ်မပျော်နိုင်ပဲရှိနေရာမှ မနက်လင်းခါနီးလောက်မှ မှေးခနဲ အိပ်ပျော်သွားမိသည်။ ပြန်နိုးလာတော့ နေပင်အတော်မြင့်နေပြီဖြစ်၏။

ဝါးထရံပေါက်များကြားမှ အလင်းပေါက်တို့ အိမ်တွင်းသို့ဖျန်းပက်ဝင်နေလေပြီ။

ကျွန်ုပ်သည် အိမ်တံခါးကို ဖွင့်လျှင်ဖွင့်ချင်း အံ့သြမှင်သက်သွားရတော့သည်။

ကျွန်ုပ်အိမ်ရှေ့၌ ရဲမက်တစ်ယောက်ရပ်နေ၏။ သူသည် ကျွန်ုပ် အိမ်ဘက်သို့ ကျောပေးကာ လမ်းမဘက်ငေးနေလေ၏။ အိမ်တံခါးဖွင့်သံကြားရသောအခါ သူ့မျက်နှာ တဖြည်းဖြည်းလှည့်လာ၏။

သူ့မျက်နှာ အလုံးစုံကိုမြင်လိုက်ရသည့်အခါ ကျွန်ုပ်နှုတ်မှ



တအံ့တသြ ရေရွတ်လိုက်မိတော့၏။

"ဟင်… ကိုဗျူဟ"

သူက ကျွန်ုပ်ကိုပြုံး၍ ကြည့်နေ၏။ ဘုရင့်ရဲမက် အဝတ်အစားဖြင့် ခန့်ညားနေသော သူ့အသွင်အပြင်ကို စေ့စေ့ကြည့်၍ အံ့သြမဆုံးအောင် ဖြစ်နေမိသည်။

"ခင်ဗျား… ဘယ်လိုဖြစ်ပြီး ဒီလို"

ကျွန်ုပ်နှုတ်မှ အစီအစဉ်မကျ စကားလုံးများဖြင့် ထစ်ထစ်ငေါ့ငေါ့ မေးမိသည်။

"ခင်ဗျား သိပ်အံ့သြသွားလား"

ဟု စကားစလိုက်ပြီး သူ ဟက်ကနဲ တချက်ရယ်၏။

"ကျုပ် ဘုရင့် ကိုယ်ရံတော်တပ်မှာ အမှုထမ်းနေပြီလေ"

ကျွန်ုပ် အံ့အားသင့်သွားသည်။ သူက အံ့သြနေသော ကျွန်ုပ်မျက်နှာကို စေ့စေ့ကြည့်၍ ဆက်ပြောသည်။

"အိမ်ရှေ့စံ သြရကာ ပြောပေးတာဆိုတော့ ကျုပ်ကို တပ်မှူးအဖြစ် တစ်ခါထဲတန်းခန့်တော့တာပဲ၊ အခု တပ်မှူးဗျူဟဖြစ်နေပြီဗျ၊ ကဲ ကိုယ့်လူ နောက်ဆို ကျုပ်နဲ့အတူ ခင်ဗျားလည်း နန်းတွင်းမှာ အမှုထမ်းရတော့မှာပဲလေ"

သူ့စကားကို ရုတ်တရက် နားမလည်မိ။

"ခင်ဗျားဘာပြောတာလဲ"

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူက နားလည်ရခက်သော အပြုံးမျိုးဖြင့်ပြုံးကာ လက်ထဲမှာ တစ်စုံတစ်ရာကို ကမ်းပေးလာ၏။

"ဒါဘာလဲ"

"စာချွန်လွှာလေ"

"စာချွန်လွှာ"

ကျွန်ုပ်က သူ့စကားကိုထပ်ဆင့်ရေရွတ်မိသည်။ ကမ်းပေးလာသော စာချွန်လွှာကို လှမ်းယူ၍ဖောက်လိုက်၏။

"နန်းတွင်းစာမေးပွဲမှာ အဆင့်မြင့်စွာ အောင်မြင်လို့ နန်းတွင်းပညာရှိ မှူးမတ်အဖြစ် ခန့်အပ်တဲ့ စာချွန်လွှာပဲ ဒါဆို ကျုပ်က"

အထိတ်တလန့်ဖြင့် ကိုဖျူ့၏မျက်နှာကို လှမ်းကြည့်မိ၏။ သူက ကျွန်ုပ်ကို ပြုံးပြုံးကြီး စိုက်ကြည့်နေသည်။

"ဟုတ်တယ် ခင်ဗျား နန်းတွင်းမှာ ပညာရှိမှူးမတ်အဖြစ် တာဝန်ထမ်းရတော့မယ် ခင်ဗျားဝမ်းမသာဘူးလား"

ကျွန်ုပ်က ယောင်ယောင်မှားမှားဖြင့် ခေါင်းခါ ခေါင်းညိတ်ပြလိုက်မိသည်။

"အင်း… ဝမ်းသာပါတယ်"

မချိသွားဖြဲကာ ပြောမိသည်။

"ဒါနဲ့… ခင်ဗျား အရင်က နန်းတွင်းရေးရာတွေ စိတ်မဝင်စားဘူးဆို အခု ဘယ်နှယ်ဖြစ်ပြီး"



"ဟုတ်တယ်… ကျုပ်အရင်က နန်းတွင်းရေးတွေ စိတ်မဝင်စားဘူး အခုတော့ စိတ်ပြောင်းသွားပြီ ကျုပ်က တောထဲမှာ တောကောင်တွေကို အောင်နိုင်ခဲ့သလို မြို့မှာလည်း အောင်နိုင်မှုတွေရအောင် လုပ်တော့မယ်"

သူက ပြောရင်းမှ အသံနက်ကြီးဖြင့် ဟက်ဟက်ပက်ပက်ရယ်လေ၏။

သူရယ်နေပုံကိုကြည့်၍ ကျွန်ုပ်မှာ တဖြည်းဖြည်း ထိတ်လန့်လာ၏။ သူသည် ကံကြမ္မာဆိုးတွေကို ဖန်တီးဖြစ်ပေါ်စေမည့် ကောင်းဆိုးဝါးတစ်ကောင်ဟု မြင်မိသည်။

ရွှံ့ရှာမုန်းတီး စပ်ဆုပ်ခြင်းတို့ ကျွန်ုပ်ရင်ထဲ ပြည့်လျှမ်းလာကာ ဖွင့်ဟဆော်ဟစ်လိုက်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာ၏။

သူသည် ရယ်ရှိန်မသေသေးသော မျက်နှာဖြင့် ကျွန်ုပ်ကို လှမ်းကြည့်ကာ

"ကဲ… ကျုပ်သွားတော့မယ် မနက်ဖြန် နန်းတော်မှာ ဆုံကြ တာပေါ့"

ဟု ဆိုကာ လှည့်ထွက်သွားလေ၏။

ဖျူ့သည် ပေါ့ပါးသွက်လက်စွာဖြင့် မြင်းပေါ်ခုန်တက်လိုက်၏။ သူ၏မြင်းသည် သန်မာပြီး အချိုးအစားပြေပြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်များရှိ၏။ ထူထဲသော ထိပ်ဆံမွေးအောက်မှ ဒေါသရောင်သန်းနေသည့် မျက်လုံးများဖြင့် ဆတ်ခနဲ လှည့်ကြည့်လာ၏။

ဗျူဟာက မြင်းတင်ပါးကို တစ်ချက်လှမ်းပုတ်လိုက်၏။ မြင်းသည် မြူးဖျစွာပေါ်လိုက်ပြီးနောက် ကဆုန်စိုင်း၍ ထွက်သွားလေ၏။

ကျွန်ုပ်သည် စာချွန်လွှာကိုကိုင်၍ အကြောင်းသားရပ်နေမိသည်။

စိုးတထိတ်ထိတ်နှင့် ခြောက်ခြားခဲ့ရသမျှတို့ ဒီနေ့တွင်ပင် အဆုံးသတ်ချေတော့မည်ဟု ကျွန်ုပ် ဆုံးဖြတ်လိုက်မိလေတော့၏။



## အခန်း (၁၄)

ကျွန်ုပ်သည် ဘုမဏ္ဍိုမြို့မှ ထွက်သွားဖို့ ဆုံးဖြတ်မိခဲ့သည်။ ပထမတော့ ထိုအတွေးသည် အချိန်ရောက်ခါမှ ဖြစ်သင့်ဖြစ်ထိုက်သည့် တစ်ခုတည်းသော လမ်းအဖြစ်သာ စဉ်းစားခဲ့မိခြင်း ဖြစ်ပါ၏။

တစ်နည်းအားဖြင့် ပြောရလျှင် ကျွန်ုပ်ထံသို့ ကျရောက်လာတော့မည့် ကံကြမ္မာဆိုးကို ရှောင်လွှဲဖယ်နိုင်ရန် အကွယ်သည့်နည်း လမ်းတစ်ခုအဖြစ်သာ စဉ်းစားခဲ့မိခြင်း ဖြစ်၏။

ခုတော့ ကျွန်ုပ်၏ ဆုံးဖြတ်ချက်သည် ပို၍ခိုင်မာသွားရလေပြီ။

အနာဂတ်တွင် ဖြစ်ပျက်လာမည့် အခြေအနေတို့ကို ကျွန်ုပ်မတွေးဝံ့ မတွေးရဲဖြစ်နေသည်။

ကျွန်ုပ်၏ စိတ်ကို အပြတ်အသား ဖြစ်စေသောအရာမှာ တစ်ခုတည်း။ ကောသမ်းနှင့် ခွဲခွာရတော့မည့်အရေးမှ ဝမ်းနည်းကြေကွဲ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည် ကျွန်ုပ်အား ဖိစီးလျက်ရှိ၏။

ကျွန်ုပ်၏ စိတ်အာရုံတွင် ကေသရီ၏မျက်နှာကို မြင်ယောင်လာသည်။ သောတအာရုံက သူ့အသံကို ကြားယောင်သည်။ စိတ်နှလုံးထိခိုက်ရသဖြင့် မျက်ရည်များပင် စို့လာခဲ့ပါသည်။

ချစ်စရာကောင်းသော မျက်နှာ၊ ချိုမြသောအသံ၊ ရင်းနှီးနွေးထွေးသည့် ဟန်ပန်တွေနှင့် ဝေးရာသို့ ကျွန်ုပ်နှင်ရတော့မည်။

နှုတ်ဆက်ခဲ့ပါတယ် ကေသရီရယ်။ ကြုံလာမဲ့ ကြမ္မာဆိုးတွေကို ရင်မဆိုင်ရဲလို့ ထွက်သွားရတာပါ။ ဒါကိုသိရင် ကျုပ်ကို သူရဲဘောကြောင်သူ တစ်ယောက်လို့ ထင်ချင်ထင်မှာပဲနော် ဟုတ်ပါတယ်၊ ကျုပ် သတ္တိမရှိဘူး၊ ရင်မဆိုင်ရဲဘူး၊ မင်းကို အဆုံးရှုံးမခံရဲဘူး၊ ဒါကြောင့် ဒီကနေ ကျုပ်ထွက်သွားပါရစေတော့ ကေသရီရယ် ကျုပ်ကို နားလည်ခွင့်လွှတ်နိုင်ပါစေလို့ မျှော်လင့်မိရပါတယ်လေ။

✱



ကျွန်ုပ်သည် ဘုမ္ဗိုင်းမြို့မှ သင်္ဘောဖြင့် ထွက်လာခဲ့ရာ ပဥ္စလမြို့ကလေးသို့ ဆိုက်ရောက်လာခဲ့တော့သည်။

ဒီမြို့၌ပင် အခြေချနေထိုင်ရန် ဆုံးဖြတ်မိသည်။ သင်္ဘောပေါ်မှ ဆင်းလျှင်ဆင်းခြင်း အထုပ်အပိုးများဖြင့် ယောင်ချာချာဖြစ်နေသော ကျွန်ုပ်သည် ရုတ်တရက် ဘယ်သွားလို့ ဘယ်လာရမှန်းမသိဖြစ်နေ၏။ ထိုအခိုက် ကျွန်ုပ်ထံသို့ လူတစ်ယောက်ရောက်ရှိလာ၏။

"ဒီကနောင်ကြီး ဘယ်သွားမလို့လဲဗျ၊ အထုပ်အပိုးတွေကူ သယ်ပေးရမလား"

ကျွန်ုပ်ကိုမေးလာသော လူသည် အသက်အားဖြင့် ကျွန်ုပ်ထက် ငယ်ပုံရသော်လည်း လူကထွားထွားကျိုင်းကျိုင်း သန်သန်မာမာဖြစ်သည်။ အဝတ်အစားများမှာ ခပ်နွမ်းနွမ်းဖြစ်၏။ ထူးခြားသည်မှာ

www.burmeseclassic.com



သူ၏မျက်လုံးများက သေးငယ်သော်လည်း စူးရှတောက်ပလွန်း၏။

"အင်း ဒီမြို့မှာ တည်းခိုလို့ရမဲ့ နေရာတစ်ခုကို သွားချင်တယ် ဖြစ်နိုင်ရင် မောင်ရင် လိုက်ပို့ပေးပါလား"

"ဟာ... သိပ်ရတာပေါ့"

ဟု သူက ဝမ်းသာအားရဖြင့် ဆို၏။

"ကောင်းကောင်းတည်းခိုလို့ရမဲ့နေရာ ကျုပ်သိပါတယ်ဗျ။ လာလာ ကျုပ်လိုက်ပို့ပေးမယ်"

ပြောပြောဆိုဆိုဖြင့် သူက ကျွန်ုပ်၏ အထုပ်အပိုးများကို ဖျိုးဖျိုးဖျပ်ဖျပ်ဖြင့် ကောက်ယူကာ ထမ်းလေ၏။

ကျွန်ုပ်က အခခွေ ဘယ်လောက်လဲဟု မေးမည်ပြုပြီးတော့မှ မမေးမိတော့။ ပြီးမှ သင့်တော်သလောက် ပေးလိုက်မည်ဟု စိတ်ကူးမိသည်။

သူသည် ရှေ့မှ ခပ်သုတ်သုတ်သွားနေသည်။ ကျွန်ုပ်မှာ သူနောက်မှ မနည်းမှီအောင်လိုက်နေရ၏။ ကျွန်ုပ်ပခုံးထက်တွင်လည်း ထန်းခေါက်ဖာကြီးတစ်လုံးကို ထမ်းထားရသေး၏။

"ဟော့လူ နေပါဦးဗျ ကျုပ်ကိုစောင့်ပါဦး"

ကျွန်ုပ်က လှမ်းအော်လိုက်လျှင် သူသည် နောက်ကိုဖျတ်မနဲလှည့်ကြည့်လာပြီးနောက် သွားမြဲဆက်သွားသည်။ ခြေလှမ်းကို ပို၍ပင် သွက်သွက်လှမ်းနေသည်ဟု ထင်ရ၏။



ကျွန်ုပ်သည် သူ့အပြုအမူကို စိတ်ထဲ မသင်္ကာဖြစ်သွားကာ နှုတ်မှ တကြော်ကြော်ခေါ်ရင်း သူ့နောက်ကို အပြေးစလိုက်ရ၏။

လမ်းသွား လမ်းလာများသည် ကျွန်ုပ်ကိုငေး၍ ကြည့်သွားကြ၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်ကူညီခြင်း မပြုကြပေ။

အော်ရင်းခေါ်ရင်း သွားနေရင်းဖြင့် ကျွန်ုပ်သည် ရုတ်တရက် ခြေခေါက်လဲကျလေ၏။

ပုံဆိုးပန်းဆိုးကြီး လဲကျတာမဟုတ်၍ တော်သေးတော့သည်။ ကျွန်ုပ်သည် ရှက်ရွံ့ထူပူနေမအားတော့ပဲ စောစောကလူကို လှမ်းကြည့်မိသည်။

"ဟင်... မရှိတော့ဘူး ဘယ်ရောက်သွားပါလိမ့်"

ချက်ချင်း ခေါင်းနပမ်းကြီးသွားကာ ဟှာယာခတ်သွား၏။ သူသည် ကျွန်ုပ်လဲကျနေတုန်း အခွင့်ကောင်းယူကာ မျက်ခြည်ပြတ်သွားချေပြီ။

ထူပူပြီး ရုတ်တရက် ဘာလုပ်လို့ဘာကိုင်ရမှန်း ကျွန်ုပ်မစဉ်းစားတတ်အောင်ပင်။ ဟိုလူကိုသာ ခေါသမွှေတနွံ့နွံ့ဆွက်ရင်း ဆောက်တခေါက်ခေါက် ဖြစ်နေမိသည်။

ကျွန်ုပ်အဖြစ်ကို သတိထားမိပုံရသော ခပ်လှမ်းလှမ်းရှိ သူဖုန်း စားတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်နောင်ကြီး ဒီကိစ္စကို မြို့ဝန်ဆီမှာ သွားတိုင်ပါလား၊ ဒီကောင်တွေက လျှင်ရင်လျှင်သလို လုပ်စားနေတာ၊ မြို့ဝန်ဆီတိုင်ပြီး ဖမ်းချုပ်နိုင်းလိုက်မှ မှတ်လောက်သားလောက်ရှိသွားမှာ"

ဟု အကြံပေးလေ၏။

သူ့အကြံ မဆိုးဘူးပဲဟု တွေးမိသည်၊ ထို့နောက် ကျွန်ုပ်သည် သူ့ဖုန်းစားကို လှမ်းမေးလိုက်၏။

"မြို့ဝန်ဆီ ဘယ်လိုသွားရမှာလဲဗျ"

✸



"ဘုမဏ္ဍိုမြို့က နက္ခတ်ပညာရှင် သိပ်ှာနစ္စဆိုတာ အသက်ခပ်ကြီးကြီးထင်နေတာ၊ ကြည့်စမ်း ငယ်ငယ်ပဲရှိသေးတာကိုး"

ဟု မြို့ဝန်က ကျွန်ုပ်ကို စေ့စေ့ကြည့်ကာ ပြောရင်းမှ ခုံတွင် ဝင်ထိုင်လိုက်သည်။ ကျွန်ုပ်မှာ မြို့ဝန်စကားကြောင့် တအံ့တသြ ဖြစ်သွားရ၏။

"မြို့ဝန်မင်းက ကျုပ်ကိုသိနေတယ် ဟုတ်လား"

"သိပါတယ်၊ ဆရာ့နာမည်ကိုတော့ ကြားဖူးနေတာ ကြာပြီ၊ ခုမှ လူချင်းတွေ့ဖူးရတော့တယ်"

သူက ခပ်အေးအေးဆို၏။ ကျွန်ုပ်မှာသာ အံ့အားသင့်ပြီးရင်းသင့်နေရတော့၏။

"ဒါနဲ့ ကျုပ်ကို သိပ်ှာနစ္စလို့ ဘယ်လိုလုပ်ပြီး ချက်ချင်းသိ

www.burmeseclassic.com



တာလဲ၊ ကျုပ်နာမည်ကို ကျုပ်မပြောမိသေးပါဘူး"

မြို့ဝန်သည် ကျွန်ုပ်ကို ခပ်ပြုံးပြုံးစိုက်ကြည့်နေ၏။

"ဒီလိုပါ ကျုပ်နဲ့ တပည့်တစ်ယောက်က ဆရာကို မြင်ဖူးတယ်လေ၊ ဆရာရောက်နေတယ်ဆိုတာ သူလာအကြောင်းကြားလို့ ကျုပ်သိရတာပဲ၊ ဟောဒီမှာလေ ကျုပ်တပည့်"

နံဘေးရှိ ရပ်နေသောသူကို ညွှန်ပြ၍ပြော၏။ ထိုလူကို ကျွန်ုပ် မသိပါ။

"ကဲ... ဆိုစမ်းပါဦး လာရင်းကိစ္စလေး"

ဟု မြို့ဝန်က ဖော်ရွေပျူငှာဟန်ဖြင့် တရင်းတနှီး မေးလေ၏။

ကျွန်ုပ်လည်း ဖြစ်သမျှအကြောင်းစုံကို ဇာတ်စုံခင်းပြလိုက်ရသည်။ မြို့ဝန်သည် ကျွန်ုပ်စကားဆုံးသောအခါ ယမ်းပုံမီးကျသကဲ့သို့ ပေါက်ကွဲတော့သည်။

"တောက်... ငါ့မြို့မှာ ဒီလိုလုယက်မှုတွေ တော်တော်သောင်းကျန်းနေပါလား၊ ရှက်စရာကောင်းလိုက်တာ၊ အဲဒီသူခိုးကို ခုချက်ချင်းရှာပြီး မိအောင်ဖမ်းခဲ့ကြစမ်း ဒင်းကို မှတ်လောက်သားလောက်ဖြစ်အောင် ဒဏ်ခတ်ရမယ်"

မြို့ဝန်က ဒေါသတကြီး ကြုံးဝါးနေ၏။ သူ့တပည့်လက်သားများသည် အမိန့်ရသည်နှင့် ချက်ချင်း အလျှိုလျှို ထွက်သွားကြသည်။

"စိတ်မပူပါနဲ့ ဆရာရယ်၊ ဆရာ့ပစ္စည်းတွေ ပြန်ရစေပါမယ်"

အားတုံ့အားနာဟန်ဖြင့် ပြောသည်။ ပြီးနောက် အားနာပြုံးကလေး တချက်ပြုံးလိုက်ပြီးမှ သူက ဆက်ပြောသည်။

"ဆရာ ဒီမြို့မှာနေမယ်ဆိုရင် နေဖို့ထိုင်ဖို့ ကိစ္စလေးဘာမှ မပူပါနဲ့၊ ကျုပ် အားလုံးစီစဉ်ပေးပါမယ်"

ကျွန်ုပ်သည် အံ့သြဝမ်းသာသွားကာ သူ့ကိုပြုံး၍ကြည့်မိသည်။

"ဟား... ဝမ်းသာလိုက်တာဗျာ၊ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးကြီးပါတယ်ဗျာ"

ကျွန်ုပ်က လှိုက်လှိုက်လှဲလှဲ ပြောလိုက်မိသည်။ မြို့ဝန်သည် ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးနေလေ၏။

အဲဒီနေ့ ညနေလောက်မှပင် ကျွန်ုပ်ထံမှ လုယက်သွားခဲ့သောလူကို ပြန်၍ဖမ်းမိခဲ့သည်။

သူသည် ထုံပေပေအမူအရာဖြင့် ကျွန်ုပ်ကို လှမ်းကြည့်၏။ လက်ပြန်ကြိုးတုတ်၍ ဒူးထောက်ထိုင်ခိုင်းထားသော်လည်း သူ့မျက်နှာသည် တစက်ကလေးမှ အောက်ကျသနားခံခြင်းမရှိပဲ ခပ်တင်းတင်းခပ်မာမာပင် ရှိနေလေ၏။

"မင်းအပြစ် မင်းသိလား"

မြို့ဝန်သည် သူ့ရှေ့၌ ကြိုးတုတ်ခံထားရသော လူကို

www.burmeseclassic.com



စိမ်းစိမ်းကြည့်ကာ လေသံပြင်းပြင်းဖြင့် မေးလိုက်၏။

ကြိုးတုတ်ခံထားရသော လူက ခေါင်းညိတ်သည်။

"မင်းအပြစ်အတွက် ဘယ်လို ပြစ်ဒဏ်မျိုး ခံရမလဲဆိုတာ မင်းသိလား"

မြို့ဝန်အသံက နဂိုထက်ပို၍ ဟိန်းထွက်နေ၏။ သူ ဒေါသ ထွက်နေပုံရ၏။ ကြိုးတုတ်ခံထားရသော လူက ခေါင်းခါသည်။

"အေး မင်းအပြစ်အတွက် ရလဒ်ကတော့ သေဒဏ်ပဲ"

ဟု မြို့ဝန်က တင်းမာပြတ်တောင်းသော အသံဖြင့်ပြောလိုက်၏။ ကြိုးတုတ်ခံထားရသော လူသည် ထိတ်လန့်တုန်လှုပ်သော မျက် ဝန်းအစုံဖြင့် မော်ကြည့်လာ၏။ သူ့မျက်နှာသည် ဖြူရော်ရော် ဖြစ်နေသည်။ မယုံနိုင်ခြင်း၊ ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ခြင်း စသည်တို့ ယှက်သန်းသွားကာ မူးချင်မေ့ချင်သလိုပင် ဖြစ်နေပုံရ သည်။

"ငါ့မြို့မှာ ဒီလိုလုယက်သောင်းကျန်းမှုတွေ ဖြစ်ပေါ်လာတာ မြို့ရဲ့ သိက္ခာကို ကျဆင်းစေတာပဲ၊ ပြီးတော့ ငါ့ကို မထီလေးစားလုပ်တာ၊ ဒါကို နှိမ်နှိမ်နင်းနင်း ကာကွယ်ရ မယ်၊ ဒါမှ နောက်တစ်ခါ ဒီလိုအဖြစ်မျိုးပေါ်မလာမှာ"

မြို့ဝန်သည် ဒေါသတကြီးဖြင့် အော်ဟစ်ပြောဆိုနေ၏။ ကြိုးတုတ်ခံထားရသူသည် ရုတ်တရက် တုန်လှုပ်ခြင်းကြီးစွာဖြင့်



ငိုကြွေး တောင်းပန်လေ၏။

"မလုပ်ပါနဲ့ မြို့ဝန်မင်းရယ်၊ ကျုပ်ကို မသတ်ပါနဲ့၊ မသတ်ပါ နဲ့ဗျာ"

ကျွန်ုပ်သည် အခြေအနေကို မှင်သက်နေမိသည်။ ဒီပြစ်မှု သေးလောက်နဲ့ ဒီလောက်ထိ ဒဏ်ပေးစရာမလိုဟု ကျွန်ုပ်ထင်သည်။ လူ့အသက်တစ်ချောင်း အချည်းနှီး အလဟဿ ဆုံးရှုံးရမည်ကို ကျွန်ုပ် မလိုလား။ သေဒဏ်ပေးလောက်သည့်အထိ ဘာမှ မကြီးကျယ်သည့် အမှု မြို့ဝန်မင်း၏ အပြစ်ဒဏ်သည် ပြင်းထန်လွန်းလှသည်။

ကျွန်ုပ်တားမှ ဖြစ်ချေတော့မည်။

"မြို့ဝန်မင်း ကျုပ်ကို ခဏလောက် စကားပြောခွင့်ပေးပါ"

"ပြောပါ ဆရာ ဘာပြောချင်လို့လဲ"

"သူ့ကို ဒီလောက်ထိ အပြစ်ပေးဖို့ မလိုဘူးလို့ ကျုပ်ထင် တယ်"

မြို့ဝန်မင်းက အံ့ဩဟန်ဖြင့် ကျွန်ုပ်ကိုကြည့်နေသည်။

"ဒီလိုမလုပ်ရင် သူတို့ ဒီထက်ပိုသောင်းကျန်းလာမှာ၊ ဒီမြို့ မှာ ဒီလိုအဖြစ်မျိုး ထပ်အဖြစ်မခံတော့ဘူး၊ နောင်ကျဉ်သွား အောင်တော့ လုပ်ရလိမ့်မယ်"

ဟု မြို့ဝန်က ပြတ်ပြတ်သားသား ပြော၏။

ကျွန်ုပ်သည် ကြိုးတုတ်ခံထားရသော လူကို လှမ်းကြည့်မိ

www.burmeseclassic.com

သည်။ သူသည် သေရမည့်ဘေးကို တုန်လှုပ်ခြင်းကြောင့်ဖြင့် သည်းသည်းလှိုက်လှိုက် ငိုကြွေးနေ၏။

ကျွန်ုပ်ရင်ထဲ လုံးဝမချိနိုင်တော့။ နောက်ဆုံးအနေဖြင့် မြို့ဝန်ကို ထပ်၍တောင်းဆိုကြည့်မိသည်။

"ဟို... မြို့ဝန်မင်း ကျုပ်ပြောပါရစေ သူ့ကို သေဒဏ်မပေးဘဲ ကျုပ်ရဲ့ အစေခံအဖြစ်ထားရင်ရော ဘယ်လိုလဲ"

မြို့ဝန်မင်းသည် ကျွန်ုပ်တောင်းဆိုမှုကြောင့် တွေဝေသွားပုံရသည်။ ပြီးမှ ခေါင်းကို ဆတ်ကနဲတစ်ချက် ညိတ်ကာပြောလိုက်၏။

"ကောင်းပြီလေ ကျုပ်ပြစ်ဒဏ်ကို တထစ်လျှော့လိုက်မယ်။ မောင် ဆောင်မင်း ဒီက ဆရာဆီမှာ တစ်သက်လုံး အလုပ်အကျွေးပြု ကျွန်ခံစေကြားလား"

တိတ်လန့်သော မျက်ဝန်းအစုံသည် ကျွန်ုပ်ကို အားကိုးတကြီးဖြင့် လှမ်းကြည့်လာ၏။ ကျေးဇူးတင်ရိပ်များ ဖုံးလွှမ်းနေသော သူ့အကြည့်ကို ကျွန်ုပ်က နွေးထွေးစွာပင် တုန့်ပြန်ပြုံးပြလိုက်မိပါတော့သည်။



## အခန်း (၁၅)

ကျွန်ုပ်၏ အစေခံဖြစ်သော ငမြတ်တင်သည် ကျွန်ုပ်ကို သူ၏ အသက်သခင် ကျေးဇူးရှင်ဟူ၍ မှတ်ထင်ကာ အလွန်ရိုကျိုးစွာ အလုပ်အကျွေးပြုရှာ၏။ ကျွန်ုပ်သည် မြို့ဝန်စီမံပေးသော အိမ်၌ နေထိုင်ကာ ကျွန်ုပ်တတ်ထားသည့် ပညာဖြင့်ပင် အလုပ်ခန့်လေးရှာ၍ လျက် အသက်မွေးဝမ်းကျောင်းပြုရတော့သည်။

ပါနသန်ပြည် ဘုမဏ္ဍိမြို့ဟူသော တိုင်းကြီးပြည်ကြီးမှလာသည့် ပညာရှင်ဟူ၍ မြို့သူမြို့သားများသည် ကျွန်ုပ်ကို သည်းသည်းလှုပ်ယုံကြည်ကြသည်။ သူတို့၏ ကိစ္စရေးရာများတွင် အားကိုးအားထားပြုကြလေသည်။

ပဥ္စလမြို့လေး၌ ကျွန်ုပ်၏ နာမည်သတင်းမှာ ပတ်ချာလည် ကျော်ကြားထင်ရှားလာလေတော့သည်။

ဘုမဏ္ဍိမြို့မှနေ၍ ပဥ္စလမြို့လေးသို့ ပြောင်းရွှေ့လာခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အတွက် အပြီးအပိုင် စာတ်မြုပ်ခဲ့ခြင်း ဖြစ်ပါသည်။

ပါနသန်ပြည်ကြီးနှင့် အပြီးတိုင် အဆက်ဖြတ်လိုက်ခြင်းလည်း ဖြစ်၏။

ကျွန်ုပ်သည် အလုပ်ထဲတွင် စိတ်နှစ်ကိုယ်နှစ်လုပ်ကိုင်ရင်း အတိတ်ကဖြစ်ရပ်တွေကို ကြိုးစား၍မေ့ဖျောက်သည်။ သတိမရမိအောင် ကြိုးစားသည်။

တခါတရံ၌ ကောသရီကို အလွန်အမင်း သတိရတမ်းတနေတတ်သဖြင့် စိတ်ထိခိုက်ခြင်း၊ ဝမ်းနည်းပူဆွေးခြင်း စသည့်ဝေဒနာများကို ခံစားနေရပါသည်။

ကျွန်ုပ် စိတ်အာရုံတွင် သူမ၏ ရုပ်ပုံလွှာသည် အမြဲတစေ ထင်ဟပ်လျက်ရှိသည်။ သူ့ကို တမ်းတသော စိတ်သည် အမြဲတစေ ဖြစ်ပေါ်လျက်ရှိသည်။ သူပြောလိုက်သည့် စကားများကိုလည်း အမြဲတစေ သတိရနေမိပါသည်။ သူ့လှုပ်ရှားဟန်၊ သူ့အပြုံး။

သူနှင့်ပတ်သတ်သမျှ အရာအားလုံးသည် ကျွန်ုပ်၏ နှလုံးသားကို ဆွဲကိုက်ချေမွလျက်ရှိပါသည်။

သူ့ကို သတိမရမိအောင် ကျွန်ုပ် ဘယ်လိုမှ ကြိုးစား၍မရနိုင်သည်မှာ ကျွန်ုပ်၏ အားနည်းချက်ပေတည်း။

✱



နွေးနွေးထွေးထွေး ရှိလှသော်လည်း ကောင်းကင်တစ်ခွင်လုံး မှုန်မှိုင်းနေသည်။ နံနက်ခင်းဖြစ်သည်။ မကြာခဏ တိတ်လိုက်ရွာလိုက်လုပ်နေသည့် မိုးကြောင့် မြက်ပင်စိမ်းစိမ်းများ မြေမှထွက်လာကြသည်။ မိုးရွာချိန်တွင် ပျောက်သွားသော နေသည် မိုးတိတ်သည်နှင့် တစ်ပြိုင်နက် ခေါင်းပြူ၍ထွက်ကာ မိုးစက်များတင်နေသည့် သစ်ရွက် များပေါ်သို့ ရောင်ခြည်ဖြင့် လွှမ်းခြုံသည်။ ကျွန်ုပ် အိမ်ရှေ့မျက်နှာ စာရှိ ပန်းဥယျာဉ်သည် မြစိမ်းရောင်ကော်ဇောခင်းထားသည့်နှယ် ဖြစ်လာသည်။

ဥယျာဉ်အတွင်းရှိ ဟင်းသီးဟင်းရွက်ခင်းများပေါ်တွင်မှ စာကလေးများသည် ရွှန်လန်းမြူးတူးစွာ ခုန်ပေါက်ပြေးလွှားနေကြသည်။ သူတို့၏ အော်သံများသည် ခါတိုင်းထက်ပို၍ ကျယ်လောင်သည်။

ကျွန်ုပ်သည် ရှေ့ကွပ်ပျစ်လေးပေါ်တွင်ထိုင်၍ အပြင်သို့

www.burmeseclassic.com



လှမ်းငေးနေမိသည်။

ကျွန်ုပ်၏ အစေခံ မြတ်တင်သည် ကျွန်ုပ်အတွက် ရေနွေးကြမ်းနှင့် ဆေးတံသားခြောက်ပုတ်၊ ကောက်ညှင်းပေါင်းတို့ကို လာချပေး၏။ ထို့နောက် သူသည် ကျွန်ုပ်နားမှ ထွက်မသွားသေးပဲ ယောင်လည်လည်လုပ်နေသဖြင့် ကျွန်ုပ်က မသက်ာ၍ လှမ်းမေးလိုက်၏။

"မြတ်တင် ဘာလဲ ပြောစရာရှိလို့လား"

"ဟုတ်တယ်… ဆရာ"

အသံသည် ယိုင်နဲ့နဲ့။ တစ်ခုခုကို တောင်းပန်ခယလိုဟန်တွေ့ပါနေသည်။

"ဘာလဲ"

"ဟို… ဟို"

သူသည် ပြောရခက်ဟန်ဖြင့် ခေါင်းကို တဖျင်းဖျင်းကုတ်နေ၏။

"ဟဲ့… ဘာလဲ တဟိုဟိုနဲ့ ပြောစရာရှိတာ ပြောလေ"

မြတ်တင်သည် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်ပြီး အားတင်းလိုက်ဟန်ဖြင့် ကျွန်ုပ်နားသို့ တိုးတစ်လာတာ မဝံ့မရဲလေးပြော၏။

"ဆရာ့ကို အကူအညီတောင်းစရာရှိလို့ပါ"

"ဘာလဲ… ဘာကူညီရမှာလဲပြော"



"ဒီလိုပါ… ဆရာ"

တစ်ချက် အံ့ကိုကြိတ်လိုက်သည်။ မျက်လွှာချ၍ ခပ်တိုးတိုးပြော၏။

"ကျုပ်မှာ ချစ်သူရှိပါတယ် ဆရာ၊ ကျုပ် ချစ်သူရဲ့ မိဘတွေဟာ ကျုပ်နဲ့ သဘောမတူကြဘူး၊ ဒါကြောင့် သူ့မိဘတွေဆီမှာ သူ့ကို မတောင်းရဲပဲဖြစ်နေရတာပေါ့၊ ဒါပေမယ့်ခု မတောင်းလို့ မရတော့ဘူး ဆရာ"

"ဟော"

ကျွန်ုပ်၏ အံ့သြတကြီး ရေရွတ်လိုက်သံက အတော်ပင်ကျယ်သွား၏။

"ဘာလဲ မင်းတို့ ဟို… ညှိစွန်းနေကြပြီလား"

မြတ်တင်၏ မျက်နှာသည် ရဲခနဲဖြစ်သွား၏။ မျက်လွှာချကာ ခေါင်းကိုပွတ်၍ငုံ့လိုက်သည်။

"ဟုတ်တယ်… ဆရာရယ် ကျုပ်တို့ ဟို… ဟို"

"ကဲ… တော်ပြီ မပြောနဲ့တော့ ဒီလောက်ဆို ငါသဘောပေါက်ပြီ၊ ဘာလဲ ငါက မင်းမိန်းကလေးရဲ့ မိဘတွေဆီမှာသွားတောင်းပေးရမယ်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ ဆရာ… ဆရာ့ကို မိဘနေရာမှာထားပြီး အကူအညီတောင်းရတာပါ၊ ဆရာရယ် ကျုပ်ကို ကူညီပါဗျာ

www.burmeseclassic.com



နော်"

မြတ်တင်က အားတက်သရောလေး ပြောနေ၏။ မိဘဆွေမျိုးသားချင်းဟူ၍ မရှိသောသူသည် ကျွန်ုပ်ကိုသာ အားကိုးအားထားပြုရာနေသူ။ ဒီကိစ္စမှာလည်း ကျွန်ုပ်ကို မိဘအရာထား၍ အကူအညီတောင်းခံနေသည်ဆိုတာကို ကျွန်ုပ် နားလည်မိသည်။ ထို့ကြောင့် ကျွန်ုပ်ကလည်း သူ့ကို တူသားလို သံယောဇဉ်တွယ်မိနေပြီလည်းဖြစ်သဖြင့် သူ့ကိစ္စကို အကူအညီပေးရန် သဘောတူမိရတော့သည်။

"ကဲ… ကဲ မင်းကိစ္စကို ငါကူညီပါ့မယ်၊ ဘယ်နေ့လိုက်တောင်းပေးရမလဲသာပြော"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဗျာ ဘယ်နေ့တောင်းရမလဲဆိုတာ ကျုပ် သူနဲ့ တိုင်ပင်လိုက်ပါဦးမယ်၊ ပြီးရင် ဆရာကိုပြောမယ်နော်"

"အေး… အေး ဒါဆိုလည်း ပြီးရော"

မြတ်တင်သည် ဝမ်းသာကြည်နူးစွာဖြင့် ကျွန်ုပ်အပါးမှ ထွက်ခွာသွားသည်။

သြော်… ငါ့နှယ် သူများတကာကိုတောင် မိန်းမလိုက်တောင်းပေးနေရပါပေါ့လား။ အသက်တွေလည်း တဖြည်းဖြည်းကြီးလာပြီပဲ သြော် မငယ်တော့ဘူး… မငယ်တော့ဘူး။

ဘာရယ်မဟုတ်ပဲ ကေသရီကိုဖျတ်ခနဲ သတိရမိသွားသည်။



ကေသရီရယ် ကျုပ်တော့ တစ်ကိုယ်တည်း လူပျိုကြီးဘဝနဲ့ အရိုးထုတ် ရတော့မယ်ထင်ပါရဲ့။

ဖဖဖဖဖ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ကျွန်ုပ်၏ နာမည်ကြီး ကျော်ကြားမှုသည် သည်နေရာ၌ အရေးပါ အရောက်သည်ဟု ပြောရပေမည်။

မြတ်တင်ကို ကျူးတူးခါးခါး ငြင်းပယ်သဘောမကျခဲ့ကြသော မြတ်တင် မိန်းကလေး၏ မိဘများသည် ကျွန်ုပ်ကိုယ်တိုင် ဦးဆောင်၍ သွားရောက်တောင်းရမ်းသောအခါ ကြည်ကြည်သာသာပင် လက်ခံသဘောတူခဲ့ကြလေ၏။

ကျွန်ုပ် မျက်နှာကြောင့် မြတ်တင် ကံကောင်းထောက်မစွာဖြင့် မိန်းမရလာခဲ့တော့သည်။

မယူခင်ကပင် မျိုးစေ့ချထားခဲ့သဖြင့် လအနည်းငယ်ကြာလေသောအခါ အပင်သည် အသီးပင်သီးလာတော့၏။

"ဟော့ မြတ်တင် မင်းမိန်းမ ဘာလေးမွေးလဲ"

"သမီးလေးဆရာရဲ့ သမီးလေး"



ဝမ်းသာပျော်ရွှင် မြူးတူးနေသော မြတ်တင်တို့ကြည့်၍ ကျွန်ုပ်ထံသို့ အပျော်တွေ အလိုလိုကူးစက်လာသည်။

ဘာလိုလို့နဲ့ သူတို့တွေတောင် သားသမီးတွေဘာတွေ ရနေပြီပဲ ကေသရီကို ဖျတ်ခနဲ သတိရမိသည်။

"ရှင်ဟာ လူကြောက်ပဲ သိပ်နှစ်၊ ရှင်သတ္တိမရှိဘူး၊ အချစ်ကိုဖမ်းဆုပ်ပိုင်ဆိုင်ခွင့်ရှိရက်နဲ့ ရှင်မယူရဲဘူး ရှင်ဟာ လူညံ့ပဲ"

ဒေါသတကြီးပြောနေသော ကေသရီ၏အသံကို ကြားယောင်လာသဖြင့် ကျွန်ုပ်သည် ယောင်ယမ်းပြီး ခေါင်းကိုခါမိသည်။ မဟုတ်ပါဘူး။ မဟုတ်ပါဘူး ကေသရီရယ် ငါမင်းကို ဆုံးရှုံးရမှာကြောက်လို့ပါ။ ငါ့ရင်ခွင်ထဲရောက်ခါမှ တခြားလူက လုယူသိမ်းပိုက်မဲ့အဖြစ်မျိုး အဖြစ်မခံနိုင်လို့ပါ။

ကေသရီ၏ မှုန်းတီးစပ်ဆုပ်သော မျက်စောင်းနှင့် အကြည့်ကို ကျွန်ုပ်မျက်လုံးထဲ မြင်ယောင်လာပြန်၏။

ကျွန်ုပ်နှလုံးသားတစ်ခုလုံး စူးခနဲ အောင့်မျက်သွားသလို ခံစားလိုက်ရလေ၏။

"ဆရာ"

မြတ်တင်၏ ခေါ်သံကို ကြားရသည်။ မှိတ်ထားသော မျက်လုံးကို ဖွင့်၍ကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ"

ဒေါ်သသံအနည်ငယ် စွက်သွားသဖြင့် မြေတ်တင်က အနည်းငယ် ရှုံ့သွားပုံရကာ မဝံ့မရဲ ပြော၏။

"ဟို… ကျုပ်သမီးလေးရဲ့ နာမည်ကို ဆရာ့ကိုပေးခိုင်းချင်လို့ပါ ဘယ်လိုပေးရင်ကောင်းမလဲ ဟင်"

"ဩော်… အေး မင်းသမီးလေးက ကြာသပတေးသမီးနော်"

ကျွန်ုပ်က လေသံကို လျှော့၍ပြောလိုက်၏။

"ဟုတ်ပါတယ် ဆရာ ကြာသပတေးသမီးပါ"

ကျွန်ုပ်သည် ခေါင်းတဆတ်ဆတ်ညိတ်ကာ ခေတ္တမျှ စဉ်းစား လိုက်၏။

ကျွန်ုပ်ခေါင်းထဲ အမည်သညာတစ်ခု အမှတ်တမဲ့ ဝင်ရောက်လာ၏။ ကျွန်ုပ်နှလုံးသားတစ်ခုလုံး အေးခဲနဲ့စားလိုက်ရသည်။

"မြကေသရီလို့ ပေးကွာ"

"ဗျာ"

မြေတ်တင်က အူကြောင်ကြောင်ဖြင့် ရှေ့ရှုတ်နေသည်။

"မြကေသရီလေ မြကေသရီ"

ဒီအမည်ကို ကျွန်ုပ်နှုတ်ဖျားမှ ခေါ်လိုက်ရုံဖြင့် နှလုံးသား



တစ်ခုလုံး နွေးထွေးသွားသလို။

"ဟာ သိပ်ကောင်းတယ် ဆရာ ဘာတဲ့ မြကေသရီ မြကေသရီ အရမ်းလှတဲ့ နာမည်လေးပဲ၊ ကျုပ်မိန်းမလာရင် ဒီနာမည်ကို ကြိုက်မှာပါ"

မြေတ်တင်က ဝမ်းသာအားရဖြင့် ပြောပြီး ကျွန်ုပ်နားမှ ထွက်သွားသည်။ သူ့မိန်းမကို သွားပြောတာဖြစ်မည်။

ဘာကြောင့် ဒီနာမည်ကိုမှ ကျွန်ုပ်ရွေးပေးလိုက်မိမှန်း မသိပေ။ ကျွန်ုပ်စိတ်ထဲ ကျွန်ုပ်နှလုံးသားထဲ စွဲမြဲစိုးမိုးနေသော အမည်သညာ လေး။

တဖွဖွခေါ်ရုံဖြင့် ရင်ခုန်သံတွေ မြန်လာသည်။ သူ့ကို မမြင်ရတော့မှ သူ့ကို ကျွန်ုပ်ဘယ်လောက်ချစ်နေမှန်း သိလာရသည်။

သူ့ နာမည်ကို ခေါ်နေရုံဖြင့် သူ့ကို တမ်းတသောစိတ်ကို ဖြေဖျောက်နိုင်လိမ့်မည်ဟု ကျွန်ုပ်တွေးမိသည်။

ဒါကြောင့်ပင် မြေတ်တင်၏ သမီးလေးကို ဒီအမည်လေး ပေးလိုက်မိခြင်းဖြစ်သည်။

ထိုကဲ့သို့ နာမည်ပေးမိခြင်းကပင် ကျွန်ုပ်ကံကြမ္မာတွင် ထူးခြားသော ကိစ္စတစ်ရပ် ဖြစ်ပေါ်လာစေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

အချိန်တို့သည် တရွေ့ရွေ့နှင့် ပြောင်းလဲလာခဲ့သည်။ ငြွတ်တင်၏ သမီးကလေးပင် စကားမပီကလာ ပီကလာနှင့် ပြောတတ်နေပေပြီ။ ကလေးမလေးပင် အသက်(၄)နှစ် တင်းတင်း ပြည့်ခဲ့ပြီဖြစ်၏။

"ဘဘကြီး"

တွေးကောင်းကောင်းနှင့် တွေးနေစဉ် ကျွန်ုပ်နားသို့ ကလေး မလေးရောက်လာတာကို သတိပင်မထားမိ။ သူခေါ်တော့မှ သတိရ တော့သည်။

"ဪ... သမီးပါလား"

ကျွန်ုပ်ထိုင်နေရာ ခုံတန်းလေးပေါ်သို့ သူ့ကိုဆွဲကာနဲ့ချီကာ ပွေ့တင်လိုက်၏။



သစ်ရပ်ဝါးရိပ်အောက်တွင် ရှိသော ခုံတန်းလေးပေါ်တွင် ထိုင်ကာ ရှေ့တွင် တသွင်သွင်စီးဆင်းနေသော စမ်းချောင်းကလေး ကို ငေးကြည့်ရင်း အတွေးတို့ ဖြန့်နေမိသည်မှာ ကျွန်ုပ် မ [illegible] ဆိုလိုလုပ်ဖြစ်သော အလုပ်တစ်ခု ဖြစ်လာခဲ့၏။

မနက်ခင်းတိုင်းလည်း ကျွန်ုပ်ထိုင်နေရာ ဟောသည် နေရာ လေးသို့ ကေသရီလေးက ရောက်ရောက်လာတတ်သည်။

ကြာလာတော့ ဟောသည်နေရာ ဟောဒီအချိန်လေး၌ ကေသရီလေးနှင့် ကျွန်ုပ်တို့ တွေ့ဆုံဖြစ်ကြသည်မှာ အလေ့အထလေး တစ်ခုလိုပင် ဖြစ်လာခဲ့သည်။

"သမီးအတွက် ဘဘကြီးက မုန့်တွေယူလာတယ် ဟောဒီ မှာ"

မုန့်ဖက်ထုပ်နှင့် မုန့်ဖျားသလက်ကို ကေသရီလက်ထဲသို့ ညှိပေးလိုက်တော့ ကေသရီက ဝမ်းသာသွားဟန်ဖြင့် မျက်လုံးလေး အား တလက်လက် တောက်ပသွားကာ ပြုံးနေ၏။

"ဘဘကြီး"

"ဟော ဘာလဲ သမီး"

"ဟိုက အခေါက်ကိုလည်း ဒီမုန့်တွေ သွားကျွေးလိုက်မယ် နော်"

www.burmeseclassic.com

www.burmeseclassic.com



ကေသရီစကားကို ကျွန်ုပ်နားမလည်မိ။ အံ့သြစွာဖြင့် မေးမိသည်။

"ဘယ် အခေါ်လဲ သမီးရဲ့"

"ခေါ်လေး တစ်ယောက်ကို သမီးခေါ်လာတယ်၊ သူ ဟိုနားမှာ ရပ်နေတယ်၊ ဘဘကြီးကိုကြောက်လို့တဲ့ မလာရဲဘူး"

ကေသရီစကားက ကျွန်ုပ်အတွက် အထူးအဆန်းဖြစ်သွားရသည်။

"ဘယ်မှာလဲ"

"ဟိုနားမှာ"

ကေသရီက ခပ်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်ကို လက်ညှိုးထိုးပြသည်။ သစ်ပင်အကွယ်တွင် မိန်းကလေးတစ်ယောက်ရပ်နေသည်ကို ကျွန်ုပ်လှမ်းတွေ့လိုက်ရ၏။

မိန်းကလေးသည် ကျွန်ုပ်ဘက်ကို ကျောခိုင်းထားသည်။ သူ့ ခေါင်းတွင်လည်း ပုဝါတစ်ခုခြုံထားသေးသည်။

"မုန့်တွေကျွေးချင်ရင် သွားကျွေးလေ သမီးရဲ့"

"ဟုတ်ကဲ့"

ကလေးမလေးသည် ကျွန်ုပ်နားမှ လှစ်ကနဲ ပြေးထွက်သွား



၏။ မိန်းကလေးကို မုန့်ပေးနေတာတွေ့ရသည်။ ပါးစပ်မှလည်း တတွတ်တွတ်နှင့် ဘာတွေပြောနေမှန်းမသိ ပြီးတော့ သူက မိန်းကလေးလက်ကို အတင်းဆွဲခေါ်လာနေ၏။

သူတို့ ကျွန်ုပ်ဆီသို့ လာနေကြပြီ။ မိန်းကလေးသည် ခေါင်းကို ပုဝါစဖြင့် ခြုံထားသဖြင့် သူ့မျက်နှာကို ပီပီပြင်ပြင် မမြင်ရပေ။ ကျွန်ုပ်ရှေ့သို့ ရောက်သောအခါ သူသည် ခေါင်းမှ ပုဝါစကိုဆွဲဖယ်လိုက်၏။ လှပသော မျက်နှာလေးပေါ်လာသည်။ ရုတ်တရက် ကျွန်ုပ်နှလုံးခုန် ရပ်တန့်သွားမတတ်။

"ဟင် မြကေသရီ"

ကျွန်ုပ်ချစ်သော ကေသရီရယ်ပါ။ သူ့မနှုတ်ခမ်းတွင် အပြုံးနိုပ်တို့ထင်နေ၏။ လှပသော မျက်လုံးအစုံတွင် ပြန်လည်ဆုံတွေ့ကြရသည့်အတွက် ဝမ်းမြောက်ကြည်နူးခြင်း၊ ဘာဖြစ်လို့ အကြာကြီး ပျောက်နေရတာလဲဟု အပြစ်တင်လိုခြင်းနှင့် ကျွန်ုမရှင့်ကို ချစ်နေပါပြီဟု ဝန်ခံခြင်းစသော အရိပ်လက္ခဏာများ ပေါ်လွင်လျက်ရှိပါသည်။

အချိန်အတော်ကြီးကြာမျှ စကားမဆိုမိကြပဲ တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေမိကြသည်။

ထိုခဏတာကလေးသည် ကျွန်ုပ်တစ်သက်တာတွင် အပျော်ဆုံးအချိန်ဖြစ်ပါသည်။ ဤမျှလောက် သန့်စင်သော ဤမျှလောက်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသုခနှင့် ပြည့်စုံသော ပျော်ရွှင်ကြည်နူးမှုမျိုးကို ဘယ်တုန်းက
မှ မရခဲ့ဘူး၊ မခံစားခဲ့ရဘူးပါ။

သူသည် မျက်တောင်များ ပုတ်ခတ် ပုတ်ခတ်လုပ်ကာ
ကျွန်ုပ်အား စကားစပြောလာ၏။

"ဘာဖြစ်လို့ ထွက်သွားရတာလဲ"

ရုတ်တရက် ကျွန်ုပ် အဖြေမပေးနိုင်။ အကြည့်ကို အသာလွှဲ
ဖယ်၍ ခပ်တိုးတိုး ပြန်ပြောမိသည်။

"အကြောင်းတစ်ခုကြောင့်ပေါ့"

သက်ပြင်းချသံ ခပ်သဲ့သဲ့ကြားရ၏။

"ဘာအကြောင်းလဲဆိုတာ ပြောချင်ပုံမရလို့ မမေးတော့ပါ
ဘူး၊ ဒါပေမယ့် တစ်ခုတော့ ပြောချင်တယ်"

သူသည် စကားကိုဖြတ်လိုက်၏။ တခဏတော့ တိတ်ဆိတ်
သွားသည်။ ကျွန်ုပ်သည် သူ့မျက်နှာကို ငုံ့ကြည့်မိ၏။ ခေါင်းကိုငုံ့
ကာထား၏ မျက်တောင်များက တဖျပ်ဖျပ်။ နှုတ်ခမ်းများကို အသာဖိ
ကိုက်ထား၏။

သူသည် ကျွန်ုပ်ကို လှည့်ကြည့်လာ၏။ မျှော်လင့်တောင့်
တသော မျက်ဝန်းများပင်။

"မောင်ကြီး ကျွန်မနဲ့ ပြန်လိုက်ခဲ့ပါလားဟင်၊ ခုဆိုရင်



တိုင်းပြည်မှာ ဘာတွေဖြစ်နေပြီလဲ မောင်ကြီးသိလား"

"ဘာတွေ ဖြစ်လို့လဲ"

"အခြေအနေတွေအားလုံး ပြောင်းလဲနေပြီ မောင်ကြီးရဲ့
မောင်ကြီး ဗျူဟက စစ်သူကြီး ဖြစ်နေပြီလေ။ ပြီးတော့
သူပဲ တိုင်းပြည်မှာ အရှမ်းတွင်ကျယ်နေတာ၊ ကျွန်မရဲ့
ခမည်းတော်နဲ့ မယ်တော်လည်း နတ်ရွာစံကုန်ကြပြီ၊
အစ်ကိုတော်လည်း တိုင်းပြည်မှာ မရှိဘူး ပျောက်နေတယ်"

ကေသရီသည် ကရားရေလွှတ်သလို တတွတ်တွတ်
ပြောနေ၏။ မျက်ဝန်းများသည် နီရဲလျက်။ နာကျင်ကြေကွဲမှုများ
သူမမျက်နှာတွင် ထင်ဟပ်နေ၏။

"ဘာကြောင့် ဒီလိုတွေ ဖြစ်ရတာလဲ"

ကျွန်ုပ်က ထိတ်လန့်အံ့ဩစွာဖြင့် မေးမိသည်။

"ဒါတွေဟာ ဗျူဟစနက်ကြောင့်ပေါ့၊ သူ အခုဆို ငါးနန်း
ကို မတရားသိမ်းပိုက်ပိုကြဲနေတယ်၊ ကျွန်မတစ်ယောက်
တည်း သူ့ကို ဘယ်လို ပြန်တိုက်ခိုက်ရမလဲ၊ ကျွန်မကို
ကူညီပါ မောင်ကြီးရယ် နော်… မောင်ကြီး ကျွန်မနဲ့
ပြန် လိုက်ခဲ့မယ် မဟုတ်လားဟင်"

သူ့အသံတွင် တောင်းပန်ခယသံ အပြည့်ပါ၏။ ရုတ်တရက်

www.burmeseclassic.com

ဘာပြောလို့ ပြန်ပြောရမည်မှန်းမသိစွာ ကျွန်ုပ် အိုးတိုးအမ်းတမ်းဖြစ်နေမိသည်။

ကေသရီသည် ကျွန်ုပ်မငြင်းလိုက်မည်ကို စိုးရိမ်နေဟန်ဖြင့် မျှော်လင့်တကြီး စိုက်ကြည့်နေ၏။

ကျွန်ုပ်သည် အချိန်အတော်ကြီးကြာမှ အဖြေမပေးနိုင် ဖြစ်ရပါသည်။

"မောင်ကြီး ကျွန်မနဲ့ ပြန်လိုက်ခဲ့မယ်မဟုတ်လားဟင်"

လှိုက်လှိုက်လှဲလှဲ ရှိုက်လှန်းလှသော သူ့အမေးသည် ကျွန်ုပ်၏ စိတ်ကို ထိထိခိုက်ခိုက် ရှိလှသည်။

သူမတစ်ယောက် ကူကယ်ရာမဲ့သလို ဖြစ်နေရသည်။ အကျဉ်းအကြပ်ထဲ ရောက်နေပြီမို့ ကျွန်ုပ်ကို အားကိုးတကြီး ဖြစ်ပုံရသည်။ ဒါကြောင့်မို့ ရှာရှာဖွေဖွေဖြင့် ကျွန်ုပ်ထံသို့ ရောက်လာခဲ့တာဖြစ်မည်။

ဒီလိုအချိန်မျိုးမှာ ကျွန်ုပ်သည် သူမဘက်တွင် မရပ်တည်ဘူးဆိုရင် ကျွန်ုပ်လောက် မိုက်မဲတဲ့သူ ရှိတော့မည် မဟုတ်ပေ။

ကျွန်ုပ်သည် သူ့မျက်လုံးများကို တည့်တည့်စိုက်ကြည့်လိုက်၏။

"လိုက်မယ် ကျေပ် မင်းကို ကူညီရမှာပေါ့"



နိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ ကျွန်ုပ်က ပြတ်သားစွာ ပြောလိုက်မိသည်။

သူသည် မျက်ရည်စို့လာသည်အထိ အံ့ဩဝမ်းသာသွားလေ၏။

သူ့နှုတ်ခမ်းများတွင် အပြုံးတစ်ခု ပီပြင်စွာ ပေါ်လာပါတော့သည်။

ဖဖဖဖ

www.burmeseclassic.com



## အခန်း (၁၈)

ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ချောက်သည့်ဖြစ်ရပ်မို့ ကေသရီသည် အလွန်ပင် မခံမရပ်နိုင်ဖြစ်နေပုံရ၏။

နန်းတွင်းရေး အခြေအနေသည် ရှုပ်ထွေးစပြုလာပြီ။ တိုင်းပြည်ကို အုပ်ချုပ်မယ့်သူ မင်းလည်း ဘယ်ဆီဘယ်ဝယ်ပေါက်၍ ဘယ်ရောက်နေသည်မသိ။

ဒီအခြေအနေတွင် နန်းပလ္လင်ကို မျက်စောင်းထိုးနေသော ဗျူဟအဖို့ မုတ်ဆိတ်ပျားစွဲမည့် အခြေအနေ ဆိုက်ရောက်ရတော့သည်။ တိုင်းပြည်ကို ရန်အစွယ်စွယ်မှ ကာကွယ်ပေးနေသည့် စစ်သူကြီး သူသာလျှင် တိုင်ပြည်အုပ်ချုပ်မည့် မင်းဧကရာဇ် နေရာကိုရသင့်သည်ဟု တစခန်းထသည်။

မှူးမတ်၊ ဝန်ကြီးအပေါင်းတို့ အခဲအဖြတ်ခက်ရတော့သည်။



သည်အချိန်၌ စစ်သူကြီး ဗျူဟ၏ တန်ခိုးရှိန်ဝါမှာ အင်အားကြီးနေသည်။ သူ့လက်အောက်တွင် ဘုရင့်တပ်တော်တစ်ခုလုံးကို ပိုင်ဆိုင်ထားပေ၏။

စစ်သူကြီး ဗျူဟ၏ ဩဇာအရှိန်အဝါ ထက်မြက်နေမှုကို နားလည်သော အမတ်တို့သည် အလွယ်တကူ ခေါင်းညိတ်ကြ၏။ ဆန့်ကျင်ခြင်းဖြင့် အကျိုးမရှိဆိုသည်ကို သဘောပေါက်ကြသည်။

ဗျူဟ၏ ကြိုးဆွဲရာ ကရမည့်အရုပ်များ ဖြစ်လာကြ၏။ မည်သို့ပင် ဖြစ်စေ။ နောက်ဆုံးတော့ စစ်သူကြီး ဗျူဟကို ဘုရင်တင်မြှောက်ရေး အစီအစဉ်ကို မှူးမတ်ဝန်ကြီးအားလုံး လက်ခံလိုက်ကြလေ၏။

ကျွန်ုပ်နှင့် ကေသရီသည် ရုပ်ဖျက်၍ ပါနသန်ပြည်ထဲ နိုးဝင်လာခဲ့ကြသည်။

သူခင်းရဲများအသွင် ဆောင်ထားသော ကျွန်ုပ်တို့ကို မြို့ဂိတ်အစောင့်များ လုံးဝမရိပ်မိကြပေ။ ကျွန်ုပ်တို့သည် မြို့တွင်းသို့ ဝင်လာရင်း နားကိုလည်းစွင့် မျက်လုံးကိုလည်း ရှင်ရှင်ထားရသေး၏။

ကေသရီသည် ခပ်လှမ်းလှမ်းတွင် ဆောင်းစားနေသော သူဂုန်းစားဆီသို့ ဦးတည်လျှောက်သွားသည်။ ကျွန်ုပ်လည်း သူ့နောက်မှ လိုက်လာခဲ့ရသည်။ သူပုန်းစားရှေ့တွင် ထိုင်၍ ရှေ့မှ ပွက်ထဲသို့ ငွေစလှမ်းထည့်လိုက်၏။

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဗျာ"

သူပုန်းစားသည် အသံခပ်ကျယ်ကျယ်ဖြင့်ပြော၏။

"မြို့ပြင်ဘက်တောစပ်မှာ တပ်မှူးကြီး သူရတို့အဖွဲ့ စောင့်နေပါတယ် ထိပ်ထားလေး"

သူပုန်းစားသည် လေသံကိုတိုး၍ ကေသရီနားကပ်ပြောလိုက်သည်။ ထို့နောက် လေသံကိုမြှင့်၍

"ခုလို လျှော်တန်းတဲ့အတွက်ကြောင့် လိုအင်ဆန္ဒ တလုံးတဝတည်း ပြည့်မြောက်နိုင်ပါစေ"

ဟု ခပ်ကျယ်ကျယ် အော်လိုက်လေ၏။ ကေသရီသည် ကျွန်ုပ်ကို လက်ဆွဲကာ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်လာခဲ့၏။

ကျွန်ုပ်လည်း နားမလည်ပါးမလည်ဖြင့် အူကြောင်ကြောင်ဖြစ်နေမိသည်။ လူရှင်းသည့် နေရာနားသို့ အရောက်တွင် သိချင်စိတ်ကို မထိန်းနိုင်တော့ပဲ မေးမိတော့သည်။

"ခုနကလူက ဘာလဲ"

"အဲဒါ ကျွန်မရဲ့လူပဲ၊ သူပုန်းစားယောင်ဆောင်ထားတာ၊ သူ့ဆီက သတင်းအချက်အလက်တွေ ကျွန်မကယူရတာ"

"သြော်... ဒါနဲ့ ခု ဘယ်ကိုသွားနေတာလဲ"

"မြို့ပြင်တောစပ်ကို အဲဒီမှာ ကျွန်မရဲ့လူတွေ စောင့်နေကြတယ်"



အချိန်အတော်ကြာအောင် လျှောက်လာပြီးသော် မြို့ပြင်တောစပ်သို့ရောက်လာ၏။ အသင့်စောင့်ဆိုင်းနေသော လူစုကိုတွေ့လိုက်ရ၏။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ခေါင်းပေါင်းပေါင်းထားသော လူတစ်ယောက်သည် ကေသရီကို ဦးညွှတ်ကာ အရိုအသေပေးလိုက်သည်။

"ဘာသတင်းထူးလဲ တပ်မှူးကြီး သူရ"

"မှန်လှပါ ထိပ်ထားလေး၊ စစ်သူကြီး ဗျူဟာ ထီးနန်းကို သိမ်းပိုက်လိုက်ပါပြီ"

"ဘာ"

ကေသရီသည် တုန်လှုပ်တကြီး ရေရွတ်လိုက်၏။ မျက်ဝန်းများသည် ဒေါသအမျက် ချောင်းချောင်းထွက်ကာ ခက်ထန်နေ၏။ တောက်ခေါက်သံပြင်းပြင်း ထွက်ပေါ်လာသည်။

"ဒင်းမို့ မအပ်မရာ ကြံစည်ဝံ့တယ်၊ ဒင်းလိုတောတွင်းသားနဲ့ ရွှေပုံထီးနန်း တန်လို့လား၊ သူကောင်းပြုခဲ့တဲ့ ကျေးဇူးကို မှမထောက် အကြံပက်စက်ပါပေတယ်"

ဒေါသတကြီး ကြုံးဝါးရေရွတ်နေသော ကေသရီ၏မျက်နှာသည် ကြောက်စရာကောင်းလောက်အောင် ခက်ထန်မာကျော၍ နေလေ၏။

"တပ်မှူးကြီးသူရ"

www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ရှိပါ ထိပ်ထားလေး"

"လက်နက်လုပ်သူတွေ ရသလောက်စုထားကြားလား ငါနဲ့လည်း အဆက်အသွယ်မပြတ်စေနဲ့၊ ပြီးတော့ သတိဝီရှုနဲ့လည်းနေဦး၊ ငါတို့ အဆက်အသွယ်ရှိတာလဲ အပေါက်ကြားစေနဲ့ဦးနော်"

"မှန်ပါ့ ထိပ်ထားလေး"

"ကဲ… သွားချေတော့"

တပ်မှူးကြီး သူ့ရတို့အဖွဲ့သည် ကောသရိကို အရိုအသေပေးကာ အပါးမှ ထွက်ခွာသွားလေ၏။



အခန်း (၁၉)

စင်စစ်တော့ ကောသရိသည် အစ်ကိုတော် ဘုရင်မင်းမြတ်ရှိပါရက်နှင့် ဗျူဟာက ထီးနန်းလုယူ သိမ်းပိုက်ခြင်းကို အကုန်မခံမရပ်နိုင် ဖြစ်နေဟန်တူ၏။

အစ်ကိုတော် ဘုရင်မင်းမြတ်သည် ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိ၊ သေပြီလား အသက်ရှင်လျက်ရှိသေးရဲ့လားဟုမသိရ၊ ဒီအခြေအနေတွင် ဗျူဟာက ထီးနန်းကို လုယူသိမ်းပိုက်ခဲ့တာတော်ရဲ့လား။

ဒါကို သူမ လုံးဝမကျေနပ်မီ၊ မကျေနပ်ချက်များကို အခြေခံလျက် တစ်နေ့တော့ ဗျူဟာကို ပုန်ကန်ပြမည်ဟု ကြံစည်လေ၏။ ပုန်ကန်တော့မည်ဆိုတော့ အရမ်းကာရော ထလုပ်၍မဖြစ်။ လက်နက်လုသူတွေ စုဆောင်းရမည် ပုန်ကန်ရန် နေကောင်း အခါကောင်းကို စောင့်ကြရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ် ဩရကို လေးစားချစ်ခင်ကြသော လက်အောက်ခံ မြို့ကျေးရွာများနှင့် ဘုရင်သစ် ဗျူဟာကို မကျေနပ်ကြသော နန်းတွင်းမှ လူနည်းစုတို့သည် ကေသရီနှင့် လာ၍ပူးပေါင်းကြသည်။

ယခုအခါတွင် ကျွန်ုပ်နှင့် ကေသရီတို့သည် မထင်မရှား အရပ်တစ်ခုတွင် လူစုရင်း ရွှေနန်းတော်ကြီးမှ သတင်းကိုနားထောင်ရသည်။

"မောင်ကြီး ကျွန်မတို့ ဗျူဟာကို ဘယ်နေ့ပုန်ကန်ရင် ကောင်းမလဲဆိုတာ ရက်ရွေးပေးပါဦး"

ကျွန်ုပ်နှင့် ကေသရီတို့ နှစ်ယောက်တည်းရှိခိုက် ကေသရီက မေးလာ၏။ ကျွန်ုပ် ခေါင်းနပင်းကြီးသွားသည်။ ပုန်ကန်ဖို့ ရက် ရွေးပေးရမယ် ဆိုပါလား။ အလန့်တကြား ကောင်းကင်ပေါ်သို့ မော်ကြည့်မိသည်။

လမိုက်ည။ ကြယ်ရောင်တွေ မှေးမှိန်ပျောက်ကွယ်နေပါပေါ့လား။

"အင်း... ခုခါတော့ မတော်သေးဘူး ကေသရီ အချိန်နည်းနည်းတော့ ထပ်စောင့်ရမယ်"

"ဘာဖြစ်လို့လဲ မောင်ကြီးရဲ့ ကေသရီတို့မှာ လက်နက်အင်အားကော လူအင်အားရော တောင့်တင်းနေပြီပဲ သူ့ကိုဘာမှုစရာရှိလို့လဲ"



"မဟုတ်သေးဘူး ကေသရီရဲ့ အင်း ဘယ်လိုပြောရမလဲ"

တခဏမျှ အပြေးအလွှား စဉ်းစားမိသည်။

"ကျုပ်တို့အတွက် ကံကြမ္မာက ဆိုးနေသေးတယ်၊ ကံကောင်းလာမယ့်အချိန်ကို စောင့်ရမယ်လို့ ပြောတာ"

ကေသရီသည် သက်ပြင်းကို ဟင်းကနဲ ချလိုက်၏။

"ကျွန်မကတော့ ဖြစ်နိုင်ရင် မြန်မြန်ပုန်ကန်ချင်လာပြီ၊ ဒင်းကို နန်းပလ္လင်ပေါ်မှာ ကြာကြာနေဖို့ အချိန်မပေးနိုင်တော့ဘူး"

အံကြိတ်၍ဆို၏။ ကျွန်ုပ်သည် သက်ပြင်းကို မှုန်းမှုန်းချမိသည်။

ပုန်ကန်၍ တက်ကြွထက်သန်နေသော သူ့မျက်နှာကိုကြည့်၍ ကျွန်ုပ်သိထားသည့် ကံကြမ္မာအကြောင်း ဖွင့်ပြောလိုက်တော့မည်ဟု စိတ်ကူးခဲ့သမျှ စကားတွေသည် နှုတ်ဖျားမှာပင် ချုပ်ငြိမ်းသွားခဲ့ရသည်။ ကျွန်ုပ် မပြောနိုင်တော့။

ဘယ်နည်းနှင့်မျှ ပြောမထွက်နိုင်တော့။

"မောင်ကြီး"

ကေသရီက ခေါ်လိုက်သဖြင့် ငိုင်တွေငေးနေသော ကျွန်ုပ်မှာ ထိတ်ခနဲ လန့်သွားရ၏။

"ကျွန်မက မိန်းမသားဆိုတော့ ပုန်ကန်ဖို့အရေးကို ဦးဆောင်

www.burmeseclassic.com

www.burmeseclassic.com



ဦးရွက်လုပ်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ မောင်ကြီးကပဲ ကျွန်မတို့အဖွဲ့ကို ဦးဆောင်ပေးရမယ်နော်"

ကျွန်ုပ် ဘာမှမပြောနိုင်တော့။ ခေါင်းလဲ မညိတ် ခေါင်းမခါနှင့် အကူတူ ဖြစ်နေသည်။

"ဗိုလ်ကို နှိမ်နင်းအောင်မြင်ခဲ့ရင် မောင်ကြီးကို ဘုရင်အဖြစ် တင်မြှောက်မယ်"

ကေသရီကို အလန့်တကြား ကြည့်မိသည်။

"အို... မဖြစ်နိုင်ဘူး၊ တကယ်ဆို ထီးနန်းက ဘုရင့်သွေးတော်ဖြစ်တဲ့ မင်းနဲ့သာ ထိုက်တန်တာပါ"

ကေသရီက ခပ်ဖွဖွရယ်၏။ ပြီးတော့ သူက ကျွန်ုပ်အား မော့ကြည့်လာ၏။ နွမ်းလျလျ အပြုံးအရိပ်တစ်ခု သူ့မျက်နှာတွင် ထင်ဟပ်နေသည်။ မျက်ဝန်းများသည် အဓိပ္ပာယ်များစွာဖြင့် တောက်ပ စူးရှနေ၏။

"ကျွန်မက ဘုရင်မဖြစ်ချင်တာ မဟုတ်ဘူး"

မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်၏။ ထိုခဏ ကျွန်ုပ်ပင် အသက်ပင် မရှူမိချေ။ တိုးဖွညင်သာ၍ လှိုက်လှဲသော အသံဖြင့် သူ ဆက်ပြောသည်။

"မိဘုရားပဲ ဖြစ်ချင်တာ"

ရုတ်တရက် ကျွန်ုပ်နှလုံးသားသည် အခုန်မြန်လွန်းသော



အရှိန်ကြောင့် ပါးစပ်ခုန်ထွက်သွားမလားဟု ထင်ရသည်။

"ကျုပ်... ကျုပ်လေ မင်းကိုချစ်တယ်... သိပ်ချစ်တယ်"

ကျွန်ုပ် နှုတ်ဖျားမှ စကားလုံးတစ်ချို့ ခုန်ထွက်ကျသွား၏။ ကျွန်ုပ်၏စိတ်ကို လွတ်လပ်ခွင့်ပေးလိုက်မိခြင်း ဒီအချိန်မှာ သူမကို ချစ်တဲ့အကြောင်းကလွဲပြီး ဘာကိုမှ မတွေးချင်တော့ပါ။

သူ့မျက်နှာတွင် အရောင်အမျိုးမျိုး ပြောင်းသွားသည်။ သူ့နှုတ် ခမ်းများသည် တုန်ယင်လှုပ်ရှားနေကြသည်။ သို့သော်လည်း သူ့ပါးစပ်မှ စကားတစ်လုံးမှ ထွက်မလာပါ။

သူ ခေါင်းကလေး ကျွန်ုပ်ရင်ခွင်ထဲ တိုးဝင်လာ၏။ ကျွန်ုပ်က အသာအယာ ပြန်လည်ထွေးပွေ့ထားမိသည်။

ကျွန်ုပ်ဘာကိုမှ မတွေးချင်တော့ပါ။ အခုန်မြန်လွန်းလှသော ရင်ခုန်သံနှင့် နူးညံ့နွေးထွေးသော အထိအတွေ့ကို တရှိုက်မက်မက် ခံစားရင်း စိတ်၏ချမ်းသာသုခကို အပြည့်အဝ ရယူနေမိပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ကျွန်ုပ်သည် အသက်ကို ခပ်ပြင်းပြင်းတချက်ရှိုက်သွင်းပြီး ဟူးခနဲ ပြန်မှုတ်ထုတ်လိုက်၏။

လေးငါးကြိမ်လောက် လုပ်ပြီးသောအခါ မှိတ်ထားသော မျက်လုံးအစုံကိုဖွင့်၍ ကောင်းကင်ပေါ်သို့ စူးစိုက်ကြည့်မိသည်။

ကျွန်ုပ်၏ မနောအာရုံတွင် နက္ခတ်ပေါင်းစုံ လင်းခနဲ လက်ပြ လာကြသည်။

အဓိက ကြည့်မိသည်မှာ ဗျူဂုကို ကိုယ်စားပြုသော နက္ခတ် ကိုဖြစ်၏။

"ခြသေ့ပုံဆောင်ယူထားတဲ့ နက္ခတ်ရှင် အလင်းအားက တောက်ပနေတယ်၊ တန်ခိုးအရှိန်အဝါကြီးမားနေတယ်၊ ဘယ်လိုမှ အနိုင်ယူလို့ရမှာမဟုတ်ဘူး၊ ထိခိုက်အောင် လုပ်လို့ရမဲ့ လူစားမျိုးမဟုတ်ဘူး ကျိန်းသေပဲ၊ ဘယ်လိုမှ



ပြောင်းလဲ ပစ်လို့မရဘူး"

ကျွန်ုပ်နှုတ်မှ တတွတ်တွတ် ရေရွတ်နေမိသည်။ မျက်လုံး များကို တအားမှိတ်ထားလိုက်မိသည်။

မဖြစ်ဘူး။ မဖြစ်ဘူး။ ဒီကိစ္စကို ကေသရီကို မပြောလို့ မရတော့ဘူး။ ပြောမှ ဖြစ်တော့မယ်။

ကျွန်ုပ်စိတ်သည် ပူလောင်လျက်ရှိနေ၏။ ကျွန်ုပ်မျက်နှာကို လက်နှစ်ဖက်ကြားထဲတွင် အပ်ထားလိုက်မိသည်။

ဒီပုံအတိုင်းဆို ကေသရီကို ကျွန်ုပ် ဖွင့်ပြောရတော့မည်။ မပြော၍ မရမည့်အခြေအနေကို ရောက်နေပြီ။ ပုန်ကန်ဖို့အရေးသည် မျှော်မှန်းထားသလို လုံးဝအားရစရာမရှိပေ။ သေချာပေါက် ရှုံးနိမ့် လိမ့်မည်ဟု ကျွန်ုပ်တို့၏ ကံကြမ္မာက ပြနေချေပြီမဟုတ်လား။

ကေသရီကိုတားရမည်။ မပုန်ကန်ဖို့ နားချရမည်။ မလွန်ဆန် နိုင်သည့် ကံကြမ္မာကြောင့် ကျွန်ုပ်တို့ ရှေ့ဆက်မတိုးရဲသာ ရှိတော့ သည်။

ဖဖဖဖဖ

www.burmeseclassic.com



## အခန်း (၂၁)

"ဒါ… လုံးဝ အဓိပ္ပာယ်မရှိဘူး"

ကေသရီက ဒေါသတကြီး ကြုံးအော်၏။ သူသည် ကျွန်ုပ်စကားကို နားဝင်ပုံမရ။ ကျွန်ုပ်ပြောသမျှကို ယုံကြည်ပုံမရပဲ ခါးခါးသီးသီး ငြင်းပယ်လျက်ရှိလေသည်။

"ဗျူဟာက ထိခိုက်အောင်လုပ်လို့ရမဲ့ လူစားမျိုးမဟုတ်ဘူးဆိုတော့ သူက ဘာမို့လို့လဲ၊ ဘာသားနဲ့ထုထားတာမို့လို့လဲ"

"ကေသရီ ကျုပ်ပြောတာ ဒီသဘောမဟုတ်ဘူး၊ ဗျူဟာဟာ သူ့ကို တိုက်ခိုက်လာတဲ့ သူတွေကို တွန်းလှန်နှိမ်နင်းနိုင်တဲ့ စွမ်းပကားတွေ ရှိနေတယ်လို့ပြောတာ"

"မောင်ကြီး ဘာတွေ သွေးကြောင်နေတာလဲ၊ သူဘာကြီးပဲဖြစ်နေ ဖြစ်နေ ကျွန်မဂရုမစိုက်ဘူး၊ ကျွန်မတို့မှာ လူအင်အားလည်း တောင့်တင်းတယ်၊ လက်နက်လည်း အလုံးအ



လောက်ရှိတယ်၊ နန်းတွင်းမှာလည်း ကျွန်မရဲ့ လူယုံတော်သူလျှိုတွေ အများကြီးရှိနေတယ်၊ ပုန်ကန်မယ်ဆို အသင့်ဖြစ်နေပြီပဲ၊ မောင်ကြီး ဘာတွေတွေဝေနေတာလဲဟင်"

ကေသရီသည် စိတ်လိုက်မာန်ပါဖြင့် တတွတ်တွတ်ပြောသွား၏။ ကျွန်ုပ်ပြောတာကို ကေသရီလက်မခံဘဲရှိနေသဖြင့် ကျွန်ုပ်မှာ အားမလို အားမရဖြစ်လာသည်။

"ကေသရီ ကျုပ်ပြောတာ နားထောင်ပါဦး၊ ဒီအချိန်မှာ ကျုပ်တို့အတွက် ကံဆိုးနေတဲ့ အချိန်"

"ကံဆိုတာ ကျွန်မတော့ နားမလည်နိုင်တော့ဘူး၊ ဘယ်အချိန်ထိ ဆက်စောင့်ရဦးမှာလဲ၊ ကျွန်မတို့အတွက် ကံကောင်းမဲ့ အချိန်ဆိုတာ တကယ်ရော ရောက်လာဦးမှာလား"

"ဒီမှာ ကေသရီ မင်းဟာ ငါ့ပညာကို မယုံကြည်ရင်နေပါ၊ မစော်ကားပါနဲ့၊ ငါတို့ရဲ့ ကံကြမ္မာက ဒီလိုပဲဖြစ်လာရမယ်လို့ ပုံသေချထားပြီ။ ဒါကို ဘယ်လိုမှ ပြောင်းလဲလို့မရဘူးဆိုတာ မင်းသိထား"

ကေသရီသည် နှုတ်ခမ်းများကို မာန်ပါပါမဲ့လိုက်လေ၏။ စူးရှတောက်ပြောင်သော မျက်ဝန်းများဖြင့် ကျွန်ုပ်ကို စိုက်ကြည့်နေ၏။

"ရှင်ဟာ လူကြောက်ပဲ ရှင့်ကို အားကိုးခဲ့မိတာ ကျွန်မမှားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စေတနာကို စော်ကားရကောင်းလားဟု ခပ်ပြင်းပြင်း ဒေါသထွက်လာ၏။

ပေါက်ပေါက်ကွဲကွဲဖြင့် 'တောက်' တချက်ပြင်းပြင်း ခေါက်မိသည်။

"မင်းဟာ ငါ့စေတနာကို နားမလည်ဘူး မင်းကိုချစ်ရက်နဲ့ ငါဘာလို့ ဖွင့်မပြောခဲ့သလဲ မင်းသိလား၊ မင်းကိုဆုံးရှုံးရမှာ ကြောက်လို့ ငါတို့ရဲ့ ကံကြမ္မာနက္ခတ်မှာ မင်းနဲ့ငါ ချစ်သူဖြစ်ရင် တခြားလူတစ်ယောက်က မင်းကို မတရားသိမ်းပိုက်လိုက်မယ်၊ အဲဒီလူက တခြားမဟုတ်ဘူး ဇူလ္လပဲ၊ ငါတို့ရဲ့ ကံကြမ္မာဟာ ဒီလိုဖြစ်လာဖို့ စီမံပြီးသား ငါဘယ်လိုပဲ ရှောင်တိမ်းရှောင်တိမ်း ကံကြမ္မာရဲ့ စီမံမှုအောက်ကလွတ်အောင် မပြေးနိုင်ခဲ့ဘူး ကံကြမ္မာက ဒီလိုဖန်လာမှာတော့ ငါတို့ ဘာတတ်နိုင်တော့မှာလဲ ဒါကို မင်းသိရဲ့လား"

ကျွန်ုပ်က ဒေါသတကြီးဖြင့် ပြောမိသည်။ ကေသရီက ကျွန်ုပ်ပြောသမျှကို တအံ့တဩဖြင့် နားထောင်နေ၏။ ပြီးမှ မယုံမရဲဖြင့် တိုးတိုးပြောသည်။

"မောင်ကြီးပြောတာတွေဟာ အမှန်တွေပဲလား"

"ကျုပ်က ဘာလို့ လိမ်ပြောရမှာလဲ"

ကျွန်ုပ်က ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ပြန်ပြောမိသည်။



"ကျွန်မလဲ အဲဒီနက္ခတ်ကို ကြည့်ချင်လိုက်တာ၊ ကျွန်မ ကြည့် လို့ရမလားဟင်"

"ဒါက ဒီအတိုင်းကြည့်လို့ ရတာမဟုတ်ဘူး၊ မနောဝိညာဉ် နက္ခတ်ဆိုတာ တသီးတသန့်ကျင့်ယူရတာ"

"ကျွန်မလဲ လေ့ကျင့်ပြီး၊ အဲဒီနက္ခတ်ကို ကြည့်ချင်တယ်"

ကေသရီသည် ကျွန်ုပ်ကို အတင်းပူဆာပြောဆိုနေ၏။ သူ့မျက်ဝန်းထဲတွင် မယုံသင်္ကာဖြစ်နေသော အရိပ်များကို တွေ့နေရသည်။

ကျွန်ုပ်စိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်။ သူသည် ကျွန်ုပ်ပြောတာတွေကို လုံဝအယုံကြည်မရှိဟု ကျွန်ုပ် သိလိုက်ရသည်။

"ကောင်းပြီလေ မင်းကြည့်ချင်တယ်ဆိုရင်တော့ ဟော ဒီမှာ"

ကျွန်ုပ်ခန္ဓာကိုယ်ပေါ်တွင် အမြဲဆောင်ထားလေ့ရှိသော အရာတစ်ခု အင်္ကျီရင်ဘတ်ထဲမှ ဆွဲထုတ်လိုက်၏။

"ဒါ ကျင့်စဉ်ပုရပိုဒ်ပဲ၊ မင်းဖာသာ ကျင့်ယူပြီး ကြည့်ချေတော့"

ပုရပိုဒ်ကို သူ့လက်ထဲ ထိုးပေးခဲ့ပြီး ကျွန်ုပ်သူ့အနားမှထွက်လာခဲ့သည်။

ကျွန်ုပ်ကို မယုံရကောင်းလားဟု ဝမ်းနည်းကြေကွဲစိတ်တို့

www.burmeseclassic.com

www.burmeseclassic.com



ဖိဆီးလာ၏။

ဤကိစ္စနှင့်ပတ်၍ ကျွန်ုပ်တို့သည် ကတောက်ကဆဖြစ်ခဲ့ရသော်လည်း တစ်ယောင်နှင့်တစ်ယောက်ကြားတွင် အာဃာတတော့ မပေါ်ခဲ့။

ကျွန်ုပ်တို့ကံကြမ္မာနှင့်ပတ်သတ်၍ ကျွန်ုပ်၏ အယူအဆကို သူလက်ခံသွားသည်အထိ စွမ်းဆောင်နိုင်စွမ်းမရှိဘဲ မြင်နေသည့်အတွက် ကိုယ့်ကိုကိုယ်သာ ဒေါသထွက်မိရသည်။ သူ့ကိုတော့ အပြစ်မတင်ရက်။

ကျွန်ုပ်တို့နှစ်ယောက်ကြားတွင် သဘောချင်းမတိုက်ဆိုင်မှု တစ်ခုတည်းရှိလာခဲ့၏။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး တွယ်တာမှုကတော့ တစ်နေ့ထက်တစ်နေ့တိုး၍သာ ခိုင်မြဲလာသည်။ တစ်ခါတရံ နှစ်ဦးသား စကားမပြောဘဲ နေကြသည့်အခါ မျက်လုံးချင်း ဆုံမိကြသည်။

သူသည် ကျွန်ုပ်၏ သဘောတူညီမှုကိုမရဘဲ ထင်ရာစိုင်း၍ မလုပ်တာပဲ တော်သေးတော့၏။ ကျွန်ုပ်သည် ဒါကိုပဲ စိတ်ပူနေမိတော့သည်။

ဖဖဖဖဖဖ



## အခန်း (၂၂)

ကျွန်ုပ်သည် တိုင်းပြည်အခြေအနေကို စနည်းနာရန် ရုပ်ဖျက်၍ မြို့တွင်းသို့ ဝင်လာခဲ့၏။

မြို့တော်အတွင်း၌ လူများ လှုပ်လှုပ်ခတ်ခတ်နှင့် ဥဒဟို သွားလာနေကြ၏။ ကျွန်ုပ် ရောက်လာသည့်နေ့မှ တိုက်တိုက်ဆိုင်ဆိုင် ပွဲတော်ရက်နှင့် ကြုံကြိုက်နေ၏။

ဘုရင်သစ်ဗျူဂွသည် မုဒ္ဒါဘိသိက်ခံယူပြီးနောက် တိုင်းပြည်တွင်း ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးသတဲ့။ အကြောင်းက တိုင်းသူပြည်သူများ သူ့ကိုချစ်ချင်လေးစားလာအောင် ဆွယ်သည့်အနေဖြင့် ပြုလုပ်ပေးခြင်း ဖြစ်တန်ရာ၏။

မြို့တွင်း၌ ရှာနီးချုပ်စပ် ကျေးရွာများမှာ ပွဲတော်လာလူများဖြင့် ပြည့်နေပြီဖြစ်၏။ လှည်းများကြားတွင် လူအများ သွားလာ လှုပ်ရှားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးသူငယ်များသည် လှည်းကြို့လှည်းကြား၊ မြင်းကြို့မြင်းကြား၌ ပြေးတမ်းလိုက်တမ်း ကစားနေကြ၏။

လှည်းရိပ်များကိုခို၍ မြက်ခင်းပေါ်၌ ထိုင်နေကြသူတွေလည်း ဟိုတစ်ခု၊ သည်တစ်ခု။

ပွဲဈေးတန်းတစ်လျှောက်တွင်လည်း မုန့်ပဲသရေစာရောင်းသည့် ဆိုင်မျိုးစုံတို့ဖြင့် စည်းကားနေသည်။ အငြိမ့်ပွဲသဘင်ဖြင့် ပျော်ဖြေမည်ဟုလည်း သိရသည်။

လေသည် ငြိမ်လျက်ရှိ၏။ တစ်နေ့လုံး ပူပြင်းမည့် အရိပ်လက္ခဏာများကို မြင်နေရသည်။ ကောင်းကင်တွင် တိမ်ဟူ၍လုံးဝမရှိပါ။

ကျွန်ုပ်သည် ထမင်းဆိုင်တစ်ဆိုင်သို့သွား၍ နေ့လည်စာကို ကပျာကယာ စားလိုက်သည်။ ထိုအခိုက် 'ဘုရင်မင်းမြတ် ကြွချီတော်မူလာတယ်'ဟူသော အသံကိုကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် မြင်းခွာသံတခွပ်ခွပ်ဖြင့် စီတန်းလာသော ရဲမက်တစ်စုကို မြို့လယ်လမ်းမပေါ်၌ မြင်ရ၏။

လမ်းပေါ်တွင် ဥဒဟိုသွားလာနေကြသော လူအုပ်ကြီးများသည် လမ်းဘေးသို့ အသီးသီး လမ်းဖယ်ပေးလိုက်ကြ၏။

ရှင်းလင်းလစ်ဟာသွားသော လမ်းမပေါ်၌ တခမ်းတနားဖြင့် တိုင်းခန်းလှည့်လာသော ဘုရင့်ဗျူဟာကို တွေ့လိုက်ရတော့၏။



မြင်းခြောက်ကောင်က ကြိုးစင်သော မြင်းရထားပေါ်၌ တခန်းတနားဖြင့် မားမားမတ်မတ်ရပ်နေသော ဗျူဟာ။ သူ့မျက်နှာတွင် အောင်မြင်မှုအတွက် ကြည်နူးပီတိဖြစ်နေသော အပြုံးမျိုး တပ်ဆင်ထားလေ၏။

ကျွန်ုပ်သည် လူများနှင့်ကွယ်၍ ပုန်းလျှိုးကွယ်လျှိုးကြည့်နေမိသည်။ သူ့ကိုမြင်ရသည့်အခါ ကျွန်ုပ်၏နှလုံးသွေးတို့ ပွက်ပွက်ဆူသလို ခံစားလိုက်ရ၏။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်မိသည်။

မင်းဟာ ငါတို့ ဘဝတွေကို ဖျက်ဆီးပစ်မယ့် မကောင်းဆိုးဝါးကောင်ပဲ။

ကျွန်ုပ်စိတ်တွင်းမှ ဒေါသတကြီး ဆဲရေးနေမိသည်။

ကျွန်ုပ်ရှေ့မှ သူတို့ လွန်သွားသောအခါ ကျွန်ုပ်သည် ပုန်းခိုနေရာသို့ အမြန်ပြန်လာခဲ့တော့သည်။

တစ်လမ်းလုံး ဒေါသတွေ တနံ့နံ့ထွက်လို့ တောက်တခေါက်ခေါက်ဖြစ်နေမိ၏။

ကျွန်ုပ်တို့ ပုန်းအောင်းသော ကျောက်ဂူနားသို့မရောက်မီ လမ်း ခုလတ်တစ်နေရာ၌ ကျွန်ုပ်တို့ ကျောက်ဂူရှိရာဘက်သို့ ပုန်းလျှိုးကွယ် လျှိုးဖြင့် ချောင်းကြပ်ကြည့်ရှုနေသော ရဲမက်တစ်စုကို တွေ့လိုက်ရလေ ၏။

ထိတ်ခနဲ ပူသွားကာ ကျွန်ုပ်သည် သွားနေကျလမ်းမှ မသွား

www.burmeseclassic.com

www.burmeseclassic.com



တော့ပဲ တောချုံအုံကြားမှဖြတ်၍ ကျောက်ဂူတွင်းသို့ တိတ်တဆိတ် ဝင်ရောက်လာခဲ့သည်။

"ကေသရီ ကေသရီ"

ကျွန်ုပ်၏ အလောတကြီး ခေါ်သံကြောင့် ကေသရီသည် ကျွန်ုပ်နားသို့ ထိတ်ထိတ်ပျာပျာဖြင့် ရောက်လာ၏။

"ဘာဖြစ်တာလဲ မောင်ကြီး ဘာဖြစ်လို့လဲ"

"ကျုပ်တို့ရှိတဲ့နေရာကို ရဲမက်တွေ ဝိုင်းထားကြပြီ ကျုပ်တို့ ထွက်ပြေးမှ ဖြစ်တော့မယ်"

"ဟင်"

ကေသရီသည် မျက်လုံးအစုံ ပြူးလျက် အကြောင်သားဖြင့် ငြိမ်သက်သွား၏။ တအောင့်ကြာမှ ဒေါသတကြီးဖြင့် တောက်ခေါက် ကာ

"ဒါ ဘယ်ကောင် သစ္စာဖောက်ပြီလဲ မသိဘူး"

ဟု အံကြိတ်ရေရွတ်၏။

"ကဲ ကေသရီ ဒါ စိတ်ဆိုးနေရမယ့်အချိန်မဟုတ်ဘူး ဒီကနေ ကျုပ်တို့ အမြန်ပြေးမှဖြစ်တော့မယ်၊ ရဲမက်တွေ ကျုပ်တို့ရှိတဲ့နေရာ သိသွားပြီဆိုတော့ အနေးနဲ့အမြန် ဝင်ဖမ်းကြမှာပဲ၊ ကျုပ်တို့ ပြေးရအောင် မြန်မြန်လုပ်"

ကေသရီသည် ကျွန်ုပ်ကို စူးစူးစိုက်ကြည့်၏။



"ဘာလို့ ပြေးရမှာလဲ မောင်ကြီးရဲ့၊ ကျွန်မတို့ လူအင်အား ရော လက်နက်အင်အားရော ရှိတာပဲ ပြန်တိုက်မှာပေါ့၊ ခုပဲ လူလွှတ်ပြီး သစ္စာခံမြို့ဝန်တွေကို အကြောင်းကြား လိုက်မယ်၊ မကြာခင် သူတို့ရောက်လာကြမယ် ဒါဆို ကျွန်မတို့ဘက်က အင်အားသာသွားပြီ၊ ဘာမှ ပူစရာမလို ဘူး ဒင်းတို့ကို ပြန်တိုက်ရမယ်"

"မဟုတ်သေးဘူး ကေသရီ မဟုတ်သေးဘူး"

"ဘာလဲ မောင်ကြီးက သွေးကြောင်နေတာလား"

ကေသရီသည် ကျွန်ုပ်စေတနာကို နားမလည်။ ကျွန်ုပ်၏ စိုးရိမ်ထိတ်လန့်မှုကို ဂရုမထား။ သွေးကြောင်သူအဖြစ် ကျွန်ုပ်ကို သမုတ်၏။

"ဟာ... ကွာ... တောက်"

ကျွန်ုပ်၏ ဒေါသတကြီး ကြုံးဝါးတောက်ခေါက်သံကို ကေသရီက မထီမဲ့မြင်ပြုကာ သူမ၏ လူယုံတော်တစ်ယောက်ကို သစ္စာခံ မြို့ဝန်တွေဆီ အကြောင်းကြားရန် တတွတ်တွတ်မှာကြားနေ လေ၏။

✸

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စိတ်ပျက်လက်ပျက်ဖြင့် ကျောက်သားနံရံကို မမှိတ်မသုန် စိုက်ကြည့်ကာ ငူငူကြီးထိုင်နေမိသည်။ ထိုအခိုက် ကျွန်ုပ် စိတ်ထဲ၌ တစ်စုံတစ်ယောက်က ကျွန်ုပ်ကိုစိုက်ကြည့်နေသည်ဟု ထင်မှတ်မိသဖြင့် ဘေးဘီဝဲယာလှည့်ကြည့်မိတော့ လားလား ကေသရီတစ်ယောက် ကျွန်ုပ်ကို စိုက်ကြည့်နေပါလား။

ကျွန်ုပ်က လှမ်းကြည့်မိတော့မှ သူသည် ထိုင်ရာမှ ထကာ ကျွန်ုပ်ထံသို့ လျှောက်လာ၏။

"စိတ်ဆိုးနေတာလား မောင်ကြီး"

ကျွန်ုပ်၏ မျက်နှာ မှုန်ကုပ်ကုပ်ဖြစ်နေသဖြင့် ထိုသို့မေးခြင်း ဖြစ်၏။ ကျွန်ုပ် ဘာမှပြန်မပြောမိ။

သူမ သက်ပြင်းကိုမှုဉ်းမှုဉ်းချသည်။ ကျွန်ုပ်နံဘေးတွင် အသာအယာ ဝင်ထိုင်လိုက်ပြီး ကျွန်ုပ်မျက်နှာကို စူးစူးစိုက်စိုက်



ကြည့် နေ၏။

"မနောဝိညာဉ် ကျွင့်စဉ်ပုရပိုဒ်ထဲမှာ အရမ်းဆိုးနေတဲ့ နက္ခတ် ကို ပျောက်အောင် ဖျောက်လို့ရတဲ့ မန္တန်ရှိတယ်၊ အဲဒါကို မောင်ကြီးသိလား"

"ဟင်... ရှိလို့လား"

ကျွန်ုပ် အံ့ဩသွားသည်။ ကျွန်ုပ်လည်း မသိရပါလား။

"ရှိတယ်၊ ပုရပိုဒ်ရဲ့ နောက်ဆုံးမှာပါတယ်၊ ကျွန်မ အဲဒီ မန္တန်ကိုရွတ်ပြီး ဗျူဟရဲ့ နက္ခတ်ကို ဖျောက်လိုက်ပြီ။ မကြာ ခင် ဒင်းသေတော့မယ်၊ သူ့ရဲ့ ကျွန်းချိန်ကို ရောက်လာတော့ မှာ၊ မောင်ကြီးနဲ့ ကျွန်မ သူ့ကို ရဲရဲဝံ့ဝံ့ တော်လှန်ကြမယ် လေ၊ သူ့ကို မှုစရာမလိုတော့ဘူး မောင်ကြီးရဲ့သိလား"

အံ့ဩမှုသည် ဒီရေအလား မြင့်တက်လာ၏။

"မင်း ဘာတွေပြောနေတာလဲ ကေသရီ၊ ဒါဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စပဲ၊ မင်းလို ဒံပညာကို အခုမှ လေ့လာတဲ့ သူတစ်ယောက်က အဲဒီမန္တန်ကိုရွတ်လို့ရမတဲ့လား၊ ပြီးတော့ ဒါက တကယ်ပဲ ကံကြမ္မာကို ပြောင်းလဲနိုင်မှာ မို့လို့လား"

"ဒါ ပုရပိုဒ်ထဲမှာပါတဲ့ ပညာတွေပဲ၊ မောင်ကြီးက မယုံ လို့လား"

"မဟုတ်ဘူး ကေသရီ၊ ကျုပ်တောင် အဲဒီအဆင့်ထိ ရောက်

www.burmeseclassic.com

www.burmeseclassic.com



အောင်မလုပ်နိုင်သေးလို့ ဘာမှ မတတ်နိုင်ခဲ့ဘူး မင်းက...''

''ပညာနုသေးတယ်လို့ ပြောချင်တာလား၊ ဒီမှာ မောင်ကြီး ပညာနုတာတွေ ရင့်တာတွေနဲ့ ဘာမှမဆိုင်ပါဘူး၊ အဓိက ဟိုလူရဲ့ အားကြီးနေတဲ့ ကံကြမ္မာနက္ခတ်ကို ပြောင်းလဲပြစ် နိုင်ဖို့ပဲ၊ ကျွန်မတော့ ယုံကြည်နေတယ် သူကျရှုံးတော့မှာ၊ ကျွန်မရှုတ်လိုက်တဲ့ မန္တန်ကြောင့် သူ့ရဲ့ နောက်ဆုံးချိန်ကို ရောက်လာတော့မှာ''

ကျွန်ုပ်သည် ဘာမှမပြောနိုင်ပဲ ကေသရီကို စိတ်ပျက်လက် ပျက်ဖြင့်ဝင် ကြည့်နေမိသည်။ သူမကတော့ ယုံကြည်မှုအပြည့်ဖြင့် ထက်သန်နေ၏။

ထိုအခိုက် ဂုန်းခနဲ မြည်သံကြီးတစ်ခု ထွက်ပေါ်လာပြီး ကျောက်ဂူကို ပိတ်ဆို့ထားသော ကျောက်တုံးကြီးရွေ့လျားသွားကာ ပွင့်သွားသော အပေါက်မှ ရဲမက်များ အလုံးအရင်းနှင့် ဝင်လာကြ၏။

''ဟာ... ရဲမက်တွေ''

ကျွန်ုပ်သည် ကေသရီလက်ကို ဆွဲကိုင်ပြီး ပြေးရန်ကြိုးစား သည်။ သို့သော် မှီတော့။

''ဟိတ်... မပြေးကြနဲ့''

ရဲမက်တစ်စု ကျွန်ုပ်တို့ကို ဝိုင်းထားလိုက်ကြ၏။



ရုတ်တရက် ကျွန်ုပ်တို့ ဘာမှ မတတ်နိုင်ပဲ ရှိနေသည်။ အားမတန်လို့ မာန်လျှော့ရသည့် အဖြစ်။ ရဲမက်များသည် ကျွန်ုပ်တို့အုပ်စုအား ဖမ်းဆီးချုပ်နှောင်လိုက်ကြတော့၏။

ဖအာသရော•

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ကျွန်ုပ်ကို ဖမ်းဆီးချုပ်နှောင်ထားရာ အခန်းတွင်းမှ ရဲမက်များ ဆွဲထုတ်လာကြ၏။ နန်းတော်၏ နန်းဆောင်ခန်းတစ်ခုသို့ ကျွန်ုပ်ကို စစ်ဆေးရန် ခေါ်ဆောင်လာကြ၏။

နန်းဆောင်ခန်းထဲတွင် ကျွန်ုပ်အား အသင့်ကြိုစောင့်နေသော ဘုရင်ဗျူဟ်ကို တွေ့လိုက်ရ၏။

ဘုရင်ဗျူဟ် အမိန့်ပေးလိုက်သည်နှင့် ရဲမက်များသည် အခန်းပြင်သို့ အလျှိုလျှို ထွက်သွားကြ၏။ နန်းဆောင်ခန်းထဲတွင် ဘုရင်ဗျူဟ်နှင့် ကျွန်ုပ်တို့နှစ်ယောက်တည်း။

"ဒီကိစ္စထဲမှာ မောင်မင်းမပါမှန်း ငါကိုယ်တော်မြတ် သိပါ တယ်၊ စိတ်ချပါ၊ မောင်မင်းကို အရင်က သံယောဇဉ်ရှိ



အတွက် မောင်မင်းသိထားသမျှ အကုန်ပြောစမ်း"

မောက်မာရင့်သီးလွန်းသော လေသံ။ တင်းမာသော မျက်နှာထားနှင့် ခက်ထန်သောအကြည့်။

ကျွန်ုပ်သည် အော့နှလုံးနာလှသဖြင့် သူ့ကို ပြန်၍ငေးကြည့်နေလိုက်၏။

"ကျုပ် ဘာမှမသိဘူး"

"တယ်… မောင်မင်း ဆင်ခြင်စမ်း၊ ငါကိုတော်မြတ်ကို ဒီလိုပြောဝံ့သလားဟဲ့ ငမိုက်သားရဲ့"

ဒေါသဖြင့် ပြောပြီးမှ သူသည် လေသံကိုပြန်လျှော့ချလိုက်၏။

"ကဲ… ရှိစေတော့ အစမို့ မောင်မင်းက အရင်က အခေါ် အခေါ်တွေ မဖျောက်နိုင်သေးဘူးထင်တယ်၊ ကဲပါလေ… မောင်မင်းနဲ့ ကျုပ်နဲ့ကြားမှာ ဘာရန်ငြိုးရန်စမှလည်း မရှိဘူး၊ ဒီတော့ ကျုပ်မေးတာကို အေးအေးသာကြည်ဖြေပါ၊ ကဲ… မောင်မင်း သိထားသမျှပြောစမ်း ကေသရီရဲ့ လက်အောက်မှာ လူအင်အား ဘယ်လောက်များလဲ ပြီးတော့ ဘယ်သူတွေ သစ္စာခံထားကြသေးလဲ"

ဒီအချိန်မှာ သူ့ကို ဆန့်ကျင်ပြောဆိုနေခြင်းဖြင့် ကျွန်ုပ်၌

www.burmeseclassic.com



ဘာမှ အကျိုးလာမည် မဟုတ်ပေ။ သူ့ကို အလိုက်သင့် အလျှားသင့် ပြန်လည်ဆက်ဆံရန် ဆုံးဖြတ်မိ၏။

"ကျွန်တော်မျိုး ဘာမှ မသိရပါဘူး"

ဘုရင်ဗျူဟာသည် ချောမော့၍ ရတော့မည်မဟုတ်မှန်း သိသာဖြင့် ဒေါသထွက်လာပုံရကာ ကျွန်ုပ်ကို စူးစူးဝါးဝါးကြည့်နေ၏။

"မောင်မင်းက တော်တော်ခေါင်းမာတာပဲ၊ ဟေ့ ရဲမင်တို့ လာကြစမ်း"

သူသည် စိတ်ဆိုးမာန်စိုးဖြင့် အပြင်မှ ရဲမက်များကို လှမ်းခေါ်လိုက်၏။ ရဲမက်များသည် တဝုန်းဝုန်းနှင့် ပြေးဝင်လာကြ၏။

"ဒင်းက ခေါင်းမာနေတယ်၊ ငါကိုယ်တော်မြတ်မေးတာကို မထီလေးစား လုပ်ဝံ့တယ်၊ ဟေ့ သူ့ကို ရိုက်ကြစမ်း"

သူ၏ အမိန့်သံအဆုံး ကျွန်ုပ်ထံသို့ ရဲမက်များ ပြေးဝင်လာကာ ရိုက်နှက်ကြတော့သည်။

ပြင်းထန်လှသော ရိုက်နှက်ချက်များ ကျွန်ုပ် ခန္ဓာကိုယ်ပေါ်သို့ တရစပ် ကျရောက်လာ၏။ နာကျင်မှုဝေဒနာကို ကျွန်ုပ် အလူးအလိမ့် ခံစားနေရ၏။

နာကျင်မှုကြောင့် သတိမေ့လုမတတ် ဖြစ်နေသည်။ နောက်ဆုံးတွင် ဘယ်လိုမှ မခံစားနိုင်တော့



"ဟေ့ ရပ်လိုက်ကြစမ်း"

ဟူသော ဗျူဟာ၏အသံကို ကြားလိုက်ရပြီးနောက် ကျွန်ုပ် လုံးဝ သတိလစ်မေ့မြောသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ကျွန်ုပ် သတိပြန်ရလာသည့်အချိန်၌ ကျွန်ုပ်သည် ယခင်ကနေခဲ့ဖူးသော အိမ်ဟောင်းဆီသို့ ရောက်နေတာမှန်း သိလိုက်ရ၏။

ကိုယ့်ကိုကိုယ် ဘာတွေဖြစ်နေသည်ကို သတိထားမိလာသည်။ ကျွန်ုပ်တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲလျက်ရှိနေပြီ ခန္ဓာကိုယ်သည် ပူလောင်လျက်ရှိနေ၏။

ကျွန်ုပ် ဖျားနေပြီ။

ကျွန်ုပ်ဦးခေါင်းသည် အဆမတန် လေးလံလျက်ရှိသည်။ နားတွေ အူနေသည်။ ခေါင်းထဲမှာ ကိုက်သလိုလို နာသလိုလိုနှင့် တမျိုးဖြစ်နေသည်။ တစ်စုံတစ်ဦးက သန်မာသော လက်ချောင်းများဖြင့် ဖိကိုင်ထားခြင်း ခံနေရသည့်နှယ်ရှိသည်။ ပါးစပ်မှာ ခြောက်သွေ့နေပြီ တစ်ကိုယ်လုံး အားအင်ဆုတ်ယုတ် တုန်ခမ်းသလိုဖြစ်ကာ ခြေမစ်လက်ပစ် လှဲနေချင်စိတ် ပြင်းပြနေသည်။ မျက်စိများမှာလည်း



ကျိန်းစပ်နေကြသည်။

နာကျင်ကိုက်ခဲနေသည့်ကြားမှ ကျွန်ုပ်ခေါင်းထဲ အတွေးတစ်ခု ဝင်ရောက်လာ၏။

ကေသရီတို့ ဘယ်ရောက်နေကြလဲ။ ကျွန်ုပ်နှင့် ကေသရီကို ခွဲ၍ ချုပ်ထားကြတာတော့ ကျွန်ုပ်သိသည်။ သူ ကျန်းကျန်းမာမာမှ ရှိပါလေစ။ ဒါမှမဟုတ် အနှိပ်စက်ခံနေရပြီလား။

တွေးရင်း ကျွန်ုပ်ရင်ပူလာသည်။

မျက်လုံးများကို ဘယ်လိုမှ မှိတ်မထားနိုင်တော့။ ချည့်နဲ့နေသော အင်အားကိုထုတ်၍ အိပ်ရာမှ အားယူထလိုက်သည်။

ထိုစဉ်မှာပင် အိမ်တွင်းသို့ ဝင်ရောက်လာသော ခြေသံတဖျပ်ဖျပ်ကို ကြားလိုက်ရပြီ။ အိမ်တစ်ခုလုံး သိမ့်သိမ့်ခါသွားသည်။ ရဲမက်တွေပါလား။

"ဘုရင်မကြီးမြတ် အခေါ်လွှတ်လိုက်ပါတယ်"

ကျွန်ုပ်ရင်၌ ဒိန်းခနဲ ဖြစ်သွားသည်။ မျက်ဝန်းအစုံသည် ပြူးကျယ်သွားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ဘုရင်ဗျူဟာနှင့် ကျွန်ုပ်နှင့် အခုတစ်ခါ တွေ့ဆုံမှုသည် နည်းနည်းတော့ အံ့ဩစရာကောင်းလှလေ၏။

အရင်တစ်ခါလို စစ်ဆေးမေးမြန်းရန် မဟုတ်ဘဲ ကျွန်ုပ်နှင့် နှစ်ယောက်တည်း တသီးတသန့် ဆုံတွေ့ခြင်းဖြစ်သည်။ ကျွန်ုပ်ကိုယ်တွင် ဘာချုပ်နှောင်မှုမှမထား။ အေးအေးဆေးဆေး သက်တောင့်သက်သာဖြင့် အခစားဝင်စေ၏။

ဘုရင်ဗျူဟာသည် တကောင်းထဲမှ သေရည်ကို ခွက်ထဲလောင်းထည့်ပြီး ခွက်ကိုကိုင် ကျွန်ုပ်ဘက်ဝေ့ကြည့်၏။

"ကိုင်း... ကိုယ်တော်နဲ့အတူ သောက်ရအောင်ရှေ့"

လှက်ထဲမှခွက်ကို ကမ်းပေး၏။ ကျွန်ုပ်က ငြင်းဖို့ကြိုးစားလိုက်သည်။

"ငါ ဘုရင့်ရဲ့အမိန့်ကို ဖီဆန်ချင်လို့လား"



ကျွန်ုပ် မငြင်းနိုင်အောင် သူက အပိုင်ပြောသည်။ ကျွန်ုပ်သည် သူကမ်းပေးသော သေရည်ခွက် လှမ်းယူလိုက်ပြီး သူ့ကို မသိမသာ အကဲခတ်မိသည်။

သေးငယ်၍ တောက်ပစူးရှသော မျက်ဝန်းအစုံအောက် ဘယ် သိုလှို့ဝှက်သော အကြံစည်မျိုး ရှိနေမှာပါလိမ့်။

သူသည် ကျွန်ုပ်ကိုခေါ်ကာ ဘာ့ကြောင့် ဒီလိုမျိုးတွေ ပြုမူနေတာလဲဆိုတာ ကျွန်ုပ် စဉ်းစား၍မရနိုင်အောင် ဖြစ်နေမိသည်။

ဆယ်ခွက်မြောက်သော သေရည်ခွက်ကိုသောက်အပြီး သူသည် ထိုင်ခုံပေါ်တွင် ထိုင်နေရာမှ ထရပ်လိုက်၏။

ထိုစဉ် ထူးခြားမှုတစ်ခုကို ကျွန်ုပ်သွားတွေ့လိုက်ရသည်။ သူ့ခြေထောက်။ သူ၏ ညာဘက်ခြေထောက်သည် ထိခိုက်ဒဏ်ရာ အကြီးအကျယ် ရထားပုံရကာ မသန်မစွမ်းဖြစ်နေ၏။ လမ်းလျှောက်တိုင်း ချည်နဲ့ကာ ဘယ်ဘက်ခြေထောက်ကို အားပြုနေရသည်။

"ခြေထောက်က ဘာဖြစ်"

သိချင်စိတ်ကို အအောင့်နိုင်ပဲ ကျွန်ုပ် နှုတ်မှမေးလျှက်မိသားဖြစ်သွား၏။ မတော်ပါဘူးလေ တွေးမိကာ အလျှင်အမြန်ပါးစပ်ပိတ်လိုက်သော်လည်း မမှီတော့။

သူသည် ကျွန်ုပ်ကို လှမ်းကြည့်လာ၏။ သူ့မျက်နှာတွင် ဒေါသအရိပ်အငွေ့ကို မတွေ့ရပါ။ ကျွန်ုပ်ကို မသိရကောင်းလားဟု

www.burmeseclassic.com



အံ့ဩသော မျက်နှာထားဖြင့် ကြည့်နေ၏။

"ဒါလား"

သူ့ခြေထောက် ငုံ့ကြည့်၍စကားစလိုက်၏။

"အချစ်ရဲ့ သင်္ကေတလေ"

သူသည် ပြောပြီး တဟားဟား ရယ်၏။ သူ့ရယ်သံသည် ခြောက်ကပ်ကပ် နိုင်လွန်းလှသည်။ တစ်ခုခုကို ထိခိုက်နာကျင်နေဟန်မျိုး ဖြစ်၏။

"မင်း မသိသေးဘူးလား"

သူက ကျွန်ုပ်ကို လှမ်းမေးသည်။ ကျွန်ုပ်လည်း ခေါင်းကို အသာခါရမ်းပြလိုက်၏။

သူသည် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြုံး၏။ ပြုံးရင်းမှ ဟက်ခနဲ တချက်ရယ်လိုက်၏။

"ဪ... ကေသရီက မင်းကိုမပြောပြခဲ့ဘူးကိုး"

သူ ရေရွတ်လိုက်သည်။ သူနှင့် ကေသရီတို့အကြားတွင် တစ်စုံတစ်ရာ အကြီးအကျယ် ဖြစ်ခဲ့ပြီမှန်း ကျွန်ုပ်သိလိုက်သည်။ ကေသရီက ကျွန်ုပ်ကို ဖွင့်မပြောပြခဲ့ လျှို့ဝှက်ထားသည့်အကြောင်းကို အရမ်းပင် သိချင်သွားရ၏။

သူသည် လက်ထဲမှ သေရည်ခွက်ကို တရှိန်ထိုးမော့ချလိုက်၏။ ထို့နောက် ယိမ်းယိုင်နေသော ခြေလှမ်းများဖြင့် လေသာပြတင်းဆီ



သို့ အားယူကာ လှမ်းသွားသည်။

"ဟောဒီနေရာမှာပေါ့"

လေသာပြတင်းဝအောက်ကို ငုံ့ကြည့်ပြီး သူဆို၏။

"သူ ငါ့ကိုတွန်းချပစ်ခဲ့တာ"

"ဟင်"

ကျွန်ုပ် အံ့ဩတကြီးဖြစ်သွားသည်။ သူ့ကို နားမလည်နိုင်စွာ လှမ်းကြည့်မိသည်။ သူသည် ကျွန်ုပ်ကို လှည့်မကြည့်ပဲ စကားများကို အစီအစဉ်မကျ ပြောပါလေတော့၏။

သူအလွန်မူးလျက်ရှိနေပြီ။

သေရည်မူးတော့ ဘာကိုမျှ မစဉ်းစားတော့ပဲ ဖြစ်ခဲ့သမျှအကြောင်းတွေကို ဖွင့်ပြောပြပါတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ပါနသန်ပြည့်ရှင် မင်းမြတ် နတ်ရွာလားခဲ့ပြီ။ မိဖုရားခေါင်ကြီးသည်လည်း များမကြာမီပင် ဘုရင်မင်းမြတ် နောက်တော်ပါးသို့ လိုက်ပါသွားခဲ့လေ၏။

တိုင်းပြည်ကို အုပ်ချုပ်ဖို့ သည်အိမ်ရှေ့စံသြရေ၏ ဂုဏ်းပေါ်သို့ အလိုလို ကျရောက်လာတော့၏။

အိမ်ရှေ့စံ သြရလို စိတ်သဘောထားနုနယ်သူ လက်ရုံးရည် အားဖြင့် အားနည်းသူ ဘုရင်ဖြစ်လာပြီဆိုတော့ တိုင်းပြည်ကို လက်ဝါးကြီးအုပ် မင်းလုပ်ချင်သူတွေက နန်းပလ္လင်ကို မျက်စတပြုပြုနှင့် ရှိနေတော့၏။

ထိုအထဲတွင် စစ်သူကြီး ဗျူဂုသည် ထိပ်ဆုံးမှာ ပါဝင်သူဖြစ်သည်။ နန်းပလ္လင်ကို လုယူဖို့အရေး အကြံကြီးလေတော့သည်။

ထိုသို့ ကြံစည်စိတ်ကူးနေသည့်အခိုက် ဗျူဂုအတွက်



ဝမ်းသာစရာ သတင်းစကားတစ်ခု ပေါ်ပေါက်လာလေတော့၏။

ဘုရင်သြရသည် တိုင်းပြည်မှ ထူးဆန်းစွာ ပျောက်ဆုံးသွားသတဲ့။

ဗျူဂုအဖို့ သည်းသည်းလှုပ် ဝမ်းသာရမည့် သတင်းပင်။ တိုင်းပြည်တွင်း လစ်လပ်သွားသော ဘုရင်နေရာတွင် ရယူဖို့ အရေးဦးစွာကြံရမည့်က ဘုရင့်သမီးတော် ကေသရီကို သိမ်းပိုက်ဖို့။

အကြံအစည် အကောင်အထည်ဖော်နိုင်မည့် အခါအခွင့်ကို သူစောင့်သည်။ ကံကောင်းချင်တော့ သူစောင့်စားမျှော်လင့်နေသောနေ့သည် မကြာမီပင် ရောက်လာလေတော့၏။

အဲဒီနေ့က လမိုက်ည။

နန်းဆောင်ထဲတွင် ကေသရီတစ်ယောက် အိပ်မောကျ၍နေ၏။ ဗျူဂုသည် ကေသရီ၏ အဆောင်ခန်းသို့ တိတ်တဆိတ် ချဉ်းကပ်ဝင်ရောက်လာ၏။ ခန်းဆောင်ရှေ့မှ အစောင့်များကို အသံတိတ်စီမံခြွေနိုင်ခဲ့သည်။

အိပ်မောကျနေသော ရံရွေတော်များကို တစ်ယောက်ပြီးတစ်ယောက် အဆုံးစီရင်ပစ်နိုင်ခဲ့သည်။

ပြီးနောက် သလွန်ထက်တွင် အိပ်မောကျနေသော မင်းသမီးလေးရှိရာသို့။

ကေသရီသည် ပြုန်းခနဲလန့်နိုးလာ၏။ သူ့ကိုမြင်တော့

www.burmeseclassic.com

www.burmeseclassic.com



လန့်ပြီး အော်ဖို့ပြင်သည်။ သို့သော် မအော်နိုင်ရှာ သန်မာခိုင်ခန့်လှသော လက်များဖြင့် သူမ၏ နှုတ်ခမ်းများကို တားဆီးလိုက်သည်။

"ကျုပ်မင်းကို သိမ်းပိုက်ဖို့လာတာပဲ"

ကောသရီသည် အလွန်အမင်းထိတ်လန့်သွားသည်။ ဝန်းကျင်ကို အကဲခတ်ကြည့်ရှုမိသည်။ အစောင့်တွေအားလုံး အတုံးအရုံးပါလား။

သူမသည် အခြေအနေကို သဘောပေါက်သွားကာ စိတ်ကူးတစ်မျိုးပြောင်းသွား၏။ လက်ရှိအခြေအနေကို ရင်ဆိုင်နိုင်ရန် အကောင်း ဆုံးနည်းလမ်းကို သူမသုံးလိုက်သည်။

သမနှုတ်ခမ်းများတွင် ကာထားသော ဗျူဟ၏လက်များကို အသာအယာ တွန်းဖယ်၍ အနူးညွတ်ဆုံး စကားများကို အလှပဆုံး ပြုံးကာ ပြောမိသည်။

"ကျွန်မကို လိုချင်ရင် ရှင်ဒီလောက်ထိ စွန့်စားစရာမလိုပါဘူး"

ဗျူဟ အံ့အားသင့်သွားသည်။ အခြေအနေကို သူထင်ထားသလိုမျိုး မဟုတ်ပါလား။

"တကယ်ဆို အရင်ကတည်းက ပွင့်ပွင့်လင်းလင်း ဖွင့်ပြောသင့်တာ မဟုတ်လား ခုတော့ ကျွန်မလူတွေ အကုန်ဆုံးရှုံးကုန်ပြီ"



ဗျူဟသည် အံ့အားတသင့် ငေးကြောင်နေဆဲ။ ကောသရီအား ရိပ်မိသလိုလို ရှိပေမဲ့ သူမယုံမရဲဖြစ်နေသေး၏။ ကောသရီသည် မျက်ဝန်းချင်း ဆုံအောင်တည့်တည့်စိုက်ကြည့်သည်။ နှုတ်ခမ်းများတွင် အပြုံးရိပ်တို့ ထင်ဟပ်နေ၏။

"ကျွန်မရဲ့ သဘောထားကို အခုထိ မသိသေးဘူးလား"

အဓိပ္ပာယ်ကောက်လွဲစရာ မရှိတော့။ ဗျူဟမျက်နှာတွင် အပြုံးရိပ် ထင်လာ၏။ ဝမ်းသာအားရဖြင့် ကောသရီကို နမ်းရန် ကြိုးစားသည်။ ကောသရီက သူ့လက်များဖြင့် သူမမျက်နှာကို ကာထားလိုက်၏။ လက်ချောင်းများကြားမှ သူ့ကိုခိုးကြည့်ရင်း ပြောလာ၏။

"နေဦး အလောမကြီးပါနဲ့လေ ကျွန်မရှင့်ကို ပြုစုပါရစေဦး"

ဟု သူမက မူနွဲ့နွဲ့ဆိုလိုက်၏။ ဗျူဟ သဘောအကျကြီးကျသွားသည်။ တဟေးဟေးရယ်၍ သူ့ခန္ဓာကိုယ်ကို ပြန့်မတ်လိုက်သည်။

ကောသရီသည် သလွန်ပေါ်မှ ဖြည်းညှင်းစွာထလာ၏။ တလှမ်းချင်း လျှောက်သွားသည်။ တစ်နေရာတွင်ရပ်ပြီး တစ်စုံတစ်ခုကို ယူသည်။ ပြီး သူ့ကို ညှို့နွဲ့စွာ လှမ်းကြည့်ပြီး ပြုံးပြလေ၏။

ကောသရီလက်ထဲတွင် သေရည်တကောင်းတစ်လုံးပါလာသည်။ တကောင်းထဲမှ သေရည်ကို ခွက်ထဲသို့ အသာအယာလောင်း

www.burmeseclassic.com



ချ၍ နှုတ်ခမ်းတွင် သေရည်ခွက်ကို တေ့ပေး၏။

"သောက်လိုက်ပါ၊ ဒါမှ ရှင့်စိတ်တွေ ပေါ့ပါးလာမှာ"

ဗျူဟာ အကျေနပ်ကြီး ကျေနပ်သွားသည်။ ကြည့်စမ်း မိန်းမတွေ၏ စိတ်သဘောကို မစောကြောတတ်ခဲ့တာ သူ့မှားတာပဲ။ စောစောက ကြိုသိခဲ့ရင် ဒီလောက်ခက်ခက်ခဲခဲ စွန့်စားစရာမလိုဘူးဟု တွေးရင်း သေရည်ကို ဝမ်းသာအားရ သောက်လိုက်သည်။

သူသည် သေရည်တစ်ခွက်ပြီးတစ်ခွက် အဆက်မပြတ် သောက်နေမိသည်။ ကေသရီထံမှ မွှေးရနံ့တစ်မျိုးကို ရနေသည်။

သူ အတော်ပင်တွေလျက်ရှိနေပြီ။ အမြင်တွေ ဝေဝါးလာပြီ ကေသရီကို သဲသဲကွဲကွဲ မမြင်ရတော့။

"ဟောဒီ လေသာပြတင်းကနေ အပြင်ကို လာရှုစားလှည့်ပါဦး အမောင်ရဲ့ လေကလေးတွေ ဖြူးဖြူးတိုက်လို့ စိတ်ချမ်းသာစရာကောင်းလိုက်တာကွယ်"

ကေသရီ၏ ချိုသာသော အသံကိုကြားရသည်။ ရှင်းသန့်သောအလှကို ဝိုးတဝါးမြင်နေရသည်။ လေသာပြတင်းနားသို့ သူလှမ်းလာမိသည်။ ထိုနေရာကို ရောက်ဖို့ အတော်ကြိုးစားအားယူပြီး လျှောက် ရသည်။

လေသာပြတင်းနားသို့ ရောက်လာလေပြီ။ နူးညံ့သော လက်တစ်ဖက် သူ့ပုခုံးထက်ဆီသို့ ထိတွေ့လာ၏။ ရင်ထဲတွင် လှိုက်



ကနဲ။

"ကဲ... ဟယ်"

အားပါသော တွန်းကန်မှု။ လေဟာနယ်ထဲ ခန္ဓာကိုယ်သည် လွင့်ခနဲ။

ပြီးပါပြီ

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၆)

အိမ်သို့ ပြန်လာရာလမ်းတွင် သူ့အတွက် စဉ်းစရာတွေ ပြည့်နှက်၍နေ၏။

ဗျူဂုပြောခဲ့သော အကြောင်းများကို သူ ပြန်တွေးမိသည်။ ဗျူဂုဟာ ခြသေ့်၏ နက္ခတ်ပုံဆောင်ယူထားတဲ့အတွက် သူ့ကိုဘယ်သူမှ ထိခိုက်အောင်လုပ်လို့ မရဘူး။ ဒါပေမယ့် ကေသရီက သူ့ကို ထိခိုက်အောင်လုပ်နိုင်ခဲ့တာပဲ။

ဒီအတိုင်းဆို လူသားတွေရဲ့အစွမ်းဟာ ကံကြမ္မာနက္ခတ်ကို လွှမ်းမိုးနိုင်ပါလား။

"အဓိကက သူ့ရဲ့ အားကြီးနေတဲ့ ကံကြမ္မာနက္ခတ်ကို ပြောင်းလဲပစ်နိုင်ဖို့ပဲ၊ ကျွန်မတော့ ယုံကြည်နေတယ် သူကျရှုံးတော့မှာ ကျွန်မရွတ်လိုက်တဲ့ မန္တန်ကြောင့် သူ့ရဲ့



နောက်ဆုံးချိန် ကို ရောက်လာတော့မှာ"

ကေသရီပြောခဲ့ဖူးသော စကားကို ပြန်ကြားယောင်မိသည်။ ကျွန်ုပ်သည် တစ်စုံတစ်ရာကို နားလည်လိုက်သည်။ ယခု ကျွန်ုပ် ဘာလုပ်ရမည်ကို ကောင်းကောင်းသိခဲ့ပြီ။

ကျွန်ုပ် သွားနေရာမှ ရပ်ကာ နောက်ကိုပြန်လှည့်လာခဲ့သည်။ ကျွန်ုပ်သည် မည်သည့်အကြောင်းကြောင့် မည်သည့်နေရာကို သွားနေမှန်းပင် ရေရေရာရာ မသိသလို ဖြစ်နေသည်။ ကြောက်မက်ဖွယ်ကောင်း၍ ရှုပ်ထွေးလှသော အခြေအနေတစ်ရပ် မကြာမီ ဖြစ်တော့မည် ဟူသော အသိမှတစ်ပါး အခြားဘာမှ မသိသည့်နယ် ဂမူးရှူးထိုး ဖြစ်လျက်ရှိသည်။

ခြေလှမ်းကျဲကျဲကြီးများဖြင့် ဂမူးရှူးထိုးလျှောက်လာသော ကျွန်ုပ်ကိုမြင်လျှင် တံခါးဝတွင် စောင့်နေကြသော ရဲမက်တွေ အသာတကြည်ပင် ဖယ်ပေးကြသည်။ ဘုရင် ဗျူဂု၏ မိတ်ဆွေဆိုတာ သိကြသည်ထင်၏။

ဘုရင်ဗျူဂုသည် ကျွန်ုပ်ကိုမြင်လျှင် အံ့အားတသင့်ဖြစ်သွား၏။

"ဟင်… ဘာဖြစ်လို့လဲ ဘာလို့ပြန်လာတာလဲ"

"အရေးတကြီး ပြောစရာရှိလို့ပါ"

"ဘာကိစ္စလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သူ့အနား တိုးကပ်သွားလိုက်သည်။ သူသည် ကျွန်ုပ်ထံမှ အရေးတကြီး သတင်းများကြားရတော့မည် အထင်ဖြင့် ကျွန်ုပ်နားသို့ ကိုင်းကာ အလေးအနက် နားထောင်၏။

ကျွန်ုပ်သည် ရလာသော အခွင့်အရေးကို လက်လွှတ်မခံ တုန့်ဆိုင်း၍မနေတော့ပဲ သလွန်ပေါ်ရှိ သူ၏ သန်လျက်ကိုဆွဲယူကာ သူ့အား တအားခုတ်ပိုင်းလိုက်မိလေတော့၏။

နာကျင်စွာ အော်ဟစ်၍ သူ ဒူးထောက်လဲကျသွားသည်။ ကျွန်ုပ်သည် သူ့ခါးကြားမှ တံဆိပ်တော်ကို ယူ၍ ဖွင့်ထားသော ပြတင်းဝမှ ကျော်၍ အောက်သို့ အသာအယာခုန်ဆင်းချလိုက်၏။

ညာသံပေး၍ လိုက်လာကြသော ရဲမက်များ၏ အသံကို ကျွန်ုပ် ဂရုမထားအား။ အချုပ်ခန်းတွေရှိရာဆီ ရောက်အောင် အားသွန်ခွန်စိုက်ပြေး၏။

ကံကောင်းထောက်မစွာပင် ကျွန်ုပ်လက်ထဲမှ တံဆိပ်တော်ကိုပြလိုက်သောအခါ အချုပ်ခန်းထဲသို့ အလွယ်တကူဝင်ခွင့်ရခဲ့လေ၏။

"ထိပ်ထားလေးကို ဘယ်မှာ ချုပ်ထားလဲ"

ကျွန်ုပ်က အစောင့်တစ်ဦးကို မေးလိုက်သည်။ အစောင့်ရဲ့ မက်က အချုပ်ခန်းတစ်ခုကို ညွှန်ပြသည်။

ထိုနေရာသို့ ကျွန်ုပ်အပြေးသွားလိုက်သည်။ ကျွန်ုပ်ကို မြင်



သောအခါ ကေသရီသည် အံ့သြဝမ်းသာသွားလေ၏။

"မောင်ကြီး"

ကျွန်ုပ်သည် အချုပ်ခန်းတံခါးဖွင့်ပြီးသောအခါ တံခါးဖွင့်ပေးသော ရဲမက်ကို သတိမေ့အောင် ခေါင်းကို ခပ်ဆတ်ဆတ်လေး ရိုက်လိုက်၏။

"ဘာမှ မပြောနဲ့တော့ ကေသရီ အချိန်မရှိဘူး မောင်ကြီး နောက် အမြန်လိုက်ခဲ့"

ကေသရီသည် ကျွန်ုပ်၏ အခြေအနေကို နားလည်ဟန်ဖြင့် အချုပ်ခန်းတွင်းမှ သုတ်သုတ်ထွက်လာ၏။ ကျွန်ုပ်သည် ကေသရီ လက်ကိုဆွဲ၍ ထွက်ပြေးရန် ပြင်မိသည်။

"ခဏလေး မောင်ကြီး"

ဘာလဲဟူသော အမေးမျိုးဖြင့် ကျွန်ုပ်က ကေသရီကို လှမ်းကြည့်မိသည်။

"ဟို… အစ်ကိုတော်တုရားကို ဒီထဲမှာ ချုပ်ထားကြတယ်၊ အစ်ကိုတော်ကို ကယ်ပေးပါဦး မောင်ကြီးရယ်"

"ဟုတ်လား ဘယ်မှာချုပ်ထားတာလဲ"

"ဟိုဘက်မှာ"

ကေသရီညွှန်ပြရာသို့ ကျွန်ုပ်တို့ အပြေးကလေး လာခဲ့ကြသည်။ အချုပ်ခန်းတွင် ပိန်လှီနွမ်းဖျော့နေသော ဘုရင်ကြီးရကိုတွေ့

www.burmeseclassic.com



လိုက်ရ၏။

ကျွန်ုပ်သည် အချုပ်ခန်းတံခါးကိုဖျက်၍ အထဲဝင်ကာ ဩရကို တွဲခေါ်လိုက်သည်။

ဩရသည် ကျွန်ုပ်တို့ကို မြင်သောအခါ ဝမ်းသာလုံးစို့ပြီး မျက်ရည်များ စီးကျလာသည်။

"ဖြစ်ရလေ အစ်ကိုတော်ရယ်"

ကေသရီသည် မချိတင်ကဲ ရေရွတ်သည်။

ကျွန်ုပ်နှင့် ကေသရီသည် ဘုရင်ဩရကို တစ်ဖက်တစ်ချက် ဓိမ့်တွဲ၍ အချုပ်ခန်းအပြင်သို့ ထုတ်လာ၏။

အစောင့်ရဲမက်များသည် ကျွန်ုပ်လက်ထဲမှ ဘုရင့်တံဆိပ်တော်ကြောင့် ဘာမှမလုပ်ရဲပဲ သည်အတိုင်း ရပ်ကြည့်နေကြလေ၏။

ကျွန်ုပ်တို့သည် နန်းတော်အနောက်ဖက် တံခါးဆီသို့ ဦးတည် ပြေးလာခဲ့ကြသည်။

ရင်စို့စရာမြင်ကွင်း ကျွန်ုပ်တို့ရှေ့တွင် ဆီးကြို၍နေလေပြီ။ နန်းတော်အနောက်ဖက်တံခါးမကြီး ပိတ်ထားပါလား။ ကျွန်ုပ်တို့တွင် ပြေးစရာ လမ်းမရှိတော့။ အနောက်တွင် တပ်ချီလာသော ရဲမက်စစ်သည်များ။

ဓါးလှံကိုင်ထားသော ရဲမက်များသည် ကျွန်ုပ်တို့အား ဝန်းရံလိုက်ကြ၏။ ဘုရင်ဩရသည် ကျွန်ုပ်ခန္ဓာကိုယ်ကို မှီတွယ်ထားရာမှ



အားပျော့၍ မတ်မတ်ရပ်လိုက်သည်။ သူသည် ဝိုင်းရံထားသော ရဲမက်များကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်၏။

"ဟေ့… ရဲမက်တို့ မင်းတို့ရဲ့ အရှင်သခင် အစစ်က ဘယ်သူလဲ၊ ဘယ်သူ့အပေါ်မှာ သစ္စာရှိမှာလဲ"

အောင်မြင်ထည်ဝါသော အသံကြီးဖြင့် ပြောလိုက်ရာ ရဲမက်အုပ်ကြီးသည် ချက်ချင်းငြိမ်ကျသွားသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

တွေဝေငြိမ်သက်သွားကြ၏။

ထိုအခိုက် အဝေးဆီမှ မြင်းတစ်စီး နှင်လာသည်ကို တွေ့ရ၏။ အနီးရောက်မှ သူ့မျက်နှာကို သဲခွဲတော့သည်။

တပ်မှူးကြီးသူရ။

"ဟေ့ အားလုံး ရပ်ကြစမ်း မှားကုန်မယ်"

သံကုန်ဟစ်အော်ကာ သူသည် မြင်းပေါ်မှ အလောတကြီး ဆင်းလာ၏။ ဘုရင် ဩရရှေ့တွင် ဒူးထောက်ကာ ခစားလိုက်သည်။

"ဘုရင်ဗျူဟ ကျဆုံးပါသွားပါပြီ၊ အရှင်ပဲ ထီးနန်းကို သိမ်းယူတော်မူပါ"

ရုတ်တရက် အားလုံးငြိမ်ကျသွားသည်။ အားလုံးမှာ ငေးခနဲ။

တပ်မှူးကြီးသူရသည် ရဲမက်များဘက်သို့ မျက်နှာမူလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကာ···

"ငါတို့ရဲ့ ဘုရင်မင်းမြတ်အတွက် ဆုတောင်းပြဿနာပေးကြ ဆောင်"

ဟု ဟစ်အော်ပြောလိုက်လေ၏။

"ဘုရင်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ"

ရဲမက်များသည် တစ်ဦးချင်း လက်ကိုဆန့်တန်းလျက် ဟစ်ကြွေးလိုက်သော အသံများ တခဲနက်ပျံ့လွင့်လာ၏။

ဆားကနားထောင်ရသူ ကျွန်ုပ်ပင် ကြက်သီးဖျန်းဖျန်း ထမိ သည်အထိ ဝမ်းသာကြည်နူးမိရသည်။

ရဲမက်များသည် ရင်ထဲမှ လှိုက်လှဲစွာ သံကုန်ဟစ်ကြသော အသံများသည် နားထောင်သူ ကျွန်ုပ်တို့ကို မဆိုထားဘိ နံဘေးရှိ သစ်ပင်သစ်ခက်များပင် အံ့ဩချီးမွမ်း လှုပ်ယမ်းပြကြရတော့သည်။

ခုတော့ ကျွန်ုပ်တို့အားလုံး အပြုံးကိုယ်စီဖြင့်။ လောက ကြီးသည် ချမ်းမြေ့ဖွယ် ကောင်းလိုက်ပါဘိ။

# သင့်မှာ ဝမ္ဗီရဆန်တဲ့ ထူးထူးခြားခြားဖြစ်ရပ်မျိုး ကိုယ်တွေ့ကြုံဖူးတာများ ရှိပါသလား

အဲဒီလိုမျိုး အံ့ဩဘနမ်းအကြောင်းအရာတစ်ခုခုရှိခဲ့ရင် အောက်ပါလိပ်စာသို့ ပို့ပေးပါ။

ပေးပို့လာသမျှထဲက စိတ်ဝင်စားစရာအကောင်းဆုံး ဖြစ် ရပ်တို့ကို ···

စာရေးဆရာသင်တိုင်းညိုက စုစည်းရေးသားမယ်။

ဆရာဒဿကျော်စွာက ကြီးကြပ်တည်းဖြတ်မယ်။

ပြီးရင် ပရိသတ်ဆီအရောက် ပြန်လည်ဖြန့်ချိပေးပါ မယ်။

အဲဒီလို ပေးပို့သူတိုင်းကို စာတိုက်ကနေတဆင့် စာအုပ် လက်ဆောင်ပို့ပေးမှာဖြစ်သလို သူ့အဖြစ်တို့ကို ဓာတ်လမ်းဆင် ရေးသားဖြစ်ရင်လည်း နာမည်၊ ဓာတ်ပုံနဲ့တကွ မှတ်တမ်းတင် ဖော်ပြပေးပါ့မယ်။

··· တစ်ခုတော့ရှိပါတယ်။

ပေးပို့လာတဲ့အဖြစ်တွေဟာ ဆန်းကြယ်ရမယ်၊

ကိုယ်တွေ့ (သို့) တကယ်ဖြစ်ခဲ့တာ ဖြစ်ရပါမယ်။

ဖြစ်ပျက်ခဲ့သမျှ အသေးစိတ်ကို လျှောက်လွှာစာရွက်နဲ့ ရေးသားပေးပို့ပါ။ အဓိကလိုအပ်တာကတော့ ···

- ဘယ်နေရာမှာ
- ဘယ်တုန်းက
- ဘယ်သူတွေ

www.burmeseclassic.com

www.burmeseclassic.com

- ဘာဖြစ်ခဲ့တာလဲ
- ဘယ်လို ထူးခြားသလဲ

ဆိုတဲ့ အချက်တွေပါပဲ။

ဝတ္ထုလို ဖတ်ကောင်းအောင်ရေးပေးဖို့ မလိုပါဘူး။ တကယ်စစ်စစ်မှန်မှန်ဖြစ်ခဲ့တာကို တိတိကျကျဖော်ပြပေးဖို့ပဲလို ပါတယ်။ ဓာတ်ပုံ (သို့) အထောက်အထားတွေပါရင်ပိုကောင်း ပါတယ်။

အထက်မှာဖော်ပြခဲ့သလို စာရေးဆရာသင်တိုင်းညိုက ဇာတ်လမ်းပြန်ဆင်ပြီး ရေးသားပါလိမ့်မယ်။

ပြီးတော့ စာအုပ်တွေထဲက ကူးယူဖော်ပြတာမျိုးလဲ မလုပ်စေချင်ပါဘူး။ ဒီစာအုပ်တွေအတွက် ကျွန်တော်တို့ ပေး ထားတဲ့ခေါင်းစဉ်ကိုက **'ကိုယ်တွေ့ဂန္ထီရဝတ္ထုစဉ်'** လို့ ဖြစ်ပါ တယ်။

တကယ့်ကိုယ်တွေ့ကို လိုချင်တာပါ။ တကယ့်အဖြစ် ဟာ စိတ်ကူးယဉ်ထက်ဆန်းကြယ်တယ်လို့ ဆိုကြတယ်မို့လား။

ပေးပို့လိုသူများအနေနဲ့ ...

စာတိုက်သေတ္တာအမှတ် ၃၁၅ ဒါမှမဟုတ်

**dasakyawswar@gmail.com** ဆီပို့နိုင်ကြပါ တယ်။ ဒီလိုပို့ပေးတဲ့နေရာမှာ နာမည်ရယ်၊ ဓာတ်ပုံတစ်ပုံ၊ မှတ်ပုံ တင်နံပါတ်နဲ့ နေရပ်လိပ်စာအပြည့်အစုံရယ်တော့ ဖော်ပြပေး စေလိုပါတယ်။

လိပ်စာက စာအုပ်လက်ဆောင်ပေးဖို့ဖြစ်ပြီး

နာမည်ရယ် ဓာတ်ပုံရယ်ကိုတော့ (အဲဒီသူပေးပို့တဲ့ အဖြစ်အပျက်ကို ဇာတ်လမ်းဆင်ရေးသားဖြစ်ရင်) စာအုပ်ရှေ့ဆုံး မှာ ဂုဏ်ယူစွာ မှတ်တမ်းတင်ဖော်ပြပေးချင်လို့ ဖြစ်ပါတယ်။

# ပရိသတ်ကြီးသို့ ...

ကျွန်တော့် ဝတ္ထုတွေကို နှစ်သက်အားပေးကြတဲ့အတွက်

အထူးပဲ ကျေးဇူးတင်မိပါတယ်။

ဒီနေရာမှာ သတင်းလေးတစ်ခု ပေးချင်လို့ပါ။

ကျွန်တော် ကလောင်ခွဲတွေနဲ့လဲ ရေးပါတယ်၊

မတူညီတဲ့ရသကို ပေးချင်လို့ ဖြစ်ပါတယ်။

အများသိတဲ့ ပင်ရင်းကလောင် **ဒဿကျော်စွာ** ကတော့

ဘယာနကရသကို အဓိကပေါ်လွင်အောင် ရေးတာပါ။

**ဒိဗ္ဗကျော်စွာ** ဆိုပြီးလည်း ရေးပါသေးတယ်၊

တကယ့်အဖြစ်မှန် ဂန္ထီရနဲ့ လျှို့ဝှက်သဲဖိုလိုင်းပေါ့။

**ဒတ္တကျော်စွာ** ဆိုပြီးတော့

သမိုင်းအကျော်ရှိဆန်းဆန်းဇာတ်လမ်းမျိုးတွေ ရေးပါတယ်။

ထူးခြားအံ့ဩဖွယ်နဲ့ စွန့်စားခန်းကို ရောမွှေထားပါတယ်။

**သိဒ္ဓိကျော်စွာ** ဆိုတဲ့ ကလောင်အမည်နဲ့တော့

ဝေဒင်စာအုပ်တွေ အဓိကရေးပါတယ်။ လောကီပညာအကြောင်း

ဝတ္ထုတွေလည်း အဲဒီနာမည်နဲ့ တစ်ခါတလေ ရေးပါမယ် ခင်ဗျား။

အဲဒီနာမည်တွေကလွဲရင် **လုံးဝ တကြောနာမှုမိအသုံး**

တော့ကြောင်းပါ။ ဆင်တူယိုးမှားရှိရင်လည်း သတိပြုပေးပါနော်။

www.burmeseclassic.com